www.burmeseclassic.com

စီစဉ်သူ - လက်ဝဲကျော်

မျက်နှာဖြင့်ရုံနဲ့ မှတ်မိတဲ့သီချင်း

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် — ၅၀၁၀၈၇၀၇၀၉
အဖုံးခွင့်ပြုချက်အမှတ် — ၅၀၁၁၂၂၀၈၀၉

ထုတ်ဝေသူ
ဦးချစ်ညွန့် (ဇင်ရတနာစာပေ)
၂၀၅(က/၄)၊ မြို့သစ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ
ဦးကြည်ဇင် (လဲ့လဲ့မွန်ပုံနှိပ်တိုက်)
အမှတ် (၁၅၈)၊ (၄၅) လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။

ထုတ်ဝေသည့်ခုနှစ်
၂၀၁၀ ခုနှစ်၊ ဧပြီလ (ပထမအကြိမ်)

အုပ်ရေ — ၅၀၀
တန်ဖိုး — ၂၀၀ ကျပ်

၈၉၅.၈၃
တိုးနောင်မိုး
မျက်နှာမြင်ရုံနဲ့ မှတ်မိတဲ့သီချင်း / တိုးနောင်မိုး - ရန်ကုန်။
ဇင်ရတနာစာပေ ၊ ၂၀၁၀ ။
၁၉၈ - စာ ၊ ၁၃ × ၂၀ စင်တီ။
(၁) မျက်နှာမြင်ရုံနဲ့ မှတ်မိတဲ့သီချင်း

# တိုးနောင်မိုး

# မျက်နှာမြင်ရုံနဲ့ မှတ်မိတဲ့သီချင်း

www.burmeseclassic.com

www.burmeseclassic.com

## အိပ်မက်တွေကို ယုံလား…

ကျွန်တော်ကတော့ အိပ်မက်ကို ယုံတယ်။ ဖူးစာရေးနတ်ဟာ တစ်ခါတစ်ရံ အိပ်မက်ထဲကို ဝင်ပြီး၊ ဇာတ်ညွှန်းခွဲတယ်ဗျ။ ကျွန်တော့်ချစ်သူကို အိပ်မက်က လက်ညှိုးထိုးပြတယ်ဆိုရင် ယုံမလား။

အထူးအာရုံသိခြင်းဆိုတာတွေ ဘာတွေတော့ နားမလည်ဘူး၊ စာအုပ်ထဲ ဖတ်ဖူးမှတ်ဖူးတာပဲ သိတယ်။ အခုဟာက ထူးထူးဆန်းဆန်းအိပ်မက်ထဲမှာ ကျွန်တော့်ချစ်သူလို့သိလျက်နဲ့ အိပ်ရာကနိုးရင် ကျွန်တော့်ချစ်သူရဲ့မျက်နှာကို မမှတ်မိတော့တာပဲ။

သေချင်စော်နံလောက်အောင် ခက်တဲ့ သင်္ချာပုစ္ဆာတွေကိုပဲ ပြေးတွက်ချင်လောက်အောင် အိပ်မက်က ပဟေဠိဆန်ဆန် ခင်းကျင်းသွားတာ။

အိပ်မက်ပေးတဲ့ ဖူးစာကို ရှာဖို့ဆိုတာထက်၊ မျက်နှာ မြင်ရုံနဲ့ မှတ်မိတဲ့သီချင်းဆိုရင် ပိုမှန်လိမ့်မယ်။ ဒါပေမယ့် အိပ်မက်က သီချင်းကို ကြားဖူးအောင် ဖွင့်မပြတာ ခက်တယ်။



ငွေရ စာပေ

www.burmeseclassic.com

www.burmeseclassic.com

ငါ့ကိုအိပ်မက်ကပုံသွင်းသွားတဲ့အခါ ,
အိပ်မက်ကျမ်းထဲ
ငါကဘာအဓိပ္ပာယ်နဲ့ငါ့နာမည်ကိုရှာတာလဲ။

၁။

ခင်း

ထဲက

ရန်ကုန်လှိုင်းလုံးကြီးများပေါ်တွင် သူ သိပ်ပျော်နေသည်။ ထိုနေရာအား အိပ်မက်ထဲတွင် ခဏခဏတွေ့ဖူးခဲ့သော်လည်း ဘယ်နေရာမှန်းမသိ၊ သူက နိုင်ငံခြားမှာ ဆယ်နှစ်လောက် နေခဲ့တော့ သူရောက်ဖူးတဲ့နေရာ တစ်ခုခုများလား။ ဒါလည်းမဟုတ်။

ကျေးငှက်တွေလည်း စုံလင်လို့။

သူ အခုမက်နေတဲ့အိပ်မက်က အဖြူအမဲ မဟုတ်ဘူး။ ရောင်စုံ။ သူနဲ့အတူ မိန်းကလေးတစ်ယောက်လည်းရှိတယ်။ သူမကလည်းပျော်လို့။ အိပ်မက်ဆိုတော့ သိတဲ့အတိုင်းပဲ၊ အိုးထရက်ဖို့ (၁) မှာ မန်ယူနဲ့မန်စီးတီး ဒါဘီပွဲလည်းကြည့်လိုက်သေးသည်။

ချစ်သူက ပဲရစ်ကိုသွားမယ်ဆိုလို့ မြေအောက် မီးရထားဘူတာရုံကို အမြန်သွားပြီး မှီရာလေယာဉ်ရဖို့ လေယာဉ်ကွင်းကို မီးရထားစီးခဲ့ရသေးသည်။ သူနဲ့အတူသွားရသောကြောင့် သူ့ချစ်သူက အတော်ပျော်နေသည်။

သူလည်း အတော်ပျော်နေသည်။

ပဲရစ်မှာသူတို့ လျှောက်လည်ကြ၏။ သူ့ချစ်သူကစတိုးဆိုင်ကြီးတွေထဲဝင်၍ ကြိုက်နှစ်သက်ရာကို ဝယ်သည်။ သူသတိထားမိတာ ပိုက်ဆံမပေးရ။ ပိုက်ဆံထုတ်လိုက်တိုင်း သူ့အိတ်ထဲမှာ ဒေါ်လာတွေ၊ ပေါင်တွေ အဲဒါတွေအပြင် အကြွေးသုံးကဒ်တွေလည်း



www.burmeseclassic.com

www.burmeseclassic.com



ပဲသုပ်မှုနေသည်။

တကယ်ဆို သူ့အိပ်မက်ထဲမှာ လျှောက်လည်နေတာ သုံးလေးရက်တော့ ကြာနေပြီ။

ဒီကနေ ဘယ်ကိုသွားရမလဲ စဉ်းစားတော့ သူ့ချစ်သူက

"ကိုကို. . . မော်စကို သွားရအောင်၊ အဲ့ဒီမှာ နှင်းတွေကျတာ ချစ် ကြည့်ချင်တယ်၊ ပြီးတော့ နှင်းလျှောစီး မယ်လေ၊ အဲဒီကမှ တရုတ်ပြည်ကို သွားမယ်၊ ဟုတ်ဘူးလား"

ရင်ထဲမှာ ချစ်သူအသံက ချိုလို့။

နိုင်ငံခြားသူအတွဲတွေက သူတို့အတွဲကို ကြည့်သွားကြသည်။ သူတို့အတွဲကို နှုတ်လည်းနှုတ်ဆက်သည်။ နှုတ်ဆက်တဲ့သူတွေက သူ့ပတ်ဝန်းကျင်က လူတွေလိုပဲ။ ဒါပေမယ့် သူဂရုမစိုက်ဘူး။ သူနဲ့ သူ့ချစ်သူ ရုရှားတွင် နှင်းလျှောစီးကြသည်။ မုန့်တွေဝယ်စားကြသည်။

ဤကဲ့သို့ ချစ်သူအရသာမျိုး သူတစ်ခါမှ မကြုံခဲ့ရဖူးဘူး။

"ကိုကို"

သူ့ချစ်သူက သူ့ကို ကိုကိုဟုခေါ်သည်။ သူကလည်း သူ့ချစ်သူကို 'ချစ်' ဟု ခေါ်၏။

"ဘာလဲချစ် ပြောလေ"

"ဟိုလေ"

"ဘာလုပ်ချင်လို့လဲ၊ ချစ်သဘော. . ."

"မာရီရာရှာရာဗိုဗာ တင်းနစ်ပွဲလေး သွားကြည့်ရအောင်"

"မသွားပါနဲ့ချစ်ရာ တင်းနစ်အားကစားကိုယ်က ဝါသနာမပါသလို နားလည်း မလည်ဘူး"

"အဲ့ဒါဆိုလည်း ချစ်မကြည့်တော့ဘူးနော်၊ ဂရိကို ဝင်ပြီး အာရှဘက်ပြန်တာပေါ့"





"အိုကေ"

သူက စကားမဆုံးခင်မှာပဲ **i-Phone** က သားစိုး နတ်ဒိုးဖြင့် တဖက်က ဆက်သွယ်ကြောင်း သတိပေးသည်။ သူ့ ဖုန်းသံကို နိုင်ငံခြားသားများ စိတ်ဝင်စားသွား၏။

သူက ဖုန်းကို နားထောင်လိုက်သောအခါ တယ်လီ ဖုန်းကို မြန်မာပြည် ပဲခူးတိုင်းအနောက်ဘက်ခြမ်း၊ ပြည်မြို့၊ ခေတ္တရာမြို့သစ်၊ ရွှေတံခါးအပိုင်း(၂) သူ့စပျစ်ခြံက ဆက်နေ ကြောင်းသိရသည်။

အသံက ခိုင်သစ်အသံ။

ဟုတ်သည်၊ ခိုင်သစ်အသံမှ ခိုင်သစ်အသံစစ်စစ်။ ဒီမှာ ပျော်နေတာ ဒီကောင့်အသံကြားမှ ပျော်နေသော အပျော်များတောင် ကျုံ့သွား၏။

"ပြော ခိုင်သစ်၊ ဘာကိစ္စလဲ"

"စပျစ်ပင်တွေ ပိုးကျနေတယ်"

"ဟာကွာ မင်းတို့ကို ဂရုစိုက်ခိုင်းရဲ့သားနဲ့၊ ဟိုကောင် ဦးကြီးရောရှိလား"

"ရှိသားပဲ၊ ပြည်ဖြိုးဇော်နဲ့ အောင်မျိုးဝင်းတောင် ရောက်နေသေးတယ်"

သူစိတ်တိုသွားသည်။

ကုလားဒိန်ရုပ်နဲ့ မျက်နှာရှစ်ခေါက်ချိုး စူပုတ်ပုတ် ကောင်တော့ လုပ်ပြီ။

"မင်းကို ငါမေးတာ အဲဒီကောင် ဂရုမစိုက်ဘူးလားလို့ မေးနေတာ"

"မင်းခိုင်းသလိုပဲလုပ်တာ၊ ဘာမှ ပိုမလုပ်ဘူး၊ သစ်ပင်တွေ ဆေးဒေါက်တာ ညီဇော်သီကတော့ အခုပဲ လာခဲ့မယ်လို့ အမီးမေး ထမ်းပို့တယ်"



www.burmeseclassic.com

www.burmeseclassic.com

သူထပ်၍ စိတ်တိုသွားပြန်သည်။ ချစ်သူက သူ့ကိုမော့ကြည့်၍ သူပြုံးပြသော်လည်း ရင်ထဲတွင် ဆူနာမီ၊ နာဂစ်နှင့်မီးတောင်အလုံးတစ်သန်းလောက် ပေါက်ကွဲသလို ခံစားနေရသည်။

သိန်းတစ်ထောင်မပေါက်ဘဲ ပြဿနာတစ်ထောင်လောက်ကို ဖြေရှင်းနေရသည်။ ခုကြည့် **Botany** ဘော်တနီနဲ့ကျောင်းမပြီးခင်ထွက်ပြီး၊ စိုက်ပျိုးရေးအကြောင်းတွေ စာအုပ်စုံအောင်ဖတ်၊ နားလည်သလို ဘာလိုလိုလုပ်နေတဲ့ကောင်က ရူပဗေဒဘက်ပြောင်းသွား၊ နောက်ပါးစပ်က စတီဗင်ဟော့ကင်း၊ သောမတ်ဖရီးမင်း ဆိုပြီးလေပစ်၊ အခြေအနေမဟန်တော့ ပေါင်းတလည်မှာ ကျူရှင်ပြစားတဲ့ကောင်ကို အရှုးထပြီး သစ်ပင်ကုတဲ့ဒေါက်တာဘွဲ့ခံနေတာ သိရဲ့သားနဲ့ခိုင်သစ် ကလှမ်းခေါ်သည်။

ဒါကို ဟိုသကောင့်သားက ဖုန်းဆက်ခေါ်ထဲက လာမယ်ဆိုရင်ပြီးရောပေါ့။ အခုတော့ အီးမေးပဲပို့ရသေးတယ်လို့။

မဖြစ်ချေ။ သူသွားမှ ဖြစ်မည်။

"အေး. . . အဲ့ဒါဆို ငါအခုလာခဲ့မယ်"

ဖုန်းပိတ်ပြီး၊ ချစ်သူ့မျက်နှာကြည့်လိုက်တော့ ဟိုဘက်လှည့်သွားပြီ။

"ကိုကို ကိုကို စပျစ်ခြံထဲကိုခဏ ပြန်လိုက်ဦး မယ်နော် ချစ်"

"ဘာချစ်လဲ၊ သြော်. . . အဲ့ဒီစပျစ်ပင်တွေနဲ့ပဲနေတော့"

"ချစ်ကလည်း အဲ့ဒီစပျစ်ခြံက ကိုကိုနဲ့ချစ်ရဲ့ ဘဝခရီးလေ"

"မရဘူး မရဘူး ချစ်ကတော့ ဂရိကို သွားမှာပဲ"

သူဘယ်လိုပြောရမှန်းမသိတော့။ သူ့စပျစ်ခြံကလည်း အရေးကြီးသည်။ သူ မပြန်လို့မဖြစ်။





ထိုစဉ် ဟမ်းဖုန်းထဲမှ သားစိုးနတ်ဒိုးက အသံထွက် လာပြန်သည်။

ချစ်သူကတော့ စိတ်ကောက်ပြီး ထွက်သွား၏။

တယ်လီဖုန်းနားထောင်လိုက်တော့ ခိုင်သစ်အသံ။ ဘယ်သူ့ကို ဒေါသထွက်ရမှန်းမသိတော့။

"လာခဲ့မယ်ကွာ. . . လာခဲ့မယ်"

"ဟေ့ ချစ်. . . နေဦး"

"ဟာ. . . ဟေ့ကောင် ခိုင်သစ်"

ဘာမှန်းမသိတဲ့စကားတွေနဲ့ သူ ဝလုံးဗထွေး အော်နေမိ၏။

သူအိပ်မက်ကလန့်နိုးတော့ သူ့စပျစ်ခြံထဲက ဘန်ဂလိုမှာ။ ချွေးတွေရွှဲလို့. . . .



www.burmeseclassic.com

www.burmeseclassic.com

အနာဂတ်ကို

အိပ်မက်ကမှီးလို့ရှာတော့

စိတ်ကပြေလို့ကိုယ်ကပျောက်နေပြန်...။



"ဘယ်

လို

ဖြစ်တာ

လဲ ကိုသက်ရာ အိပ်ကောင်းချိန်ဆို မင်း အမြဲတမ်း အဲလိုလုပ်ပြီ၊ နောက်ညကစပြီး ဟိုကောင် ပွဲကြီးတို့တဲ သွားအိပ်မှ"

ကျွန်တော့်ကို အိပ်ရေးပျက်လို့ဆိုပြီး ခိုင်သစ်က လှမ်း ဟောက်နေတာ။ ဒီကောင်က သိပ် အအိပ်မက်တဲ့ကောင်။ ကျွန်တော်ကလည်း အိပ်မက်ထဲကအတိုင်း လှမ်းခေါ်မိပုံရတယ်။

ချစ်သူနဲ့တွဲခဲ့တာကို ပြန်စဉ်းစားတော့ ချစ်သူ့ပုံရိပ်က မပေါ်တော့ပြန်ဘူး။

ဒီအိပ်မက်က အဲ့ဒီလိုပဲ။

တရေးနိုးရင် ချစ်သူမျက်နှာ မမှတ်မိတော့ဘူး။

နာရီကိုကြည့်လိုက်တော့ နံနက် ငါးနာရီထိုးနေပြီ။

ကျွန်တော်က အိပ်ရာထဲ ဆက်မတွေးဘဲ အိပ်ရာက ထလိုက်တယ်။ ခိုင်သစ်ကတော့ ခေါင်းမြီးခြုံပြီး ဆက်ကွေးလို့။ အိပ်ပါစေဟုဆိုကာ ကျွန်တော်မနှိုးဘဲ ခြံထဲဆင်းလိုက်တယ်။

ပွဲကြီးတို့တဲဘက်က နိုးနေပြီ။

ခွေးလေးတယ်ရီ ကျွန်တော့်နောက်က အမြီးနှံ့ပြီး လိုက်လာတယ်။ ပွဲကြီးတို့တဲနားမရောက်ခင်ထဲက ပွဲကြီးတို့တဲက ရှန်းနိုက လှမ်းဟောင်လို့။

ပွဲကြီးနဲ့ ခိုင်သစ်က ညီအစ်ကိုတော်တယ်။ ခွေးဖြစ်ကောင်

www.burmeseclassic.com

ကို ဒီနာမည်ပြောင်းပေးဖြစ်တာလည်း မန်ယူ-ချဲလ်ဆီး ပဋိပက္ခတွေနဲ့ ဆိုင်တယ်ဆိုပါတော့ ရွှန်းနီကတိုက်စစ်အားသန်တဲ့ကောင်၊ တယ်ရီကဗဟိုခံစစ်မှူး၊ ကဲ စဉ်းစားသာကြည့်ပေတော့။ ခိုင်သစ်က မန်ယူလေ။ ဒါကြောင့် သူ့ခွေးကို ရွှန်းနီတဲ့။

ပွကြီးကလည်း အားကျမခံ သူ့ခွေးကို တယ်ရီတဲ့။

အစ်ကိုနဲ့ညီ မတည့်သလို တယ်ရီနဲ့ ရွှန်းနီကလည်း သိပ်တည့်တာ မဟုတ်ဘူး။ ကျွန်တော်လည်း ဘောလုံးပွဲ ကြည့်ပါတယ်။ ဒါပေမယ့် သူတို့လောက်တော့ အသင်းစွဲမရှိဘူး။

"ဟာ. . . ကိုသက်နိုးပြီလား၊ လာ. . . ဒီမှာ ကောက်ညှင်းဆီထမင်းထိုးထားတယ်"

တဲထဲသို့ ကျွန်တော် ဝင်သွားတယ်။ ရွှန်းနီက အပြင်မှာ ကျန်ခဲ့တယ်။ ဒီပွကြီးတဲထဲမှာတော့ တယ်ရီရဲ့နယ်မြေလေ။ အိမ်ပေါင်း၊ အဝေးကွင်းခွဲသလို တယ်ရီအိမ်ကွင်းမှာတော့ ရွှန်းနီလန့်တယ်။

ကျွန်တော်က. . .

"မင်းတို့ နိုးတာကြာပြီလား"

"ကြာပြီ ကိုသက် ထမယောင်ခင်ထဲက နိုးနေတာ ရော့၊ ဒီမှာ ဆီထမင်း၊ ဒါ မနေ့က မြို့သစ်အိမ် ရောက်တော့ ကိုသက်အမေ အန်တီမြပေးလိုက်တဲ့ ငါးရံ့ ခြောက်ဖုတ်"

ကျွန်တော်က ကောက်ညှင်းဆီထမင်းနဲ့ ငါးရံ့ခြောက်ကိုစားရင်း တွေးမိတယ်။ ကျွန်တော် အော်တဲ့အသံ ဒီကတောင် ကြားရတယ်လို့။

"ပွကြီး မေမေ ဘာမှာလိုက်သေးလဲ"

"ဘာမှ မမှာပါဘူး၊ ဟင်းချက်စရာပဲ ဝယ်ပေးလိုက်တာ၊ သြော်. . . ကိုသက် ဟိုကောင် အောင်မျိုးဝင်းနဲ့ ပြည်ဖြိုးဇော် ဒီနေ့





သာလိမ့်မယ်"

"ဘာလာ ရှုပ်ဦးမှာလဲ"

"သူ့ကောင်မလေးတွေနဲ့ ဟင်းချက်စားမလို့တဲ့ ကျွန်တော်ကောင် ဟိုဘက်အစုထဲက ဗမာကြက်တစ်ကောင်မှာ ထားသေးတယ် မနက်မှ သွားယူမှာ"

ပွကြီးက ကျွန်တော်တို့ စားဖို့မှူး။ ခြံကိစ္စလည်း သူ့ပဲ အားကိုးနေရတာ။

အပြင်မှာတော့ အလင်းရောင်က နည်းနည်းလင်းလာတယ်။ သွားခြားတာက ထိုအိပ်မက် မက်ပြီးတိုင်း သတိထားမိတာ ဒါနဲ့ဆိုသုံး လေးခါရှိပြီ။ တယ်ရီနဲ့ရွှန်းနီ တည့်နေကြတယ်။

"ကိုသက်. . . စားပြီးရင် ကြောင်အိမ်ထဲသာ ထည့်ထားလိုက်၊ ရေတင်ပြီး စပျစ်ပင်တွေ ရေဖျန်းလိုက်ဦးမယ်"

"အေး. . . ဟိုကောင်သုံးကောင် မလာသေးဘူးလား"

"တော်ကြာရောက်တော့မှာပါ၊ ကျွန်တော် ရေတင်ပြီး စီစဉ်ထားလိုက်မယ်၊ ပန်းခင်းက ဒီကနေ့ အပွင့်ဆေးပက်မှာမို့လား"

"အေး . . . ဟေ့ကောင်ပွကြီး၊ မင်းရေစက်မောင်းရင် ဟိုကောင်ခိုင်သစ် နိုးလိုက်ဦး"

"ကျွန်တော် မနိုးချင်ဘူး၊ သူ့မန်ချက် အာကြီးကိုရှုံးပြီးထဲက ကိုက်ချင်နေတာ"

ပွကြီးက ကျွန်တော့်ကို ထိုသို့ပြောပြီး ထွက်သွားတယ်။ ခိုင်သစ် ကျွန်တော့်ဘန်ဂလိုလေးပေါ်က ဆင်းလာတာ လှမ်းမြင်လိုက်တယ်။ သူက ကျွန်တော်ရှိတဲ့ နေရာကို လျှောက်လာတယ်။

ကျွန်တော်နဲ့ နီးလာတော့. . .

"အိပ်ရေးဝပြီလား"

ပါးစပ်က ဆဲရေးတိုင်းထွာလျှက်. . .



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလုပ် အိပ်ရေးဝရမှာလဲ၊ အဲဒီအိပ်မက်သာ မင်းခဏခဏမက်ရင် ငါဘုန်းကြီးကျောင်းကို ပြောင်းအိပ်ရမှာပဲ"

ခိုင်သစ်က နဂိုရှုံ့မဲ့နေတဲ့ မျက်နှာထက်ပို ရှုံ့မဲ့ပြီးကျွန်တော့်ကို ဖြေတယ်။ အပြင် ဩကာသလောကကြီးမှာ လင်းချင်းနေပြီး၊ အာရုံဆွမ်းဘုန်းပေးပြီး ကိုရင်လေးတွေ သပိတ်တွေကို ဆေးနေကြတယ်။

ပြီးလျှင် နေ့လည်ဆွမ်းအတွက် သူတို့ ဆွမ်းခံထွက်ရဦးမည်။

ကျွန်တော် ဒီနေရာလေးကိုရောက်စက ဘုန်းကြီးကျောင်းလေးနဲ့ ဘေးကအစုလေးကလွဲပြီး ဘာမှမရှိ။ အဖေ နေမကောင်းဖြစ်နေလို့ နိုင်ငံခြားကပြန်လာဖြစ်တယ်။ ဒီရောက်တော့ အဖေနဲ့ တစ်လတောင် ပြည့်အောင် မနေခဲ့ရဘူး။ ဖေဖေက ကျွန်တော့်ကို မြို့ဟောင်းထဲမှာ ခြံတစ်ခြံဝယ်ထားတယ်တဲ့။ ဧက (၂၀) ကို ဆယ်ဧက, က ဘုန်းကြီး ကျောင်းကို လှူပစ်တာ။

ကျွန်တော်ခြံလေးရဲ့နေရာကို သွားကြည့်တော့အတော်ကိုကြိုက်နေပြီ။ သရေခေတ္တရာ မြို့ဟောင်းထဲရောက်နေတာ၊ ဆယ်ဧကဆိုတဲ့မြေက ဒီမှာဘာမှမဟုတ်ပေမယ့် ကျွန်တော်ဟိုမှာနေတုန်းကဆို သူဌေးပဲ။ ဖေဖေပေးတဲ့ ခြံလေးကို ကျွန်တော်ကြိုက်သွားတယ်။ နောက် ကြိုက်စရာတစ်ခုက ခြံထဲမှာ ပေ (၂၀)ပတ်လည်လောက်ကျယ်တဲ့ ရေကန်ဟောင်းလေးပါခြင်းပဲ။ အလယ်ကို ရှူးသွားတာ။ နောက်ဆုံးရေတွင်းလေးကတောင် ပေ (၂၀)-လောက်နက်တယ်။ တစ်နွေလုံး ရေခမ်းတယ်မရှိဘူး။

"ကိုသက် မင်းစားပြီးပြီလား"

"အေး. . . ပြီးပြီ၊ မင်း စားလေ၊ စားပြီး အခင်းထဲဆင်းလိုက်ဦး၊ ဟိုကောင်ပွကြီးတစ်ယောက်ထဲ. . ."





"မင်းဖို့ ကော်ဖီ"

"အေး. . . ဒါနဲ့နေဦး၊ ငါလန့်မအော်ခင်ထဲက မင်းနိုးဘာလား၊ လှမ်းအော်ပြီးမှ နိုးတာလား"

"မင်းကလည်း မင်းအော်မခေါ်ဘဲ ငါက နိုးပါ့မလား"

"မင်းကလည်း ဒါလေး မေးတာကို ဒေါချည်းပဲ"

"ဒေါချည်းပဲ မလုပ်နဲ့၊ မင်းအိပ်မက်က ဟိုတစ်ခါ မမက်ဘော့ထဲက ပြီးသွားပြီ အောက်မေ့တာ၊ အခုပြန်စပြန်ပြီ၊ ဘာလဲ အရင်လိုပဲ ကောင်မလေးမျက်နှာပုံ ဖော်လို့မရပြန်ဘူးမို့လား"

"အေး"

"မအေးနဲ့ဟေ့ကောင် တတ်သိနားလည်တဲ့ စိတ်ကျန်းမာရေးဆရာဝန်နဲ့ ပြကြည့်သင့်တယ်"

"မင်းက ငါ့ကို အရူးလို့ ပြောတာလား"

"မယုတ်မလွန်ဆိုရင်တော့ အဲဒီအဓိပ္ပာယ်ပဲ"

"နွားကောင်"

ခိုင်သစ်က ပထမဆုံးအပြုံးကိုပြုံးပြီး၊ စားတာသောက် တာသက်စသတ်ကာ စိုက်ခင်းထဲထွက်သွားတယ်။ ခပ်လှမ်းလှမ်းရောက်မှ. . .

"ကိုသက်ရေ ဆေးတွေယူလာခဲ့ဦး၊ နေပွင့်တာနဲ့ လုပ်ငန်းကြမယ်"

"စိတ်ချ မင်းသာ အဲဒီမှာကြည့်စီမံ၊ ငါကဒီက အပြီးအစီးသုပ်လာခဲ့မယ်၊ တော်ကြာဟိုကောင်တွေ အပင်ကို ရေဖျန်းနေဦးမယ်"

"အေးပါကွာ. . . စိတ်ချပါ"

ခိုင်သစ်နဲ့ ကျွန်တော်က ငယ်သူငယ်ချင်းတွေ။ ဒီကောင်က ငယ်ငယ်ထဲက လူအေး၊ လူရိုး၊ လူမှန်။ ကျွန်တော် ဟိုရောက်နေတော့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဆောင်ကျသွားတယ်။ ကျွန်တော် ပြန်ရောက်လာတော့ ကလေးသုံးယောက်ပင် ရနေပြီ။ ခိုင်သစ် မိန်းမ မိုးမိုးကလည်း ကျွန်တော်နဲ့ စိမ်းလှတဲ့သူမဟုတ်။

ခိုင်သစ်က တစ်ပတ်ကို နှစ်ရက်လောက်တော့ အိမ်ပြန်တယ်။

အလုပ်အားမှပါ။ သူတို့မိသားစုကို ဒီမှာခေါ်ထားဖို့ စဉ်းစားဘယ်။ ကလေးတွေကျောင်းအတွက် ခက်နေလို့၊ ဒီနှစ် ကျောင်းတွေပိတ်ရင်တော့ သူတို့မိသားစုကို ဒီမှာခေါ်ထားရမည်ဟု တွေးထားတယ်။

ကျွန်တော် ဒီခြံကိုစပြီး ခြံရှင်းပြီဆိုထဲက ခိုင်သစ်ကလိုက်ပြီး ကူညီပေးတာ။ သူညီပွကြီးဆိုလည်း ထိုနည်းလည်းကောင်းပါပဲ။

ကျွန်တော် ဒီခြံကြီးကို စိတ်ဝင်စားတာလည်း ထူးတော့ ထူးဆန်းတယ်။

အရင်ဖေဖေပြောတော့ သိပ်ပြီးစိတ်ဝင်စားလှတယ် မဟုတ်ဘူး။ ဖေဖေဆုံးပြီး ဟိုမပြန်တော့ဘဲ ဒီမှာပဲနေရတော့ မယ်ဆိုတော့ ကျွန်တော် အလုပ်လုပ်နိုင်ဖို့ စဉ်းစားရတော့တယ်။

အဲဒီမှာ သစ်ပင်စိုက်ပင်တွေ ဝါသနာပါတဲ့ ခိုင်သစ်နဲ့ စကားစပ်မိပြီး၊ ဒီခြံကို လာကြည့်တာ။ အဲ့ဒီကနေ စပျစ်စိုက်ဖို့ အကြံရခဲ့တယ်။ ရေတွင်းလေးတွေ၊ သစ်ပင်ကြီးတွေနဲ့စိတ် ကူးယဉ်ပြီး ခိုတယ်လေးတစ်ခုဖွင့်ဖို့အထိ ကျွန်တော် စိတ်ကူးယဉ်ခဲ့တယ်။ အခုထိတော့ ခြံလုပ်ငန်းကို အောင်မြင်အောင် မနည်းလုပ်နေရတုန်း။

ဒီခြံကိုခြံရှင်းပြီး အဆောက်အဦးဆောက်မှ ကျွန်တော် အိပ်မက်တစ်ခုကို ခြေကုတ်ယူပြီး မက်ခဲ့တယ်။ ကျွန်တော်က အိပ်မက်ကို အစအဆုံးမက်ခဲ့တာ မှတ်မိပေမယ့် ကျွန်တော့် ချစ်သူဆိုတဲ့ ကောင်မလေးကို လုံးဝမမှတ်မိဘူး။





"ကိုသက်ရေ. . . လာဟ"

ခိုင်သစ် လှမ်းခေါ်တဲ့အသံ။

ဆေးဖျန်းဖို့ ပုံးယူပြီး ပွကြီးတဲက ထွက်လာခဲ့တယ်၊ မိုးအခင်စင်လင်းနေပြီ။ နေရောင်ခြည်ဟာ လောကတစ်ခုလုံးကို ရွှမ်းစိုအောင် ဖျန်းပက်ထားတယ်။ ကျွန်တော့်ခြံထဲက စပျစ်ပင်များနဲ့ ပန်းပင်တွေပေါ်မှာလည်း နေရောင်ခြည်ဟာ ခြေဖွလျှောက်လို့။

"မင်းကလည်းကွာ. . . ဘာလုပ်နေတာလဲ"

"မင်းခေါ်တော့ လာမလို့လုပ်နေတာပေါ့ကွာ. . . မင်းကိုက လောနေတာ"

"လောတာမဟုတ်ဘူး ဟကောင်ရေ မင်းကောင် သစ်ပင်ကုဘဲဆရာဝန်ဂျပု ကျူရှင်ဆရာတစ်ဝက် ဖားတစ်ပိုင်း ငါးတစ်ပိုင်း ကောင်ရောက်လာမှ လျှောက်ဟောက်နေဦးမယ်"

ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် စပျစ်ခင်းကိုဆေးဖျန်းနေကြတယ်။ ပွကြီးတို့ကတော့ ပန်းခင်းထဲက တက်မလာသေးဘူး။ ဒီကောင်တွေ တက်လာရင် ကျွန်တော်တို့က ပြီးနေမှဖြစ်မှာ။

အဲဒီအချိန်မှာ ခြံရှေ့က ခွေးဟောင်သံ ကြားရတယ်။

အောင်မျိုးဝင်းတို့အဖွဲ့တွေ လာပြီလား မသိဘူး၊ ခိုင်သစ်က ကျွန်တော့်ကို လှမ်းပြောတယ်။

ပန်းခင်းထဲက ပွကြီးခြံရှေ့ဘက် ထွက်သွားတာတွေ့လိုက်ပြီ၊ ခဏကြာသောအခါ ကျွန်တော်ကို လှမ်းခေါ်တဲ့ အသံကြားလိုက်ရတယ်။

ဘယ်သူများပါလိမ့်။

ညှို့သည်များလားဟု တွေးကာ ကျွန်တော်အိမ်ရှေ့ကို လှမ်းကြည့်လိုက်တော့ ညီမလေး မေလွင်စိုးဖြစ်နေတာ တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

စိတ်ထဲမှာ တန်းသိလိုက်တယ်။ မေမေဘာများ ဖြစ်ပါလိမ့်။

"ညီမလေး. . . မေမေ ဘာဖြစ်လို့လဲ"

"ကိုသက်ဆီကို လှမ်းဖုန်းဆက်တယ်၊ မကိုင်လို့ လိုက်လာတာ၊ ကြီးကြီးရယ် နေမကောင်းဘူး"

ပွကြီးက. . .

"မနေ့တုန်းက ငါ့တောင် ဈေးလိုက်ဝယ်ပေးသေးတယ်"

"ညကမှ ကောက်ကာငင်ကာဖြစ်တာ"

"သွေးတွေဘာတွေတိုးလား မသိဘူး၊ ဆေးခန်းပြပြီးပြီလား"

"ညကတော့ ဦးသိန်းကြီး ခေါ်ပြထားတယ်. . . ဆေးတစ်လုံးတော့ ထိုးပေးတယ် ကိုသက်ရဲ့"

"အိမ်မှာ ဘယ်သူရှိလဲ"

"သီရိအောင်တော့ ရှိတယ်" .

"အဲဒါဆို နင်ပြန်လိုက်. . . ငါအခုပဲ လိုက်ခဲ့မယ်"

မေလွင်စိုး ပြန်သွားတယ်။ ကျွန်တော်က ဟိုကောင် တွေကို ဆေးဖျန်းဖို့စီစဉ်ခဲ့ပြီး ဘန်ဂလိုပေါ် တက်ကာ ယူစရာ ရှိတာယူ၍ မြို့သစ်အိမ်ကို ပြန်လာခဲ့တယ်။ ကျွန်တော် ထင်တယ်. . . မနေ့က မေမေ ကျွန်တော်တို့အတွက် ငါးရံ့ခြောက်ပေးလိုက်ပြီဆိုထဲက သူပါစားပြီး သွေးတိုးတာဖြစ်ရမယ်။

မေမေ့မှာသွေးတိုးရှိတာကို မေမေကဂရုမစိုက်ဘူး။ ကျွန်တော်ရှိမှဖြစ်မယ်။ ဖေဖေတုန်းကလည်း အဲဒီလိုပဲ။ အစားအသောက်ကို ဘယ်တော့မှမရှောင်ဘူး။ တူမနဲ့ မြေးတွေကလည်း ဘာမှပြောရဲတာမဟုတ်တော့ ပိုဆိုးတာပေါ့။





မြို့သစ်အိမ်ရောက်တော့ မေမေက အိပ်ရာထဲမှာ နွမ်းဖတ်လို့၊ ခေါင်းတောင် မထူနိုင်ဘူး။

"နင့်ဘွားလေး မနေ့က ဘာတွေစားလဲ သီရိအောင်"

သီရိအောင်က မေလွင်စိုးကို လှမ်းကြည့်တယ်။ မေလွင်စိုးက ခေါင်းပုပြီး မေမေ့ကို လှမ်းကြည့်တယ်။

"ဖြေလေဟာ. . ."

"ဘွားလေးရယ်"

"နေမကောင်းရတဲ့ကြားထဲ နင်တို့က ဘာတွေမှန်းကိုမသိဘူး၊ ဒီမှာခေါင်းကိုက်ရတဲ့ကြားထဲ ငါဘာမှ မစားဘူး၊ သူဟာသူသွေးတိုးလာတယ်"

ကျွန်တော် ပြုံးမိတယ်။

မေလွင်စိုးနဲ့ သီရိအောင်လည်း ကျွန်တော်နဲ့အတူ လိုက်ပြုံးတယ်။

"ကဲ. . . မေမေ သားဒီမှာလာနေမယ်၊ အိပ်လိုက်ဦး၊ အားရှိအောင် အိပ်လိုက်ဦးနော်"

မေမေ အိပ်ခန်းထဲက ထွက်လာပြီး၊ ဟိုနှစ်ယောက် ကိုမေးကြည့်တော့. . .

"လေးလေးသိလား၊ ဘွားလေးရယ် ငါးရံ့ပေါင်းကောင် ကိုကြော်စားတာ"

"ငါထင်သားပဲ၊ နင်တို့ မပြောဘူးလား"

"ညီမလေးက ပြောသားပဲ၊ ကြီးကြီးသွေးတိုးမယ်ဆို တော့ညည်းတို့ဘာသိလို့လဲ၊ ငါက စားနေကြတဲ့"

မေမေကတော့ အဲ့ဒီလို။ ဒါနဲ့များ သူဟာသူ သွေးကတိုးတာတဲ့။

ကျွန်တော်ကတော့ ဘာပဲပြောပြော မြို့သစ်အိမ်မှာနေပေး



www.burmeseclassic.com

www.burmeseclassic.com

ဒဦးမည်။ ဖေဖေဆုံးပြီးထဲက ခြံထဲမှာနေတာများတယ်။ နေ့ခင်းပိုင်ပဲ မြို့သစ်အိမ်ကို ရောက်တတ်တယ်။

"ငါ ခြံထဲခဏပြန်သွားဦးမယ်၊ ယူစရာရှိတဲ့ ပစ္စည်းတွေ ယူမလို့၊ မေမေ့ကို ဂရုစိုက်လိုက်ဦး၊ မကြာဘူး . . . ငါ ပြန်လာခဲ့မယ်"

ကျွန်တော် ခြံထဲကိုပြန်ပြီး၊ ယူစရာရှိတာတွေယူတယ်။ ဟိုညီအစ်ကို့ကို မှာစရာရှိတာတွေမှာရသေးတယ်။ တစ်ယောက်နဲ့တစ်ယောက် စကားပြောလို့ရအောင် ကောလက်တစ်လုံးထားခဲ့ရတယ်။ ဟိုနှစ်ကောင် ရန်မဖြစ်ဖို့လည်း မှာရတယ်။ အဲ့ဒီ နှစ်ယောက်က လွယ်တာမဟုတ်၊ တစ်ခါတလေ အသားလွတ် မင်းအရင်သေ ငါအရင် သေတောင် ငြင်းချင်ငြင်းနေတာ။

"ဟေ့ကောင် ကိုသက်၊ မင်းအင်တာတိတ်မန့်ရွှန်းကို ပိတ်သွား၊ ဒီကောင် ညကြီးသန်ခေါင် TV လာကြည့်၊ စလောင်းလာကြည့် ၊ DVD လာဖွင့်နဲ့ ငါ အိပ်ရေးပျက်တယ်"

"မင်းကလည်း သူ့ဟာသူ ပိတ်မှာပေါ့၊ ခိုင်သစ်ကလေးတွေကျောင်းပိတ်ရက်ကို မင်းမိန်းမနဲ့ကလေးတွေ ခေါ်ထားလေ၊ ဆိုင်ကယ်အတွက် ဆီ၊ မီးစက်နဲ့ ရေတင်ဖို့ ဆီအကုန်လုံး လုံလောက်တယ်၊ သော့ဒီမှာ လုံခြုံရေးတော့ ဂရုစိုက်. . . ကြားလား"

"စိတ်ချ. . . . စိတ်ချ. . ."

ကျွန်တော်က မြို့သစ်ကအိမ်ကို ပြန်လာခဲ့တယ်။

မြို့သစ်အိမ်ကို ပြန်ရောက်တော့ ကျွန်တော် အရင်နေတဲ့ အခန်းကို ညီမလေး မေလွင်စိုးက ပြင်ပြီးနေပြီ။

မြို့သစ်အိမ်မှာ မနေချင်မယ့်သာ ကျွန်တော်က မနေချင်တာ၊ ဒီအိမ်ကလည်း ပတ်ဝန်းကျင်အနေအထားကအစ အေးချမ်းတယ်။ ဘယ်လောက်အေးချမ်းသလဲဆိုရင် မျက်နှာချင်းဆိုင်အတန်း





မရှိဘူး။ အိမ်ရှေ့မှာ ကန်နဲ့၊ သပြေပင်ကြီး ကြီးမားပြီး၊ အုံ့ဆိုင်းပြီး အေးမြလွန်းတယ်။

ခေါင်းရင်းအိမ်၊ ခြေရင်းအိမ်ကလည်း ဖေဖေနဲ့လုပ်ဖော်ကိုင်ဖက်တွေ။ ဘာရှုပ်စရာယှက်စရာမှမရှိဘူး။ ဒါကိုပဲ ကျွန်တော်ဟာနဲ့ ကျွန်တော် မနေချင်တာ။ လမ်းကအေးချမ်းတယ်။ သို့သော် ဈေးနားနီးသောကြောင့် မနက်ပိုင်း လူသွားလူလာတော့များတယ်။

ကျွန်တော်က ဒီလောက်အေးချမ်းတဲ့ မြို့သစ်အိမ်မှာ မနေချင်။

ကျွန်တော့်ဟာ ကျွန်တော် ကမ္ဘာလေးတစ်ခုလိုပဲမြို့ဟောင်းခြံလေးထဲမှာပဲ နေချင်နေတယ်။ တစ်ခါတလေ အင်္ဂလိပ်စာသင်ချင်တဲ့ကိုယ်တော်တွေ၊ ကိုရင်တွေကို ဘုန်းကြီးကျောင်းမှာ အင်္ဂလိပ်စာသင်ပေးတယ်။

အချိန်ရရင် အင်တာနက်သွားမွှေတတ်တယ်။

ကျွန်တော်ဟာနဲ့ ကျွန်တော်တော့ အေးချမ်းနေတာပေါ့။ ဒါကို မေမေက ဘယ်တော့မှ စိတ်မချဘူး။

အသက် (၃၅) နှစ်ဆိုတဲ့အရွယ်ဟာ မငယ်တော့ဘူးလို့ ကျွန်တော့်ကိုယ် ကျွန်တော် သိပေမယ့် အမေကတော့ ငယ်သေးတယ်လို့ ထင်နေတုန်းပါပဲ။ အမေက အဲဒီလိုထင်တာလဲ မမှားပါဘူး။ မေမေက အမေကိုး။

"ဟဲ့ မြမြနေကောင်းလို့ဆို"

ပြည့်ဖြိုးဖော် အမေအန်တီစုမေမေကို လှမ်းမာလာမေးတာ။

"နိုးလောက်ပြီအန်တီ၊ ညပိုင်းကိုရီးယားကားလာရင်တော့ မေမေ နေကောင်းလောက်ပါတယ်၊ ဒီနေ့ ကြီးမြတ်သူတို့ နှလုံးသားမှာလေ"

www.burmeseclassic.com



"ကိုသက်ကလည်း ကိုရီးယားကားပဲ ပြဿနာရှာနေတာပဲ မြမြဆီ သတင်းသွားမေးဦးမယ်"

ကျွန်တော်က မေမေ့အကြောင်း သူတူမနဲ့မြေးဆီက ကြားပြီးသား။

ကိုရီးယားကားလာရင်တော့ ကောင်းမှာပါတဲ့။ မနေ့က တောင် သွေးတက်နေတာကို ပေကြည့်နေတာဖြစ်လိမ့်မယ်တဲ့ ရှစ်နာရီသတင်းလာမှခေါင်းထဲတမျိုးပဲဆိုတော့မှ ဦးသိန်း ကြီးသွားခေါ်ရတာတဲ့။

မေမေကတော့ဒီလို။

အခုအန်တီစုလာရင် စကားထပြောမယ်။ ဟောလာ ပါပြီ၊ နောက်တစ်ယောက် အောင်မျိုးဝင်းအမေ အန်တီညွှန့်။

သုံးယောက်စုံပြီဆိုတော့ မေမေ အားတော်တော်ရှိသွားမှာပါ။

မကြာပါဘူး။ မေလွင်စိုးနဲ့သီရိအောင်ကို လှမ်းခေါ်တယ်။ အပြင်ထွက်ထိုင်မလို့တဲ့။ သီရိအောင်ကမေမေ့ကို ဧည့်ခန်းထဲပို့ပြီးတော့ ကျွန်တော့်နားကို ကပ်ပြောတယ်။

"လေးလေး သမီးမပြောဘူးလား၊ ညခြောက်နာရီခွဲဆို ဘွားလေး လုံးဝပျောက်သွားမှာပါလို့"

ကျွန်တော်က ဒီကောင်မလေးလူကြီးကိုဟုဆိုကာ ခေါင်းလှမ်းထုလိုက်တယ်။ ပြီးမှသတိတစ်ခုရကာ-

"သမီး ဟင်းကျက်ပြီလား"

"မကြီးမေလွင်စိုး မေးကြည့်ပါလား၊ သမီးကကျောင်း ပိတ်တုန်း အဝတ်လျှော်နေတာ၊ မနက်ဖြန်ကျောင်းတက်ရမှာ လေးလေးရဲ့"

"ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ"





မီးဖိုခန်းထဲမှာ မေလွင်စိုးက ထမင်းတွေပြင်ပြီးသား၊ ကျွန်တော်ကိုမြင်တော့။

"ကိုကြီး ကိုသက်ပြီးပြီ"

"ပြီးပြီမလုပ်နဲ့ ငါမှာတဲ့အတိုင်းလုပ်လား"

"လုံးဝသေချာ ကိုကြီး စိတ်ချ၊ သီသီနဲ့နုဝင်းတောင် ချက်နိုင်းတာမဟုတ်ဘူး"

"အေးပါ ဟုတ်ပါပြီ ငါမြည်းကြည့်စမ်းမယ်"

ဟင်းတွေက မဆိုးလှ၊ အရသာရှိလှသည်။ ခပ်ပေါ့ပေါ့ပဲ ချက်ခိုင်းထားတာ။ မေလွင်စိုးက ဘယ်နှယ်လဲဆိုတဲ့ အကြည့်နှင့် လှမ်းမေးသည်။

"အတော်ပဲ နင်တို့စားရင်တော့ ပေါ့နေရင်ထမင်းထဲ ဆားပုံစား"

"ဒီနေ့ကတော့ ဟုတ်တယ်နော် ကိုကြီး၊ မနက်ဖြန် ညီမလေးကလည်းကျောင်းတက်ရမှာ၊ သီရိအောင်လည်း ကျောင်းတက်ရမှာ"

"အေး ဟုတ်တယ်၊ ငါကိုယ်တိုင်ပဲ ဝင်ချက်ရမှာပေါ့ဟာ၊ ဆေးတော့သွားပေး"

"အင်းပါ၊ ဟုတ်ပါပြီ၊ ကျောင်းမသွားခင် ဝယ်ပေးမယ်လေ"

"အင်းပါ၊ ဟုတ်ပါပြီ၊ ကျောင်းမသွားခင်ဝယ်ပေးမယ်လေ"

ကျွန်တော်က ထမင်းတွေ ဟင်းတွေကို မေမေဆီ သယ်သွားပြီး မေမေ့ကိုထမင်းကျွေးခဲ့တယ်။ အန်တီစုနဲ့အန်တီ ညွှန့်လည်း မေမေက မစားဘူးလုပ်နေတာကို စားလိုက်ဖို့ အတင်းတိုက်တွန်းယူရတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်လုပ်နှစ်လုပ်လောက်စားပြီးတော့ မေမေက

"ဟင်းတွေကလည်း ပေါ့လိုက်တာ"

"မေမေ သွေးတိုးမှာစိုးလို့"

"သူ့အဖေတုန်းက တားဆီးခဲ့သမျှ ဝင့်လည်ပြီးနဲ့တူတယ်၊ မစုနဲ့မညွှန့်ရေ"

တဲ့။

ကျွန်တော် ရှိ့ရှိ့လေးပြုံးမိတယ်။

ဘာလို့လဲဆိုတော့ မေမေကအဲဒီလိုအတွန့်အတက် လေးတွေတက်တယ်ဆိုတာကိုတွေးမိလို့ပါ။

## အိပ်မက်အပိုင်းခွဲ (၂)

ဒါ

နှင့်

သူ

ချစ်သူ

ဟာ ပင်လယ်ထဲက ဗိမ်ခံသဘော ကြီးပေါ်မှာ။

ကောင်းကင်ပြာကြီးကိုငေးပြီး သူတို့နှစ်ယောက် နေစာလှုံ နေကြသည်။ သူ့ချစ်သူက အရမ်းလှနေ၏။ ရေကူးဝတ်စုံ အနီ လေးနဲ့ဆိုတော့ ဖရဲသီးစိတ်လေးလို ရဲစိုနေသည်။ ချိုလား မချို လားတော့မသိ။

တခါတရံတွင် အိပ်မက်က အနံ့အရသာထည့်ပေးပြီး တခါ တလေကြတော့ အနံ့အရသာထည့်မပေး။ သူက အမြဲတမ်း အိမ်မက် ထဲတွင် သတိထားနေသည်။ ကောင်မလေးမျက်နှာကို အမြဲတမ်း ငေးနေသည်။ သူကကောင်မလေးမျက်နှာအား မျက်မှန်ထဲကနေ ရေးစေ့ကြည့်နေသည်။

ထိုစဉ် သူတို့နှစ်ယောက်အတွက် အဝါရောင်လိမ္မော်ရည် ရောက်လာပို့သည်။ ချစ်သူက လိမ္မော်ရည်တွေကို ဟန်ပါပါ မော့ သောက်ရင်း မတ်တပ်ထရပ်ကာ နေရာတစ်ခုကို လက်ညှိုးထိုး ပြ၏။

သူ လှမ်းကြည့်လိုက်သောအခါ ကမ်းစပ်တစ်ခုဖြစ်နေ သည်။

ဧ၅ရ စာပေ

www.burmeseclassic.com

ထိုကမ်းပေါ်တွင် အလွန်လှပသော ရေတံခွန်ကြီးကို တွေ့ရသည်။

ဘာရေတံခွန်ပါလိမ့်။ နိုင်ယာဂရာ ရေတံခွန်များလား။ ဒါဆို သူတို့အမေရိကားရောက်နေပြီပေါ့။ သူတို့နှစ်ယောက် ကမ်းပေါ် တက်လိုက်သည်။ ဒီကနေပြီး အမေရိကားနိုင်ငံထဲကို ဆက်သွားလို့ရသည်။

L.A လား။

နယူးယောက်လား။

ဘယ်သွားသွားပေါ့။ အဲဒီမှာချစ်သူက သူ့ကို လက်ညှိုးထပ်ထိုးပြသည်။

သူပြင်ဦးလွင်ကို ရောက်နေတာပဲ။ ဒါဝက်ဝံရေတံခွန်လား။ ပိတ်ချင်းမြောင်လား။ သူစဉ်းစားနေမိသည်။ ဆောင်းတွင်းအိပ်မက် မဟုတ်ဘဲ အိပ်မက်ထဲတွင် သူက ဟိုရောက်ဒီ ရောက်။ သူနဲ့အတူ သူ့ချစ်သူကောင်မလေးကပါနေသည်။ သူကရော ဘာ့ကြောင့် အိပ်မက်လို့သိနေတာလဲ။

စဉ်းတော့စဉ်းစားစရာ။

သူနဲ့သူ့ချစ်သူကောင်မလေး လှေခါးထစ်တွေအတိုင်း တက်သွားမိသည်။ တဖြည်းဖြည်းနှာခေါင်းထဲတွင် ပန်းရနံ့များ သင်းထုံလာ၏။

"ကိုကို၊ ချစ် စတော်ဘယ်ရီသီးစားချင်တယ်"

"ချစ်က ဘယ်မှာစားမှာလဲ၊ ရောင်းတဲ့သူမှမရှိတာ"

"ကိုကိုကလဲ လာဟိုမှာ စတော်ဘယ်ရီခင်းကြီး"

ဟာ ဟုတ်ပါရဲ့၊ တစ်ခင်းလုံးစတော်ဘယ်ရီသီးတွေ ပြွတ်နေအောင်သီးနေလိုက်တာ။ သူ့စပျစ်ပင်တွေကို သွားသတိရမိ၏။

သူ့စပျစ်သီးတွေ ဒီလိုပြွတ်နေအောင်သီးရင် ဘယ်လောက်ကောင်းမလဲ။

"ကိုကို ဘာစဉ်းစားနေတာလဲ"

"ဘာမှ မစဉ်းစားပါဘူး"

"ဘာမစဉ်းစားရမှာလဲ၊ ကိုကို စပျစ်သီးတွေကို ဒီလို သီးစေချင်လို့မို့လား"

"ဟင် ချစ်ကဘယ်လိုလုပ်သိလဲ"

"ကိုကိုက ချစ်နဲ့သာတွေနေတာ၊ ကိုကိုစိတ်က ကိုကို စပျစ်ခြံထဲရောက်နေတာ ချစ်သိသားပဲ"

"စပျစ်ခြံကြီးအောင်မြင်ရင် ချစ်နဲ့ကိုယ်ဘဝအောင်မြင်နေဖို့အတွက်ပါ၊ တို့နှစ်ယောက်ခရီးရဲ့ လှေခါးထစ်တွေဟာ အဲဒီစပျစ်ခြံကြီးပဲလေ။ တို့နှစ်ယောက်လက်ထပ်ရင် အဲ့ဒီစပျစ်ခြံကြီးထဲမှာ အတူနေမယ်၊ သားသားလေးတွေ မီးမီးလေးတွေ မွေးမယ်"

ချစ်သူကောင်မလေးက ဟက်ဟက်ပက်ပက် ရယ်သည်။

သူမ ထိုသို့ရယ်တာ တစ်ခါမှမတွေ့ဘူး။ သူတောင် အံ့သြနေ၏။ ချစ်က ကိုကိုနဲ့အတူနေမယ်လို့ပြောသေးလို့လား ဟု သူမက ပြောသည်။

သူတို့နှစ်ယောက် တစ်ယောက်လက်တစ်ယောက် တွဲပြီး စတော်ဘယ်ရီခြံထဲ ထွက်ပြေးသည်။ ပျော်ရွှင်ဖွယ်ရာတော့ ကောင်းသည်။ သူတကယ်ပဲ ပျော်ရွှင်နေသည်။ ကြည့်ရင်းကြည့်ရင်း စတော်ဘယ်ရီခင်းမဟုတ်တော့၊ သူစိုက်ထားတဲ့စပျစ်ပင်တွေ ဖြစ်နေသည်။

သူအံ့သြသွား၏။

ကောင်မလေးက ရေကန်ဘောင်လေးတွင်ထိုင်ရင်း တစ်ခုခုကိုတွေးနေသည်။ ပြီးမှသူ့ကိုပြော၏။



www.burmeseclassic.com

www.burmeseclassic.com

"ကိုကို စပျစ်ပင်က စပျစ်သီးတွေသီးရင်ချစ်ကို အရင်ပေး မှာလား"

"ပေးမှာပေါ့ ချစ်ကဘယ်မှာရှိမှာလဲ"

"ချစ်က ကိုကိုနားမှာရှိမှာလေ"

သူမထသွားသည်။

မိန်းကလေးတစ်ယောက်က သူမကိုလှမ်းခေါ်နေသည်။ သူမ က ထိုမိန်းခလေးဖြင့် နှင်းမှုံတွေပိတ်နေအောင် ကျနေသော မြင်ကွင်းထဲသို့ ဝင်ပြီးပျောက်ကွယ်သွားသည်။

သူကချစ်ဟု လှမ်းခေါ်ရင်း။

ကျွန်

တော်

အိပ်မက်

က လန့်နိုးသွားသည်။

နာရီကြည့်လိုက်တော့ ရှစ်နာရီထိုးနေပြီ။ ကျွန်တော် ညက ခန့်ပီယံလိဒ်ပွဲကြည့်ပြီး လေးနာရီကျော်မှ အိပ်ဖြစ်တယ်။

ကျွန်တော့်ခြံထဲမှာပဲအိပ်တာအောင်းမေ့နေတာ။ ခဏ စဉ်းစားမိမှ မြို့သစ်အိမ်မှာ အိပ်တယ်ဆိုတာ သတိဝင်လာတယ်။ အိပ်မက်ထဲက ကျွန်တော့်ချစ်သူဆိုတဲ့ကောင်မလေးရုပ်ကို ကျွန်တော် စဉ်းစားမိတယ်။

ဒုက္ခပဲ။

ကျွန်တော် လုံးဝမမှတ်မိဘူး။ သေချာမှတ်မိအောင် ကြည့်ထားရဲ့သားနဲ့ ဘာ့ကြောင့်မှတ်မမိတာပါလိမ့်။ အိပ်မက်ကို အရသာခံဖို့ အိပ်မက်ထဲကချစ်သူရုပ်ကိုမမှတ်မိတာတော့ ထူးဆန်းတယ်။

အိပ်ရာပေါ်က ထလိုက်တယ်။

အတွေးပုံရိပ်ထဲမှာတော့ ကောင်မလေးကို လာခေါ်တဲ့ ကောင်မလေးကို မှတ်မိရင်တောင် အစဉ်ပြေတယ်။ ခုတော့ အိပ်မက်တစ်ခုလုံးမှတ်မိနေပေမယ့် ကောင်မလေးပုံရိပ်ကြမှ ဘယ်လိုမှ ပေါ်လို့မရ။ ကျွန်တော်ရေချိုးခန်းထဲဝင်လိုက်တယ်။ ရေအိမ်ထိုင် ခင်း သွားတိုက်ပြီးတော့ ကျွန်တော် မျက်နှာမသစ်ဘဲ ရေတစ်ခါထဲ ချိုးလိုက်တယ်။

ရေချိုးပြီး အဝတ်အစားလဲဖို့လုပ်နေတုန်း အိမ် အောက်ထပ်


www.burmeseclassic.com

က အောင်မျိုးဝင်းရဲ့ခေါ်သံကိုကြားရတယ်။

"ကိုသက်ရေ ထဗျ၊ လက်ဖက်ရည်ဆိုင်သွားရအောင်"

အောင်မျိုးဝင်းက အသံပြဲဖြင့်လှမ်းအော်တယ်။

ပြီးတော့ မေမေက နုဝင်းကိုကျွန်တော့်ကို တက်နိုးခိုင်းတယ်။

လှေကားထိပ်ကနေ နုဝင်းက ကျွန်တော့်ကို အော်ခေါ်တယ်။

"အေးနိုးနေပြီ၊ ခဏစောင့် လာခဲ့မယ်လို့ပြောလိုက်"

ကျွန်တော် အဝတ်အစားလဲလိုက်တယ်။ မီးခိုးရောင် ဘောင်းဘီနဲ့ ရှပ်အင်္ကျီလက်ရှည်အနီရောင်ဖျော့ဖျော့အကွက်ကို ဝတ်လိုက်တယ်။ အိမ်အောက်ကိုရောက်သောအခါ အောင်မျိုးဝင်းက

"လူပျိုကြီး ခင်ဗျားစောင့်ရတာ ကြာလိုက်တာ၊ ဘာလဲ အန်တီမြဖို့ ချွေးမရှာတွေ့ပြီလား"

"ငါရှာတာတောင် နင့်ကိုသက်က မတွေ့တာ သူရှာတာပဲ၊ ငါကတွေ့ပေးရမှာပေါ့"

"မေမေကလည်း မေမေကြိုက်တဲ့ကောင်မလေးတွေက သားနဲ့စိတ်ကြိုက်မတွေ့လို့ပါ။ အောင်မျိုးဝင်းရာ မင်းပဲ စဉ်းစားကြည့် အေးအေးသန့်ဆိုတဲ့ကောင်မလေးလေ မင်းသိလား"

"သိတယ်၊ လျှပ်စစ်ပစ္စည်းဆိုင်က"

"အေး ဟုတ်တယ်၊ဖေဖေမဆုံးခင်က ငါ့ကိုသွား လေ့လာခိုင်းတယ်၊ ရုပ်ကတော့ အပျံစားပဲကွ၊ သွက်လည်း သွက်တယ်၊ သွက်ကလွန်တာ အကုန်လိုက်ပါနေတော့တာပဲ၊ ပါးစပ်ကလည်းကွာ အငြိမ်မနေဘူး၊ စကားပြောရင်ပြော မပြောရင် ပီကေဝါး၊ ပီကေ မဝါးရင် နေကြာစေ့စားနေတာ၊ ငါသူနဲ့ရန်ကုန်ကို ခရီးအတူ





သွားဖူးတယ်၊ ရုပ်ရှင်ကြည့်တာလည်း အိနြ္ဒေမရဘူး။ ရယ်လိုက် ပြောလိုက် ဒေါသဖြစ်လိုက်၊ ပြီးတော့ အသားလွတ် ငါ့ကို လက်တို့ ပြီးပြောသေးတယ်၊ တလမ်းလုံးဘယ်လောက်နားငြီးသလဲ၊ နားပူ သလဲဆိုရင် ရန်ကုန်ရောက်တော့ ငါ့နားကို တံတွေးဆွတ်ကြည့်တာ ဘောင် ရှဲခနဲမြည်သွားတယ်"

အောင်မျိုးဝင်းက ကျွန်တော့်စကားကိုနားထောင်ရင်း ဟက်ဟက်ပက်ပက်ရယ်လို့။ ပြီးတော့ အပြန်ကြတော့ရော ကိုသက် ဟု မေး၏။

"ဘယ်ရမလဲကွ၊ ငါကနည်းနည်းတော့ ဉာဏ်သုံးရ တာပေါ့၊ ရန်ကုန်က MP-4 စက်တစ်လုံးဝယ်ပြီး တစ်လမ်းလုံး နားကျပ် တပ်ထားတာ"

အောင်မျိုးဝင်းက ဟက်ဟက်ပက်ပက်ရယ်တယ်။ မေမေက ကျွန်တော့်ကိုခေါင်းတငြိမ့်ငြိမ့်ဖြင့်

"အဲဒါသာကြည့်အောင်မျိုးဝင်း၊ နင့်အစ်ကိုလူပျိုကြီး ဇီဇာ ကြောင်တာ၊ အန်တီမြတို့က မျက်နှာမပျက်ရအောင် အတော့်ကို လုပ်လိုက်ရတယ်၊ အေးအေးသန့် မိဘတွေက မင်းတို့အန်ကယ်နဲ့က ဘမျိုးထဲသားတွေ နောက်တစ်ယောက် ကျတော့ရောရိုးလွန်းတဲ့"

"မေမေကလည်း အဲ့ဒါကြောင့်သားက Gold Roast သောက်နေတာပေါ့"

အောင်မျိုးဝင်းက ကြော်ငြာဝင်တော်ဟု ဝင်ပြောတယ်။

"ဟော့ကောင် ဟိုကောင်ပြည့်ဖြိုးဇော်ရော"

"ကိုဖြိုးသွားနှင့်ပြီ၊ စာအုပ်ဆိုင်ကစောင့်နေမယ်တဲ့ လာ သွားအောင် ကိုသက်"

"သား လက်ဖက်ရည်ဆိုင်သွားလိုက်ဦးမယ်၊ ဟန်းဖုန်းယူသွား တယ် ဟိုကောင်တွေလိုက်လာရင် လွှတ်လိုက်လက်ဖက်ရည်ဆိုင်

www.burmeseclassic.com

ကို"

ခြံဝရောက်မှ ခဏရပ်တွေးပြီး အောင်မျိုးဝင်းကို ဘယ်ဆိုင်သွားမှာလဲလို့မေးလိုက်တယ်။ အောင်မျိုးဝင်းက "မေ့လက်ရာ" လို့ဆိုတော့မှ

"မေမေရေ မေလက်ရာတဲ့"

ကျွန်တော် ထိုသို့မေမေ့ကိုလှမ်းအော်ပြောပြီး ဆိုင်ကယ်ကိုတွန်းပြီး အိမ်ရှေ့ကိုထုတ်လိုက်တဲ့အခါ ကောင်မလေးတစ်ယောက် ဘေးတိုက်အနေအထားနဲ့ ကျွန်တော့်မျက်စိ ရှေ့ကဖြတ်သွားတယ်။

ကြည့်မလို့စဉ်းစားနေတုန်း

"ကိုသက်သွားရအောင်"

ကျွန်တော်နဲ့အောင်မျိုးဝင်း ပြည့်ဖြိုးဇော်စာအုပ်ဆိုင်ကို ရှေ့လာခဲ့တယ်။ ပြည့်ဖြိုးဇော်ဆိုင်ကို ရောက်တယ်ဆိုရင်ပဲ

"ကြာလိုက်တာကွာ၊ မနက်ထဲဘာမှစားရသေးတာ မဟုတ်ဘူး"

"ဟော့ကောင် အပြစ်လွှတ်ပြီးတင်မနေနဲ့ ကိုသက်ကို စောင့်နေလို့"

"ဟော့ကောင်တွေ စကားများမနေနဲ့သွားကြမယ်"

လမ်းကြတော့။

"ဟော့ကောင်တွေ၊ မင်းတို့မနေ့က ခြံထဲသွားဖြစ်သေးလား"

အောင်မျိုးဝင်းက

"အဖြစ်က မပြောချင်ဘူး၊ ကိုသက်ရေ မသွားဖြစ်ဘူး"

ဟိုကောင်ပွကြီးတော့ တစ်နေ့လုံးမျှော်နေဦးမှာ။ မျှော်တာက အကြောင်းမဟုတ်၊ ခေါင်းရင်းအစုထဲက ကြွက်လာပို့မှ ရွှန်းနီနဲ့တယ်ရီ အဲဒီကြွက်ကိုဝင်ဆွဲမှာမြင် ယောင်သေးတယ်။





"မေ့လက်ရာ" ရောက်တော့ ခုံလွတ်ရှာပြီး ဝင်ထိုင်လိုက်တယ်။

အောင်မျိုးဝင်းကို ပြည့်ဖြိုးဇော်က ပွစိပွစိနဲ့။ ဘာတွေ မြည်တွန်နေလဲမသိ။

"ဟော့ကောင် ကိုဖြိုး ကိုသက်လူတွေလာရင်လွဲမှာစိုး လို့ ဒီဆိုင်မှာချိန်းထားတာ"

"မင်း ကိုသက်ကိုလွဲမချနဲ့ 'Day and Night' မှာထိုင်ပါသား၊ မင်းအကြံငါသိတယ်၊ လွှက်ရည်ဆိုင်ထိုင်ရင်း အလုပ်လုပ်သို့ရအောင် မင်းလုပ်တာ"

"မဟုတ်ရပါဘူးကွာ၊ ကိုသက်က ဒီမှာထိုင်မယ်ဆိုလို့ ပါ"

ကျွန်တော်သဘောပေါက်ပြီ။

ပြည့်ဖြိုးဇော်က 'Day and Night' မှာ Breakfast စားဖို့ ငံခဉ်ထားတာဖြစ်လိမ့်မယ်။ 'မေ့လက်ရာ' က အစားအသောက်စုံပေမဲ့ "Day and Night" လောက် ထမင်းကြော်တို့ ခေါက်ဆွဲကြော်တို့ရမှာမဟုတ်။

"ထားပါတော့၊ မင်းက စီးပွားရေးသမား အမြဲတမ်း လမ်းကြောင်းနဲ့ပဲတွေးတယ်"

ပြည့်ဖြိုးဇော်ဒေါသနဲနဲထွက်နေပုံရတယ်။

အဲဒီအချိန်မှာ ဆိုင်ရှင်မနုနုလှိုင်က "ဟဲ့" ဘာမှာထား လဲအောင်မျိုးဝင်းဆိုပြီး အောင်မျိုးဝင်းကိုမေးတော့။

အောင်မျိုးဝင်းက ပြည့်ဖြိုးဇော်ကိုမေးငေါ့ပြတယ်။ ပြည့်ဖြိုးဇော်မျက်နှာပြုံးမဲ့နေတယ်။

"မောင်လေး ကိုဖြိုး ထမင်းကြော်လား"

"ထားပါတော့ဗျာ"

ကျွန်တော်က ကော်ဖီတစ်ခွက်လို့မှာလိုက်တယ်။ အောင်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ဝင်းက ကျွန်တော့်ကိုပုံမှန်တစ်ခွက်လို့ပြောတယ်။

စားပွဲထိုး မိုးညိုဆိုတဲ့ကောင်လေးက ရှုဘီတစ်ပွဲ လာပို့တယ်။

ကျွန်တော်အိတ်ထဲက လန်ဒန်ဗူးကိုထုတ်လိုက်ပြီး စီးကရက်တစ်လိပ်မီးညှိပြီး စားပွဲထိုးလာချပေးတဲ့ ကော်ဖီမစ်ကိုဖောက်ပြီး ဖျော်နေမိတယ်။ ဟိုနှစ်ကောင်ကတော့ တစ်ယောက်နဲ့ တစ်ယောက်သိပ်ပြီး ကြည်လင်ပုံမရဘူး။

ကျွန်တော်က စီးကရက်တစ်ဖွာဖွာကာ ကော်ဖီ တကြိုက်သောက်ပြီး အဝေးကိုလှမ်းငေးလိုက်တော့ ကောင်မလေး တစ်ယောက်ကို လှမ်းမြင်လိုက်တယ်။

"အံမယ် ကိုသက်ကြီးပါ ဒီမှာရှိနေတာကို အန်တီမြ နေမကောင်းလို့ဆို သက်သာလား"

"အေး သက်သာပါတယ်"

"အန်တီမြလည်း ခုတလော ခဏ ခဏနေမကောင်း ဖြစ်နေတယ်နော်"

ကျွန်တော်က ခေါင်းငြိမ့်လိုက်တယ်။ ဟုတ်တယ်လို့ဆိုတဲ့ သဘောပေ့ါ။ ဒါကိုပဲ ပြည့်ဖြိုးဇော်က-

"ကိုသက်"

"ဘာလဲကွ"

"ကျွန်တော်ထင်တာ အန်တီမြ၊ ခမဲလိုနေပြီနဲ့တူတယ်"

"ဟာ ပေါက်ပေါက်ရှာရှာကွာ၊ မင်းကလည်း လူကြီးကို"

"ဟုတ်တယ် ကိုဖြိုးပြောတာဟုတ်တယ်"

ထိုသို့ပြောပြီး မျက်နှာကတစ်ခုခုကို သတိရသွားသလိုဖြစ်ကာ။

"ဩော် ကိုသက်ကြီး ကိစ္စပြီးမှထင်တယ်၊ ကိုဖြိုးနဲ့ ပြဿနာ





အရင်ရှင်းရဦးမယ်"

ပြည့်ဖြိုးဇော်မျက်နှာ ဘောလုံးမှန်သလို မအီမလည် ဖြစ်သွားတယ်။

ပြီးတော့။

အောင်မျိုးဝင်းနဲ့ကျွန်တော့်မျက်နှာကိုကြည့်ပြီး 'ဒုက္ခပါပဲ' ဆိုတဲ့ပုံစံနဲ့။ ကျွန်တော်က ဘာပြဿနာလဲဟဟုမေး သောအခါ။

"ဒီလိုကိုသက် ညီမပြောပြမယ်နော်"

"နင်ပဲပြော နင်နဲ့စကားပြောရင် အဲ့ဒီ ညီမပြောပြမယ်နော် ဆိုတဲ့စကားကို ခဏခဏနားထောင်ရတာကို စိတ်ညစ်တာမရှိဘူး"

"ကိုသက်ကြီးက လူပျိုကြီးမို့ဇီဇာကြောင်တာ"

"ပြောပြော နင်ပြောစရာရှိတာပြော၊ လူပျိုကြီးဆိုတဲ့ ကားလည်း မပြောနဲ့"

"ဒီလိုကိုသက်ရ၊ မနက်က စာအုပ်ဆိုင်ကိုညီမ သွားခေါ်တယ်၊ ညီမလေးပြောပြမယ်နော်၊ အဲ မဟုတ်ပါဘူး၊ ကိုသက်နဲ့ အောင်မျိုးဝင်းကိုစောင့်နေတာတဲ့၊ 'Day and Night' က စောင့်နေ တဲ့ သူလာရင်အစဉ်သင့်စားဖို့ ကြေးအိုးတစ်ပွဲလည်းမှာထားခိုင်းတယ်။ ညီမကစောင့်လို့ သူကဒီမှာ၊ အဲဒါတောင် သူသူနဲ့တွေ့လို့"

"မဖြစ်သေးဘူး ဒါဆို ငါပါ လိုက်သွားဦးမှ၊ ဟိုဟာမကောင်ရင် သူသူက ကျွန်တော့်ကို သက်သက်ညှာညှာလုပ်မှာ တော့ဘူး၊ ပြီးမှပြန်လာခဲ့မယ်နော်"

အောင်မျိုးဝင်းပါ ကောက်ကောက်ပါအောင်လိုက် သွားတယ်၊

သူတို့ကိုကြည့်ပြီး ကျွန်တော်ရယ်ချင်နေတယ်။ သမီးရည်းစားတာ တော်တော်အလုပ်ရှုပ်တဲ့အလုပ်ပဲ။ ခုကြည့် ဆိုင်နေရာ



www.burmeseclassic.com

www.burmeseclassic.com



တွေးတာလွဲတာလေးနဲ့ နှစ်ကောင်စလုံး ကမ္ဘာပျက်နေပြီ။

တစ်ယောက်ထဲထိုင်နေရင်း ပြည့်ဖြိုးဇော်ပြောတဲ့ စကားကို သွားသတိရတယ်။ ဘာတဲ့၊ အန်တီမြခမဲလိုနေပြီ ဆိုတဲ့စကား။ ခမဲဆိုတာ ဘာကိုပြောတာပါလိမ့်။

ဒီကောင် နှစ်ကောင်ပြန်ရောက်မှ မေးကြည့်ရဦးမယ်။

ဒီနှစ်ကောင်အကြောင်း စဉ်းစားမိတော့ရယ်ရသား။ ပွကြီးနဲ့ ခိုင်သစ်ညီအစ်ကိုပဲ။ မတည့်အတူနေ။ ဆွေမျိုးကလည်း ကင်းတာ မဟုတ်ဘူး။ အဲဒီနှစ်ကောင်က မတူတာတွေအများကြီးထဲက တူတာပဲ နှစ်ကောင်သားရွှေးပေါင်းတာ။

တစ်ကောင်က အေးအေးဆေးဆေးသမား။

တစ်ကောင်ကလူသွက်။

ပြည့်ဖြိုးဇော်က အငြိမ်စီးပွားရေးကို အေးအေးလုပ်တယ်။ စာဖတ်ရတာကို ဝါသနာပါတော့ အပျော်တမ်းစာအုပ် ဆိုင်လေး ဖွင့်တယ်။

အောင်မျိုးဝင်းကြတော့ အဲ့ဒီလိုမဟုတ်။

လှုပ်နေရမှ ကျေနပ်တာ။ ပွဲစားအလုပ်ကို ဒီကောင်က ကြိုက်တယ်။

ဆိုင်ကယ်ပွဲစား။ အရောင်းအဝယ်လုပ်တယ်။ တရုတ်၊ ယိုးဒယား ဒီကောင့်မိသားစုက တောင့်တော့ လက်ထဲမှာ ဆိုင်ကယ် ဆယ့်လေးငါးစီးကတော့ အမြဲရှိနေတာ။ ဒီကောင်နှစ်ကောင် ကျွန်တော်ထွက်သွားတော့ ဘာရှိသေးတာမှတ်လို့ ငါးတန်းခြောက်တန်း လောက်ရှိသေးတာ။

သူတို့အကြောင်း တွေးနေတုန်း သူတို့နှစ်ကောင် ပြုံးပြုံး ပြုံးပြုံးနဲ့ပြန်လာပါပြီ။

ကျွန်တော့်ကို စပ်ဖြီးဖြီးနဲ့ တဟဲဟဲလုပ်ပြီး ဝင်ထိုင်တယ်





"ဘယ်လိုလဲ၊ မင်းတို့တိုင်းရေးပြည်ရေးတွေ ဝေဆာသွား ပြီလား"

အောင်မျိုးဝင်းက

"Ok သွားပြီ ကိုသက်။ လက်နက်နဲ့ငြိမ်းချမ်းရေးလဲခဲ့ တာပေါ့"

"မင်းတို့ဘယ်လိုတွေဖြစ်တာလဲ"

"ဒီကောင် ငဖြိုးလေ"

"ဘာ ငဖြိုးလဲ မင်းဟာမင်းဒီဆိုင်ကို ထိုင်ဖို့ရွေးတာက တော"

"ယားပါတော့ကွာ ငါသဘောပေါက်ပြီ"

"ကိုသက်လို လူပျိုကြီးလုပ်တာပဲကောင်းတယ်၊ ဒါတောင် ကျွန်တော်တို့အိမ်ထောင်မကျသေးလို့ အိမ်ထောင် သာကျရင်တော့ ခြင်ယောင်သေးတယ်၊ အောင်မျိုးဝင်းတို့ သူ့သူ့ကို ကြောက်ပုံနဲ့"

"မင်းရော ဖြူဖြူကိုမကြောက်လို့လား ငဖြိုး"

ပြည့်ဖြိုးဇော်ကရယ်တော့တာပဲ။ အောင်မျိုးဝင်းက ဘာရယ် တာလဲကွလို့ပြောတယ်။ ပြီးတော့သူပါလိုက်ရယ်တယ်။ သူတို့နှစ် ကောင်က သူတို့အမိပွါယ်နဲ့သူတို့ရယ်လို့။

ကျွန်တော်က 'ငါ့ကိုလည်းရှင်းပြဦးကွ' ဆိုတော့မှ အောင် မျိုးဝင်းက. . .

"ဒီလိုကိုသက်ရ၊ သူ့သူက ဇီဇာကြောင်တယ်၊ ကိုသက်တို့ လူပျိုကြီးတွေဇီဇာကြောင်သလို"

"ဟော့ကောင် စကားကောင်းကောင်းပြော ငါ့ကိုဆွဲမထည့်

"နေပါဦး၊ အဲ့ဒီလိုမင်းတို့ခေါ်တော့ သူသူကကြိုက်လား"

"ကိုသက် မယုံရင်ခေါ်ကြည့် မျက်လုံးလေးကိုမှုံ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုသက် ဘာစားမှာလို့တောင် ပြန်မေးလိမ့်မယ်"

ဒီကောင်တွေပြောသလိုသွားခေါ်လို့မဖြစ်။ ကျွန်တော့်ဖိနပ် ကျွန်တော်ထမ်းပြီး ထွက်ပြေးနေရလိမ့်မည်။

"ဒါနဲ့ဟေ့ကောင်တွေ၊ ကိုဖြိုး မင်းပြောတာ၊ မေမေက ခမဲလိုနေတယ်ဆိုတာ ဘာကိုပြောတာလဲ"

အောင်မျိုးဝင်းက ခေါင်းခါလျှက်။

ပြည့်ဖြိုးဇော်က အံ့သြတကြီးနဲ့ ကျွန်တော့်ကိုကြည့်နေ တယ်။

"ကိုသက် တကယ်မသိတာလား၊ သိသိနဲ့မေးတာလား"

"မသိလို့မေးတာပေါ့ကွ"

"ခမဲလိုတယ်ဆိုတာ ချွေးမပေါ့ဗျ"

"ဟေ့ကောင် ငဖြိုး ချွေးမမဟုတ်ပဲ ကလေးလိုနေရင် ရော မြေးကွာ"

နှစ်ယောက်သား ရယ်မောပြီးပြောနေကြတယ်။ ကျွန်တော် ထင်မထားတာကို သူတို့ကစနေတာ။

"အောင်မျိုးဝင်း မင်းကကိုသက်အကြောင်းကို သိရဲ့သားနဲ့ အန်တီမြ ခမဲက မြေးလို့မပြောပဲ ကလေးလို့ပြောရင် ကလေးခေါ် မွေးစားမှာပေါ့။ ချွေးမလို့ပြော။ အန်တီမြခမဲက ချွေးမကွ"

ဒီနှစ်ကောင် ကျွန်တော်ကိုကျပ်နေတာ။ ဒီနှစ်ကောင်တို့ ပညာပြမှုဖြစ်တော့မယ်။

"မင်းတို့ကအချစ်ကို ဘယ်လောက်ထိနားလည်လို့လဲ"

အောင်မျိုးဝင်းက မျက်နှာကိုရှုံ့မဲ့ကာ

"ကိုသက် အိပ်မက်အကြောင်း ပြောတော့မယ်မို့လား တော်ပြီ ကျွန်တော် ဟိုမှာဆိုင်ကယ်အဝယ်ရှိတယ်၊ သွားပြီး စော စကားပြောလိုက်ဦးမယ်"





ကျွန်တော်ဘာမှ မပြောရသေးဘူး။ အောင်မျိုးဝင်းလစ် ထွက်သွားတယ်။ ပြည့်ဖြိုးဇော်ကို လှည့်ကြည့်တော့ပြုံးပြတယ်၊

"ဘာလဲ မင်းလည်းလစ်တော့မယ်မို့လား"

"ဟဲဟဲ"

"ဘာဟဲဟဲလဲ မင်းတို့ကောင်တွေ အဲဒါပဲ တစ်သက်မှာ ချည်းစားလေးတစ်ယောက်ထားဖူးလို့"

www.burmeseclassic.com

www.burmeseclassic.com

အချစ်ရယ်
မင်းမျက်နှာလေးကိုဖတ်ခွင့်ပေးပါ
ကိုယ်မင်းဆီ
ရင်ခုန်သံတွေကိုစီးပြီး
အရောက်လာခဲ့မယ်။

ဆက်
ဖက်
ရည်
ဆိုင်လာထိုင်ရတယ် ကျွန်တော့်စိတ်က
သိပ် မကြည်။

အောင်မျိုးဝင်းက 'မေ့လက်ရာ' ဆိုင်ကယ်ဝိုင်းထဲတွင် ကျန်ခဲ့တယ်။ ပြည့်ဖြိုးဇော်က စာအုပ်ဆိုင်ကိုရောက်တော့ စာအုပ်အသစ်ဝယ်စရာရှိသေးတယ်ဟုဆိုကာ မြို့ထဲထွက် သွားရော။

ကျွန်တော့်ကို လိုက်မလားလို့တောင်ခေါ်သေးတယ်။

ခြံထဲခဏသွားဦးမှာ မလိုက်သေးဘူးဆိုပြီး မဂ္ဂဇင်းစာအုပ်ဘဲအုပ်အပျင်းပြေဖတ်ဖို့ယူပြီး အိမ်ကိုပြန်လာခဲ့တယ်။ အိမ်ရောက်မှ ဂျာနယ်ဝယ်ဖို့သတိရပြီး ကားဂိတ်ဝင်းထဲဂျာနယ်သွားဝယ်။ ပြီးမှခြံထဲကိုထွက်လာခဲ့တယ်။

ခြံရှေ့ရောက်တယ်ဆိုရင်ပဲ တယ်ရီနဲ့ရွှန်းနီက ကျွန်တော့်ကိုစောင့်ကြိုလို့။ ခြံထဲအထိဆိုင်ကယ်စီးဝင်သွားတယ်။ ခိုင်သစ်က ဆိုင်ကယ်ကိုခွလျှက် ကျွန်တော်တွေ့လိုက်ရတယ်။

"ဟေ့ကောင် ဘယ်သွားမလို့လဲ"

"မင်းဆီလာမလို့လေ၊ မင်းလာတာနဲ့အတော်ပဲ၊ သစ်ပင်ကုဆရာဝန်ဒေါက်တာရမ်းကု ဆရာဇော်ကတော့မနေပြီ"

"ဘာလို့လဲကွ"

"အပင်တွေကို ပင်စည်ထွားဆေးကျွေးရမယ်တဲ့"

"ဒုက္ခပါပဲကွာ၊ ဆရာဇော်ဆိုတဲ့ ပေါင်းတလည်ကျူရှင်ဆရာတော့ ငါတို့ခြံကို စပျစ်သီးစီးပွားဖြစ်လုပ်တဲ့ခြံလို့ ရေဒင်သေး



www.burmeseclassic.com

www.burmeseclassic.com



လားမသိဘူး၊ နောက်တစ်ခါလာရင်ပြောလိုက်၊ မင်းအတွက် အခမ်းသပ်ခံခြံမဟုတ်ဘူးလို့"

"ငါ မင်းကိုအရင်ထဲကပြောသားပဲ ကိုသက်၊ အဲဒီ ဇော်ဆိုတဲ့ကောင် ဟိုစပ်စပ်ဒီစပ်စပ်ကို ဆရာမတင်ပါနဲ့လို့ ပြီးတော့လည်း ဘာမှရေဆုံးမီးဆုံးသိတာမဟုတ်ဘူး။ ပြောလိုက်ရင် စကြာဝဠာတို့ အက်တမ်တို့က ပါးစပ်ကမချဘူး၊ အခုအင်တာနက်ခေတ်စားတော့ အင်တာနက်ကထိုင်ချင်သေး။ အင်္ဂလိပ်စာကြတော့လည်းထင်ရာ မြင်ရာလူ ဆရာ တင်ချင်သေး။ ဟိုတခါ ငါ့လေးနှစ်သားဘွန်ဆိုင်း စိန်ပန်းပင်လေး အရွက်အသစ်လဲတာကို ဒီကောင်က နေရောင်ကြွေးတာများလို့ဆိုပြီး အမှောင်ထဲထားလိုက်တာ (၂) ရက်နဲ့ သေပါရောလား။ အဲ့ဒီထဲက ဇော်ဆိုတဲ့ကောင်ထင်ရာမြင် ရာပါလို့ ငါ သိပြီးသား"

ဟုတ်တော့ဟုတ်တယ်။

ဇော်ဇော်ဆိုတဲ့ ဇော်ကလည်း ဇော်ပဲ။ အရပ်ပုသလောက် သောက်ကြီးသောက်ကျယ်ကလည်း နိုင်သေးတယ်။ ခိုင်သစ်ဒေါသ ထွက်မယ်ဆိုလည်းထွက်စရာ။ ထင်ရာမြင်ရာတွေလျှောက်ပြောပြီး ကျပ်တာ။ ကျွန်တော့်စပျစ်ပင်တွေကို မနေ့ကပဲ ဆေးဖျန်းပြီးပြီ။

အပင်တွေက ထင်သလောက်မဖြစ်။ အစဆိုတော့ ဒီ လောက်တော့ အပင်ပန်းခံရမှာပေါ့။ ကျွန်တော်တို့ နှစ်ယောက် စကားပြောနေတာကို ဘေးကနေဘာမှမပြောပဲ ငေးကြည့်နေသော ပွကြီးက။

"ကိုဇော့်စကားတွေက ပေါက်တတ်ကရဆိုပေမဲ့ ပန်းခင်းကြ တော့ မှန်နေတာပဲ ကိုသက်ရ"

ခိုင်သစ်ကရှုံ့မဲ့ပြီး ပွကြီးကိုကြည့်ကာ

"မင်းကလည်း ဘာသိလို့လဲ၊ အရူးစကားပဲ တခါတလေတော့





မှန်ဦးမှပေါ့"

"ကဲ အဲဒီဇော်အကြောင်းတော်တော့ကွာ၊ ငါမြို့ထဲကို သွားပြီး စိုက်ပျိုးရေးကလူတစ်ယောက်ဆီ ပင်စည်အားဖြစ်တဲ့ဆေး အကြောင်းသွားမေးမယ်၊ ခိုင်သစ် မင်းအိမ်ပြန်မှာ မို့လား၊ ပြန် လေကွာ၊ ငါလည်းပြန်မှာ"

ပွကြီးက

"ခိုင်သစ် မင်းစောစောပြန်ခဲ့ဦးကွ၊ ငါရေလောင်းရဦး မှာ"

"အေးပါ၊ စောစောပြန်ခဲ့မယ်"

"ဟော့ကောင်ခိုင်သစ်"

"ဘာလဲ"

"ငါ့ညက အိမ်မက်ထပ်မက်ပြန်ပြီကွ"

"အထူးအဆန်းလားကွာ၊ မင်း မက်ချင်တိုင်းမက်နေတဲ့ဟာ ကြီး"

"မဟုတ်ဘူးကွ၊ အခုဟာက နည်းနည်းထူးဆန်းလာတယ်"

"ဘာလဲ ကောင်မလေးမျက်နှာမှတ်မိပြီလား"

"မမှတ်မိသေးဘူး"

ခိုင်သစ် ကျွန်တော်မျက်နှာကြည့်ပြီး တည်သွား တယ်။

"ငါလည်း သူငယ်ချင်းအကျိုးကမပေးဘူး၊ ဇော်ကြတော့ ရူပဗေဒနဲ့သစ်ပင်အကြောင်းနားလည်သူလို့ထင်ပြီးရူး၊ ဒီတစ်ယောက် ကြတော့ နိုင်ငံခြားကပြန်လာပြီး အိပ်မက်ကိုယုံကြည်ကိုးကွယ်တဲ့သူ၊ ဒီကမ္ဘာမှာ မင်းတို့နှစ်ယောက်မှစိတ် ညစ်အောင်မနှိပ်စက်ရင် ဘယ် သူမှ နှိပ်စက်မှာမဟုတ်ဘူး"

"မင်းကလည်းကွာ အညှိုးကြီးစွာနဲ့နှိပ်စက်တာမဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com

ဘူး၊ တိုက်ဆိုင်လို့ပါ"

ခိုင်သစ်ပါးစပ်က ပျစ်နှစ်စွာဆဲပြီး

"ဒေါ်လေးတော့အားနာပါတယ်ကွာ၊ မင်းဟာက တိုက်ဆိုင်တာ လွန်လွန်းတယ်"

"ဒီလိုကွ နောက်ဆုံးအိပ်မက် Rest လုပ်သွားတဲ့နေရာက ငါ့ဝပျစ်ခြံထဲဖြစ်နေတယ်၊ ပြီးတော့ ငါ့ခြံအခြေအနေတွေ လည်း မင်းသိသားပဲ"

"အရင်နဲ့စာရင်တော့ တော်တော်နီးနေပြီ"

"ငါတော့ထင်တယ်၊ ဒီအနီးအနားမှာပဲရှိလိမ့်မယ်လို့ ထင်တယ်"

"ဟာ ငါပြောတဲ့ နီးနေပြီဆိုတာ စိတ်ရောဂါကု ဆရာဝန်နဲ့ တွေ့ရဖို့ နီးနေပြီလို့ပြောတာ"

ကျွန်တော့်ကိုပြောပြောဆိုဆိုနဲ့ခြံထဲကနေ ခိုင်သစ်က ဆိုင်ကယ်မောင်းပြီးလစ်သွားတယ်။

မဖြစ်လို့သာ နားထောင်ရတာ။

ဒီကောင်တွေလည်း ဘယ်နားထောင်ချင်ပါ့မလဲ။

အချစ်ရယ် မင်းမျက်နှာလေးကို ဖတ်ခွင့်ပေးပါ၊ ကိုယ်မင်းဆီရင်ခုန်သံတွေကို အပြင်းစီးပြီးအရောက်လာခဲ့မယ်။



# အိပ်မက်အပိုင်း (၃)

ည

ကျယ်

တိတ်ဆိတ်

သော နေရာတစ်ခုကို သူ ရောက်နေသည်။

မျိုးစုံသော ပန်းမန်လ်တို့၏အလယ်၌နှလုံးသားနီနီထွေး ထွေး လေးတစ်ခုရှိနေသည်ဆိုတာ သူသိ၏။ ပန်းရနံ့များက ထုံသင်း မွှေးမြလျက်။ သာယာအေးချမ်းမှုသည် တည်ငြိမ်သော လေညှင်းနှင့် အတူ သူ့ဆီပဂတိအတိုင်းလွင့်လူးလာသည်။

ဒီနေရာဟာ အရောင်တွေအထပ်ထပ် ကာရန်ထားသော ကဗျာဘိုင်းတစ်ခုဟုဆိုလျှင်ရသည်။ ပန်းမျိုးစုံစွာဖြင့် တစ်ထပ်ပြီးတစ် ထပ်ကာထားသော အချစ်မြို့ရိုးတစ်ခုလား။

ထိုမြို့ရိုး၊ ပန်းမြို့ရိုးကိုသူဝင်လာခဲ့ပြီး ပန်းခင်းလမ်းမှာ ရနံ့ တို့၏သယ်ဆောင်ရာအတိုင်း သူရွေ့လာခဲ့၏။

ပန်းပွင့် ပန်းရောင်စုံများဖြင့် တင့်တယ်လှသော ပန်းဘုံ ပြာသာဒ်တွင် သူ့ချစ်သူရှိနေသည်။ ချစ်သူက ပန်းဘုံ အလယ်မှ သူ့ ကို လှမ်းခေါ်နေ၏။ ချစ်သူဆီ သူစိတ်နဲ့အတူ သူရောက်သွား သည်။

ပန်းနဲ့လုပ်ထားသောဒန်းလေးပေါ်တွင် ချစ်သူက ပျော်ရွှင် စွာ ညည်းနေသည်။

"ကိုကို လာ ဒီမှာထိုင်"

ချစ်သူကလည်း ပန်းဘုံအလယ်မှာ အလှဆုံးပွင့်နေသော ပန်းလေးတစ်ပွင့်ပါလား။ အနီရောင်ပန်းခင်းကြီးထဲမှာ သူနဲ့ သူ့



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူသည် ပန်းမင်းသားလေးနဲ့ ပန်းမင်းသမီးလေးဖြစ်နေသည်။

"ကိုကို ပျော်လားဟင်"

"ပျော်တယ်၊ ဒါပေမဲ့ ချစ်က ကိုယ့်ကိုထားပြီးထွက် သွားရင် ကိုယ့်ရင်ခုန်သံတွေကို နှုတ်ယူသွားသလိုပဲ"

ချစ်သူက သူ့ကိုကြည့်ပြီး ခိုးခိုးခစ်ခစ်ရယ်နေပြန်သည်။ ချစ်သူအပြုံးကိုသူမြင်ရသည်။ လှလွန်းသောကြောင့် သူ့ရင်ထဲမှာ ပုံဖော်မရတာလဲ ဖြစ်နိုင်သည်။

"ကိုကို ချစ်ကို ပုံပြောပြပါလား"

"ကိုကို ပုံ မပြောပြတတ်ဘူး ချစ်"

"ဟာ မရဘူး၊ ပြောပြကိုကိုရာ၊ စင်ဒရဲလား ဖိနပ် ပျောက်တာတို့၊ ရွှေယုန်နဲ့ရွှေကျား သက်ကယ်ရိတ်သွား‧တာတို့တော့မပြောနဲ့"

"အဲဒါဆိုကိုယ်က ချစ်ကိုဘာပြောပြရမလဲ"

"ကိုကို့စိတ်ထဲက ပုံပြင်တစ်ပုဒ်ကိုပေါ့"

သူဘယ်ပုံပြင်ကိုပြောရမလဲ။

သူ့မှာ ပြောစရာပုံပြင်တွေရောရှိရဲ့လား။

ဒါပေမဲ့ သူ့အတွေးထဲမှာ ပုံပြင်တစ်ပုဒ်က ထင်းခနဲ ဖြစ်သွားသည်။ သူဌေးသမီးလေးရဲ့ ဖြတ်ထိုးဥာဏ်နဲ့ရွေးချယ် တတ်တဲ့ ပုံပြင်လေး။

"ချစ်"

"ဘာလဲကိုကို"

"ကိုကို ခေါင်းစဉ်မမှတ်မိတော့ဘူး"

"အဲဒါ ပုံပြင်ခေါင်းစဉ်လားကိုကို"

"ချစ်ကနောက်နေပြန်ပြီ၊ ကိုယ်က အဲဒီပုံပြင်ရဲ့ ခေါင်းစဉ်ကို မမှတ်မိတော့တာ"





"ရတယ်၊ ပုံပြင်ဖြစ်ရင်ပြီးရော၊ ချစ်က ကိုကိုရင်ခွင်ထဲမှာ ခေါင်းလေးတိုးပြီး နားထောင်ချင်လို့"

"ပုံပြင်လေးက ဒီလို တခါက ကောင်မလေးတစ်ယောက်ကို မိဘတွေက သူဌေးကြီးတစ်ယောက်ဆီက ပိုက်ဆံချေးပြီး ပြန်မဆပ်နိုင်တော့ သူဌေးကြီးက ကောင်မလေးကို သိမ်းပိုက်မယ်လုပ်သတဲ့"

ချစ်သူက သူ့ရင်ခွင်ထဲမှာ တိုးဝှေ့ရင်း မျက်လုံးလေး မော့ကြည့်ကာ သူပြောတဲ့ပုံပြင်ကို နားထောင်နေသည်။ ချစ်သူ မျက်လုံးလေးတွေက အပြစ်ကင်းသလို တကယ့်ကို ရိုးသားဖြူစင်တဲ့ ကလေးလေးလိုပဲ။ ချစ်သူရဲ့ပါးပြင်လေးပေါ်မှာ အဖြူရောင်ဆိုတာ ထက် ငွေယောင်သမ်းနေတဲ့ လက်မ ဝက်ခန့်ရှိသောအမွှေးလေး နုခြောင်းရှိသည်။ ဘယ်ဘက်ပါးတွင် ဖြစ်၏။

"ကိုကို ဆက်ပြောလေ"

"သူဌေးကြီးက သူမတရားသိမ်းတယ်ဆိုတာကိုလည်း လူတွေမသိစေချင်ဘူး၊ ဒါနဲ့ကောင်မလေးကို ကျောက်ဖြူလေးနဲ့ ကျောက်အနက်လေးရွေးခိုင်းတယ်၊ ကောင်မလေးက ကျောက်ဖြူလေးကိုရွေးနိုင်ရင် အကြွေးကြေသလို ကောင်မလေးကိုလည်း သိမ်းတော့ဘူးလို့ ကောင်မလေးကို သူဌေးကြီးကပြောတယ်၊ ဒါပေမဲ့ ကျောက်အနက်လေးကိုရွေးမိရင်တော့ သူဌေးကြီးက သိမ်းပိုက်မယ်တဲ့"

ချစ်သူက သူ့ပုံပြင်ကိုနားထောင်ရင်း ခေါင်းထောင်လာတာ..

"ကိုကို သူ့မှာချစ်သူတွေမရှိဘူးလား"

"ချစ်ကလည်း ကိုယ့်ပုံပြင်ထဲမှာ ချစ်သူမပါဘူး"

"ဟင့်အင်းမရဘူး၊ ချစ်သူတော့ထည့်ပေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ပုံပြင်ပျက်သွားမှာပေါ့"

"ပျက်ပျက် အဲ့ဒီကောင်မလေးက ချစ်ဖြစ်ချင်တယ်"

သူ့ကိုအမြဲအနိုင်ယူနဲ့ ဆိုးဆိုးတတ်သောချစ်သူ၏ အလို အတိုင်း ကောင်မလေးမှာချစ်သူရှိသည်လို့ ပြင်ပေးရ၏။ ကောင်မ လေးချစ်သူက တိုင်းတပါးသို့ကုန်ကူးနေသောကြောင့် အချိန်မှီပြန် မရောက်သေးကြောင်းကိုလည်း ဖြည့်စွက်လိုက်ရသည်။ ပြီးမှဆက် ၍. . . .

"အဲဒါနဲ့ ကောင်မလေးဟာ လူပရိသတ်အလယ်မှာ ကိုယ့် ကံကြမ္မာကို ခဲရွေးဖို့အချိန်ကြလာတယ်။ သူဌေးကြီးရဲ့ လူယုံတွေဟာ အိတ်ထဲကိုခဲအနက်ကလေးနှစ်လုံးပစ်ထည့်လိုက်တာ ကောင်မလေး က မြင်လိုက်တယ်။ သူ့လိုပဲ လူပရိသတ်လည်းမြင်တယ်။ ဒါပေမဲ့ သူဌေးကြီးကိုကြောက်တော့ မပြောရဲကြဘူး"

ချစ်သူက

"ချစ်ဆိုဝင်ပြောမှာပဲ"

"နားထောင်မှာမို့လား၊ ဝင်မပြောနဲ့၊ ဝင်ပြောရင် ဆက် မပြောတော့ဘူး"

အဲဒီလိုဆိုတော့ ကောင်မလေးက ဝင်မပြောဘူး ဆက် ပြောလို့ပြော၏။

"ကောင်မလေးက သူဘယ်ခဲနှိုက်နှိုက် အနက်ဖြစ်မယ် ဆိုတာသိတော့ ကောင်မလေးက ဘယ်လိုလုပ်ရမလဲဆိုတာ ကြံ တာပေါ့၊ အဲဒီအချိန် တဒင်္ဂလေးမှာပဲ ကောင်မလေးက ကျောက်ခဲ ထည့်ထားတဲ့အိတ်ထဲသွားပြီး နှိုက်လိုက်တယ်၊ ပြီးတော့ကျောက်ခဲ ပုံတစ်ခုပေါ်ကိုလဲချင်ယောင်ပြီး ခဲကို လွှတ်ချလိုက်တာပေါ့၊ ကောင် မလေးကို လူပရိသတ်ကလည်း သနားနေတာ၊ အသံတောင် မထွက်ဘူး။ ကောင်မလေး အဲဒီလိုဖြစ်သွားတာ သူဌေးကြီးက ဘယ်





လိုလုပ်ရမှန်းမသိဖြစ်သွားတယ်"

ကြည့်စမ်းဖြူစင်တဲ့ ရိုးသားတဲ့ကလေးလေးကို သူ့ ရင်ခွင်မှာ ခုံသူက အသက်ပင်မရှူအားအောင် စိတ်ဝင်တစား နားထောင် နေ၏။ သူကစကားကို ခဏနားကာ ဆက်ပြောသည်။

"ကောင်မလေးက သူဌေးကြီးကို သူစိတ်လှုပ်ရှားလွန်းလို့ ဒီလိုဖြစ်သွားတာ တောင်းပန်ကြောင်းကိုပြောတယ်။ ပြီးတော့ သူ့ အခုလိုဖြစ်သွားတဲ့အတွက် ပြဿနာမရှိပါဘူး၊ သူမရွေးချယ်ပဲ ကျန်ခဲ့တဲ့ခဲကိုကြည့်တာနဲ့ သူဘာရောင်ရွေးတယ်ဆိုတာ အဖြေရှာ ယို့ရကြောင်းကိုပြောလိုက်တယ်။ သူဌေးကြီးက သူ့အိတ်ထဲက ခဲကိုကြည့်လိုက်တော့ အနက်ဖြစ်နေတယ်။ လူပုံအလယ်မှာဆိုတော့ သိသိနဲ့မကြည့်လို့မရဘူးလေ၊ အဲဒီတော့ ကောင်မလေးရွေးတာ အဖြူရောင်ခဲလေး ဖြစ်နေတယ်လို့ ဆုံးဖြတ်လို့ရတာပေါ့"

သူပုံပြင်ဆုံးမှ ချစ်သူကသက်ပြင်းချသည်။

"ပုံပြင်လေးက သိပ်ကောင်းတယ်နော်၊ ကောင်မလေးက ဉာဏ်သိပ်ကောင်းတာပဲ၊ ချစ်လည်း အဲဒီလိုဉာဏ်ကောင်းချင်တယ်၊ ကောင်မလေးချစ်သူက ဘယ်အချိန်ရောက်လာလဲ"

"ကြွေးတွေဆပ်ဖို့ အပြေးလာတာပေါ့၊ ကောင်မလေးက သူ့ပြဿနာသူဖြေရှင်းပြီးသွားလို့ သူတို့နှစ်ယောက် ပေါင်းကြလေ သတည်းပေါ့ ချစ်ရာ"

"ကိုကိုရော ချစ်ကို အဲဒီကောင်မလေးချစ်သူလို လာပြီး ဖြေရှင်းပေးမှာလား"

"ထူးထူးဆန်းဆန်းကွာ ချစ်ရဲ့ချစ်သူပဲ"

ချစ်သူက ပြုံးရွှင်စွာသူ့ရင်ခွင်ထဲက ရုန်းထွက်လိုက်သည်။

အဲဒီအချိန်လေးမှာ သူဟမ်းဖုန်းက သားစိုးနတ်ဒိုးသံ ပေါ် လာ၏။ ဟမ်းဖုန်းကိုကြည့်ပြီး ဘယ်ကဖုန်းလဲဟုတွေးစဉ် သူ



www.burmeseclassic.com

www.burmeseclassic.com



အဝေးတစ်နေရာကနေ သူအိပ်နေသောအခန်းထဲပြန် ရောက်သလို ငှန်းခနဲပြန်ရောက်လာသည်။



တမ်း

ဖုန်း

၈

သားစိုးနတ်ဒိုးသံ ဆင့်ကာဆင့်ကာ မြည်နေသည်။

ကျွန်တော် အိပ်မှုံစုတ်ဖွားနဲ့ ဟမ်းဖုန်းကိုလှမ်းယူလိုက်ပြီး ဘယ်သူ့ဖုန်းလဲလို့ကြည့်လိုက်တယ်။ ဖုန်းနံပါတ်က ကျွန်တော် တစ်ခါမှမမြင်ဘူးတဲ့ ဖုန်းနံပါတ်။

"ဟဲလို"

"ဟဲလို ကိုသက်နိုင်ထွန်းလား"

"ဟုတ်ပါတယ် ဘယ်သူလဲမသိဘူး"

"ဒီကအသံတောင်မမှတ်မိတော့ဘူးလား"

အသံက ကျွန်တော်ရင်းနှီးဘူးတဲ့ မိန်းကလေးသံတစ်ခုပဲ။ ဒါပေမယ့် ဘယ်သူဆိုတာစဉ်းစားလို့မရဘူး။ အသိမိတ်ဆွေတွေထဲက အသံလား။ ဘယ်သူများဖြစ်မလဲလို့ စဉ်းစားကြည့်တော့လည်း ခေါင်းထဲမှာ အသိကစဉ်းစားမရ ဖြစ်နေတယ်။

တစ်ယောက်ယောက်ကများ ကျွန်တော်ကိုနောက် နေသလား။

"စိတ်မရှိနဲ့နော်. . . ၊ ကျွန်တော်အသံကို မမှတ်မိဘူးဖြစ်နေတယ်"

တစ်ဘက်က ခိုးခိုးခစ်ခစ်ရယ်သံကိုကြားရတယ်။ ကျွန်တော့် ကို သဘောကျပြီးရယ်နေတဲ့အသံ။

"အေးပေါ့လေ၊ သက်က နှစ်တွေကြာပြီဆိုတော့ မမှတ်မိ



www.burmeseclassic.com

www.burmeseclassic.com

တော့ဘူးပေါ့"

ခေါင်းထဲသိသလိုရှိလာတယ်။

ကျွန်တော့်ကို သက်ကလို့ခေါ်တာ ထားတစ်ယောက်ပဲ ရှိတယ်။

ဟုတ်တယ် ထားထားဝေပဲဖြစ်လိမ့်မယ်။

"ထားထားဝေမို့လား"

"ဟုတ်ပသက်ရယ် ဟုတ်ပ၊ သက်။ အသံတွေက စိမ်းလှချည်လား။ ပြန်ရောက်တယ်ဆိုတာတောင် သူငယ်ချင်း တစ်ယောက်ပြောလို့သိရတာ။ ဖုန်းနံပါတ်လည်း အဲဒီ သူငယ်ချင်းဆီက ရတာပဲ"

"အခုဘယ်ကဆက်တာလဲ"

"ပြည်ရောက်နေတယ်၊ ထားကို လက်ခံတွေ့နိုင်မလားလို့ ဖုန်းဆက်ကြည့်တာ"

"ငါ အိပ်ရေးမဝသေးဘူး"

"ဘယ်အချိန်ရှိပလဲ၊ နာရီကြည့်ဦး၊ ရှစ်နာရီကျော်နေပြီ၊ ဒါပဲ၊ နောက်တစ်နာရီအတွင်း သက်ဆီထားလာခဲ့မယ်. . အိမ်ကပဲစောင့်နေ"

"နေဦးထား"

"နေဦးထား မလုပ်နဲ့၊ အိမ်ကစောင့်နေ ထားလာခဲ့မယ်"

ဗုဒ္ဓေါ။ ထားထားဝေ ဘယ်ကနေဘယ်လို ကျွန်တော်ရောက်တာသိနေပါလိမ့်။ ထားထားဝေနဲ့ကျွန်တော်က ကျောင်းတုန်းထဲက ချစ်သူမကျ သူငယ်ချင်းမကျတွေ။ အိမ်နဲ့ကလည်း ရင်းနှီးပြီးသား။ ကျွန်တော့်အပေါ်လည်း အတော်နိုင်တယ်။

ထားထားဝေပြောသလို အခုလာမယ်လို့ပြောတဲ့ အတိုင်းလာမှာ။

ထားထားဝေလည်း အခုထိအပျိုကြီး။ လူဝင်မှု ကြီးကြပ်ရေး





မှာ အရာရှိဖြစ်နေပြီ။ မကွေးမှာတာဝန်ကျတယ်လို့တော့ ကြားသား။ အခုဘယ်ကနေ ဘယ်လိုပြန်ရောက်တာပါလိမ့်။ ကျွန်တော့် ဖုန်းနံပါတ်ကို ထားထားဝေသိဖို့ဆိုတာ မဖြစ်နိုင်။

ခိုင်သစ်ဆိုတဲ့ကောင်ဆီကသိဖို့လည်း မလွယ်။ ခိုင်သစ်နဲ့ ထားထားဝေက တစ်ယောက်ယောက်နဲ့ တစ်ယောက်ကြည့်ရသူတွေ မဟုတ်။ အနီးစပ်ဆုံးစဉ်းစားလို့ရတာတော့ ဇော်ဇော်ဆိုတဲ့ ဂျပုကောင်ဆီကဖြစ်နိုင်တယ်။

ဒီကောင်က မပြောနဲ့ဆိုရင် ထီးဆောင်းပြောတဲ့ ကောင်။

သေချာသည်။ ဇော်ဆိုတဲ့ကောင်ထားထားဝေကို ပြောတာပဲဖြစ်ရမယ်။ အခု မကြာခင်ပဲ ထားထားဝေရောက်လာတော့မည်။

မျက်နှာသစ်သွားတိုက်ပြီး တစ်ခါတည်းရေမိုးချိုးလိုက်တယ်။

ကျွန်တော်တွေးမိတယ်။ ထားထားဝေကတစ်နေရာကို တစ်ခုခုလိုက်ကျွေးခိုင်းဦးမှာပဲဆိုတာကို။ ထားထားဝေက ကျွန်တော့်ကို တော်တော်တော့ ခင်တယ်။ လူတော်များများက ကျွန်တော်နဲ့ထားထားဝေကို ချစ်သူတွေလို့ထင်နေကြတာ။ ကျွန်တော် ထားထားဝေကို ခင်ခုန်လို့မရဘူးဆိုတာပဲ။ ထားထားဝေကို သူငယ်ချင်းတစ်ယောက်လိုပဲ သံယောဇဉ် ထားနိုင်တယ်။ ဒီထက်ပိုပြီးခံစားလို့မရဘူး။

အဲဒါကြောင့်ထားထားဝေ မခံစားရစေချင်လို့ ကျွန်တော်သူ့ကိုဖွင့်မပြောခဲ့ဖူးဘူး။ အချစ်ဆိုတာဖန်တီးလို့မှမရတာ။ အချစ်ကို ကျွန်တော်နားလည်သလို ဖွင့်ဆိုလိုက်တာ ကျွန်တော်ကတော့ မမှားဘူးလို့ထင်တယ်။

ဒါပေမဲ့ပြဿနာကရှိလာတယ်။

ထားထားဝေက ကျွန်တော့်ကိုလုံးဝမကျေနပ်ဘူး။ ကျွန်


www.burmeseclassic.com

www.burmeseclassic.com



တော်ကလည်း သူ့ကိုဘာမှမပြောဘဲ ဒိုင်းခနဲဆိုထွက်သွားတာကိုး။ အဲဒီတော့ ကျွန်တော် နိုင်ငံခြားသွားတာလဲသိရော ဒေါသူပုန်ထတော့တာပေါ့။

ကျွန်တော် ဟိုရောက်ပြီး သုံးနှစ်လောက်အထိ ထားထားဝေဆီက မကျေနပ်တဲ့စာတွေတစ်နှစ်ကို ဆယ်လေး ငါးစောင်လောက်ရောက်လာတယ်၊ မေမေတို့ဖေဖေတို့နဲ့ တယ်လီဖုန်းပြောဖြစ်ရင်ထားထားဝေလာရင် လက်ဆောင် ပေးဖို့ပစ္စည်းတွေကို သူ့အတွက် သီးသန့်ဖယ်ပေးဖို့ပြောထား ရတယ်။

နောက်မှအမျက်တော်ပြေသွားတာ။

အခုလည်း ဘာဒေါသူပုန်တွေနဲ့ထပြီး ကျွန်တော်ကို ဖွဲချက်တင်မလဲဆိုတာ သူလာမှပဲသိတော့မှာ။

ငယ်တဲ့သူတွေမဟုတ်တော့ ဘာပဲပြောပြော အရင်ထက်စာရင်တော့ တော်သေးဦးမယ်လို့ထင်တာပဲ။

အဝတ်အစားလဲပြီး ကျွန်တော်အိမ်ပေါ်ကနေ ဆင်းလာတယ်။

မေမေကိုလန်းနေတာတွေ့တော့ ကျွန်တော်ခြံထဲက အလုပ်တွေကိုပစ်ပြီး ဒီမှာလာပြီးဂရုစိုက်လာနေပေးတာ အဖိုးတန်သွားသလိုတန်ဖိုးရှိသွားတယ်။

"မေမေနေကောင်းလား"

"ကောင်းပါတယ်သားရယ်၊ မင်းခြံထဲကိုပစ်ထားလို့ရရဲ့လား"

"ရတယ်မေမေ၊ ဟိုကောင် ခိုင်သစ်နဲ့ထားခဲ့လို့ရပါတယ်၊ ဒီကောင်တွေ ညီအစ်ကိုက အားကိုးရပါတယ်"

"အေးလေ ထားခဲ့လို့ရလဲပြီးတာပါပဲ၊ သားဘယ်လိုဖြစ်ပြီးအိပ်ရာထနောက်ကျနေတာလဲ"





"ဟုတ်တယ်မေမေ၊ ညကစာဖတ်တာ ညဉ့်နက်သွားလို့ပါ"

ဪ မေမေ၊ တော်ကြာထားထားဝေလာလိမ့်မယ်၊ ါးစပ်က ချွေးမချွေးမနဲ့ မခနဲ့ပါနဲ့၊ တော်ကြာအမဲသားကျွေးသလိုဖြစ်သွားမယ်"

"ထားဝေက. . ."

"ဘယ်တုန်းကပြန်ရောက်လဲ"

"လာတော့မှာ လာမှပဲမေးကြည့်၊ မနက်ကပဲဖုန်း ဆက်ပြီးန့်တွေ့သွားတယ်"

"မင်း သူ့ကိုယူမယ်ဆိုလည်းယူတော့ ဟိုကအပျိုကြီး ဖြစ်နေပြီ တော်တော်ဟိုင်းနေပြီနော် သား"

မေလွင်စိုးက အိမ်ရှေ့ထွက်လာပြီး ကျွန်တော့်ကို မမေးရဲမေးရဲမေးတယ်။

"ကိုကြီး"

"ဘာလဲ"

"ဟို မထားထားဝေ ဒီကနေ့လာမယ်တဲ့လား"

"ဟုတ်တယ်၊ နေပါဦးထားဝေနဲ့ နင်နဲ့ကဘယ်လို လုပ်သိလဲ"

"ဟို- ဟို ညီမလေးသူငယ်ချင်း လင်းလတ်က မထားထားဝေရဲ့ညီမ"

"ထားဝေညီမက နင့် သူငယ်ချင်းဟုတ်လား၊ ဒါဆို ငါ့ဖုန်းနံပါတ် နင်ပေးလိုက်တာမို့လား"

"ဟုတ်တယ် လင်းလတ်က ကိုကြီးနဲ့မထားထားဝေအကြောင်းအကုန်လုံးသိတယ်၊ စကားစပ်မိရင်းက ညီမလေးကို ကိုကြီးညီမမှန်းသိပြီး ကိုကြီးဖုန်းနံပါတ်ကိုပြောမိတယ်၊ အဲဒါနဲ့ သူ့အစ်မဆီ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားတာနေမှာပေါ့"

"သြော် တရားခံကနင်ကိုး"

ညီမလေး မေလွင်စိုးကခေါင်းလေးပုပြီး လျှာလေးထုတ်ကာ နောက်ဖေးခန်းထဲလှစ်ခနဲထွက်ပြေးသွားတယ်။

ကျွန်တော်က မေလွင်စိုးကို တစ်ခုခုမာန်ဖို့ကြိုးစားနေတုန်း အိမ်ရှေ့ကိုဂျစ်ကားအစိမ်းလေးတစ်စီးက ထိုးရပ်သွား တာမြင်လိုက်တယ်။

အံမယ် အပျိုကြီးမမ ဒေါ်ထားထားဝေက ဂျစ်ကားကို ကိုယ်တိုင်မောင်းလို့။ ဆယ်နှစ်အတွင်းပြောင်းလဲသွားတဲ့ ပြောင်းလဲမှုတွေ။ တော်တော်လေးတော့အိနြွေရပြီး အတုအယောင်တွေနဲ့ လွှမ်းထားတဲ့ပုံသဏ္ဍာန်က ထားထားဝေရဲ့ ရုပ်ဆင်းလွှာမှာ ပေါ်လွင်နေတာပဲ။

ထားထားဝေကားပေါ်က ဆင်းလာတယ်။

လက်ထဲမှာလဲ အထုပ်တွေအပိုးတွေနဲ့။ အိမ်ထဲရောက်ရောက်ချင်း ကျွန်တော့်ကိုအခဲမကြေတဲ့စကားလုံးတွေနဲ့ ခံပက်တော့တာပါပဲ။

"အန်တီနေမကောင်းလို့ဆို"

"ဟုတ်တယ်သမီး၊ အခုတော့တော်တော်လေး ကောင်းသွားပါပြီ၊ သမီးဘယ်တုန်းကပြန်ရောက်လဲ"

"မနေ့ကပဲအန်တီ၊ အန်တီဖို့လက်ဆောင်"

"အားနာစရာကြီးကွာ"

"ရပါတယ် သမီးက လက်ဆောင်ပေးရမှာစိုးလို့ တိတ်တိတ်လေးခိုးပြန်လာတဲ့သူမျိုးမဟုတ်ပါဘူး"

လုပ်တော့လုပ်နေပြီ။ သတိသာထားပေတော့. . .

"အခုမကွေးမှာလား"





"ဟုတ်တယ်အန်တီ၊ ရွှေစက်တော်ဘုရားဖူးလေး ဘာလေးလာခဲ့ဦးလေ၊ သမီးလိုက်ပို့မယ်"

"အေးပါကွယ်၊ လာဖြစ်ရင် သမီးဆီဝင်ခဲ့မယ်၊ ကဲ စကားပြောဦး၊ အန်တီ နောက်ဖေးမီးဖိုချောင် ခဏသွားကြည့်လိုက်ဦးမယ်၊ သမီးအပူလား၊ အအေးလား"

ထားထားဝေက ကျွန်တော့်ကိုပြုံးမဲ့မဲ့ဖြင့်ကြည့်တယ်။

"သက် ဘယ်လိုဖြစ်တာလဲ၊ နင်ပြန်ရောက်တာတောင် ငါ့ကိုဆက်သွယ်ဘူး၊ ဦးဆုံးတာကအစ ငါမသိရဘူး၊ နင်ပြန်ရောက်တာဘာကြောင့် အကြောင်းမကြားတာလဲ"

"နင့်ကိုဆက်သွယ်ရမဲ့လိပ်စာမှ ငါမသိတာပဲဟာ၊ ပြီးတော့ ငါကဖေဖေ နေမကောင်းတာရယ်၊ ဖေဖေဆုံးသွားတော့ ခြံလုပ်ငန်းထဲမှာ"

"တော်- သက် အပိုတွေပြောမနေနဲ့၊ နင် ငါ့ကို ဆက်သွယ်ချင်ရင် ငါ့အိမ်ကိုလာမေးလို့ရတယ်။ နင်သက်သက်ငါ့ကို အဆက်အသွယ်ဖြတ်ထားတာ"

ကျွန်တော့်ကို သူကပဲလွှတ်ကောနေတယ်။

အိမ်ကကောင်မလေးတစ်ယောက်က ထားထားဝေအတွက် ကော်ဖီတစ်ခွက်နဲ့မုန့်လာချပေးတယ်။ ထားထားဝေကကြည့်ပြီး

"ငါဒါနဲ့ ကျေနပ်ရမှာလား"

"အေးပါ၊ ငါ နင့်ကိုအဆင့်မြင့်ဆုံး Breakfast လိုက်ကျွေးမယ်"

"နင် ငါ့ကို ပျားရည်တစ်စက်နဲ့ဝမ်းမချနဲ့"

"နင်က ဘာထပ်လိုချင်သေးလို့လဲ"

"ငါလိုချင်တာ နင်သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထားထားဝေပြောတဲ့အဓိပ္ပါယ်ကို ကျွန်တော် သဘောပေါက်တယ်။ သူနဲ့ ကျွန်တော်နဲ့ဇာတ်လမ်းက အစရှိနေတာကို။

"လာဟာ- Breakfast တစ်ခုခု စားရင်းစကားပြောကြတာပေါ့"

"ဒါဆို သွားမယ်လေဟာ၊ ရှေ့သော့ ကားမောင်း"

"ငါမမောင်းရဲဘူးထားဝေ၊ ဒီမှာကားမောင်းရတာ အခုထိအသားမကျသေးဘူး၊ ဆိုင်ကယ်တောင် တော်တော် အားစိုက်ပြီးစီးနေရတာ"

"အေးပါ၊ အဲဒါဆိုရင် ငါမောင်းမယ်၊ ဘယ်ကိုသွားရမှာလဲ"

"ကမ်းနားက Lucky Dragon ကိုသွား။ အဲဒီမှာ Breakfast အဆင်ပြေတယ်"

ကျွန်တော်ထားထားဝေကို ပြောပြီး တယ်လီဖုန်း ခလုတ်တွေကိုနှိပ်ပြီး မိုတယ်ကိုလှမ်းပြီး Booking (ဘွတ်ကင်) လုပ်လိုက်တယ်။ လမ်းတွင်ထားထားဝေက

"နင့်ကောင်မလေး ဘယ်နှစ်ယောက်နဲ့ အဲဒီ မိုတယ်မှာ breakfast စားပြီးပြီလဲ"

"နင်ယုံမှာလား"

"ယုံပါတယ်သက်ရယ်ပြောပါ၊ ကိုယ့်သူငယ်ချင်းက ရုပ်ချောသူမို့ မဒီလေးတွေဝိုင်းနေမှာသိပါတယ်"

"နင်ပထမဦးဆုံးပဲ"

ကျွန်တော့် စကားကိုကြားတော့ အပျိုကြီးနည်းနည်းတော့ရင်ခုန်သွားပုံရတယ်။ ပါးစပ်က ရှုပ်သလိုနောက်သလိုနဲ့ အိုမိုင်ဂေါ့လို့ မြည်တွန်လိုက်သံကြားလိုက်ရတယ်။

Lucky - Dragon မိုတယ်ကိုရောက်တော့ လူငယ်သုံး





ဒေသးယောက်လောက် ရေကူးနေတာကို ရပ်ကြည့်နေကြသေးတယ်။ မိုတယ်ကအသစ်ဆိုပေမဲ့ ဝန်ဆောင်မှုကိုအပြည့်စုံဆုံးဖြစ်အောင်ပြင်ဆင်ထားသောကြောင့် အတော့်ကိုအဆင်ပြေသလို၊ ပြင်ပြင်ကဖြတ်လာတဲ့လေကိုလည်း ဝဝလင်လင်ရှူရှိုက်ရတယ်။

ဝိတ်တာလေးက ကျွန်တော့်တို့အနားရောက်လာပြီး

"ဆရာစောစောက (ဘွတ်ကင်) ကြိုလုပ်ထားတာ ဆရာလား၊ ဟိုအစွန်ကဝိုင်းလေးပဲ၊ ဘာသုံးဆောင်မှာလဲဆိုတာ ကြိုတင်မှာထားလို့ရပါတယ်"

"အော်အေး၊ ကဲထားဝေ၊ နင်စိတ်ကြိုက်မှာ၊ ငါအတွက်တော့ ဘရာဇီးကော်ဖီတစ်ခွက်နဲ့ ပေါင်မုန့်ကင် တစ်ပွဲထောပတ်သုတ်ရင်ရတယ်"

"ရတယ်၊ ငါလည်း နင့်အတိုင်းပဲလေ"

"မှာနော်၊ တော်ကြာ ငါက ကပ်စီးနဲတယ်ဆိုပြီး အတင်းပြောတ်နဲ့"

"ငါက သက်ကိုတွေ့ချင်တာကလွဲပြီး ဘာမျှော်လင့် ချက်မှမရှိဘူး"

"အေး ညီလေး ဘရာဇီး ကော်ဖီနှစ်ခွက် ပေါင်မုန့်ကင်ကို ထောပတ်သုတ်ပေး၊ နှစ်ပွဲကွာ၊ ပြီးတော့ ဒင်းဆမ်းအစုံယူလာခဲ့။ ရတော့ပြီလား"

"ဟုတ်ကဲ့"

"သြော်နေဦး"

"ဗျာ ဆရာပြောပါ"

"ငါးသုံးလုံးတစ်ဗူးလောက် အရင်ယူခဲ့ကွာ"

"ဟုတ်ကဲ့ဆရာ"

ဝိတ်တာကောင်လေးထွက်သွားပြီး မကြာဘူး၊ စီးကရက်ဗူးကို



www.burmeseclassic.com

www.burmeseclassic.com



လင်ဘမ်းထဲထည့်ပြီးယူလာတယ်။ ဘမ်းထဲမှာ ငါးသုံးလုံးတံဆိပ် မီးခြစ်လေးတစ်လုံးလည်း ပါလာတယ်။

ကျွန်တော်က စီးကရက်ဗူးကိုယူပြီး ဖောက်လိုက်တယ်။ ပြီးတော့ မီးခြစ်ကိုလှမ်းယူမယ်လုပ်တုန်း

"သက်- ငါ့မှာမီးခြစ်ပါတယ်"

"ရတယ်ညီလေး၊ ဒီမှာမီးခြစ်ပါတယ်တဲ့၊ ယူသွားတော့"

"ရော့"

ထားထားဝေဆီက မီးခြစ်ကိုလှမ်းယူလိုက်တယ်။ စီးကရက်ကိုမီးညှိပြီး မီးခြစ်ကိုထားထားဝေကို ပြန်ပေးလိုက်တယ်။ ထားထားဝေက -

"ရတယ်၊ နင်ပဲယူထားတော့၊ စီးကရက်သောက်တတ်ပြီး ဘယ်တော့မှ မီးခြစ်မဆောင်ထားဘူး"

"နင်ကလည်းအရင်လို မွေးနေ့တိုင်းဘုရားတက်ရင် ဘုရားမီးပူဇော်ဖို့ မီးခြစ်ဆောင်တုန်းပဲမို့လား"

"သက်ကမှတ်မိသားပဲ၊ ဒါတွေထားပါဦး"

ကျွန်တော်နဲ့ထားထားဝေ စားပွဲဝိုင်းလေးဆီကို လမ်းလျှောက်လာခဲ့တယ်။ ထိုနေရာလေးကနေမြစ်ပြင်ကိုလှမ်းမြင်ရတယ်။ ဒီနေရာလေးကိုအမြဲလိုလို ကျွန်တော်တစ်ယောက်တည်း လာလာပြီးထိုင်တယ်။

ဘာ့ကြောင့်မှမဟုတ်ဘူး။ တခါတရံညနေပိုင်း ဘီယာတွေဘာတွေသောက်ရင် သိပ်ကိုအရသာရှိတာ။

ဝိတ်တာလေးက ကော်ဖီခွက်နှစ်ခွက်လာပို့ရင်း ကျွန်တော်တို့နှစ်ယောက်ကို ပြင်ဆင်ပေးကာ-

"အနေတော်ပဲလားဆရာ"

"အေး အနေတော်ပဲ"





ဝိတ်တာလေးက ကော်ဖီနှစ်ခွက်ကို သေချာစွာကျွမ်းကျွမ်းကျင်ကျင်ဖျော်ပေးတယ်။ ကော်ဖီနံ့လေးက သင်းလို့။ ထိုကဲ့သို့ကော်ဖီရနံ့မျိုးကိုရလိုက်တာနဲ့ ကျွန်တော်စိတ်တွေက လန်းဆန်းတက်ကြွသွားတယ်။

ဝိတ်တာလေးကဖျော်ပြီးသောအခါ ပေါင်မုန့်ကင်ကို ထောက်သုတ်ရင်း

"ဆရာ- လိုက်ကာတွေကိုဖွင့်ပေးရမလား"

"ရတယ်၊ ဒီအတိုင်းလေးပဲကောင်းတယ်"

"သက်၊ ဒီမှာ နင်တစ်ယောက်တည်း လာထိုင်နေတတ်တယ်လား"

ကျွန်တော်ခေါင်းငြိမ့်ပြလိုက်တယ်။

"တခါတလေ ငါနဲ့ခိုင်သစ်နဲ့ တခါတရံတော့ ဟိုကောင်ဇော်ကို ဝင်ခေါ်လာရင် သူပါပါလာတယ်"

"သြော်- ငါ နင့်ကိုမေးစရာရှိတယ်"

"မေးလေ"

ကျွန်တော်က ပေါင်မုန့်ကိုစားရင်းပြောလိုက်တယ်။

"ငါဘာ့ကြောင့် အလုပ်မအားတဲ့ကြားထဲက ပြည်ကို ပြန်လာတာလဲဆိုတာသိလား"

ကော်ဖီတကျိုက်မော့သောက်ရင်း ကျွန်တော်က အဝေးကိုကြည့်နေသော မျက်လုံးအားရွှေ့ပြီး သူမကိုစေ့စေ့ ကြည့်၍

"နင်က ငါ့ကြောင့်ပြန်လာတာလို့ပြောမှာမို့လား"

"အေးဟုတ်တယ်"

ကျွန်တော်ကစီးကရက်တစ်လိပ်ကိုထပ်ပြီး မီးညှိ၍ ထပ်ဖွာနေလို့ ထားထားဝေက ကော်ဖီကိုငုံ့သောက်လျှက်။ ထားထားဝေက ကျွန်တော့်ကို စကားတွေပြောစရာရှိနေတယ်ဆိုတာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

သဘောပေါက်လိုက်တယ်။

"သက်"

"ဘာလဲ ထားဝေပြော"

"ငါ အခုချိန်ထိ မစဉ်းစားဘူးလို့ပြောရင် နင်ရယ်မှာလား"

"ရယ်စရာမဟုတ်ပါဘူးဟာ၊ ဘဝတူတွေပဲ"

"ဘဝတူလို့မပြောနဲ့ နင်ကမိန်းခလေး"

ကျွန်တော်က ကျွန်တော့်စကားကို ရယ်မိသလို ထားထားဝေကလည်း လိုက်ရယ်တယ်။ နှစ်ယောက်သား ဘာရယ်တာလဲလို့ပြိုင်တူမေးမိလို့ထပ်ရယ်မိပြန်တယ်။

"သက် နင်ကို ငါတစ်ခုပြောမယ်၊ နင်ဘာ့ကြောင့် ငါ့ကို အကြောင်းမကြားပဲ ဒီကနေ နိုင်ငံခြားကို အသိမပေးဘဲ ထွက်သွားတာလဲ၊ စာတွေရေးပြီးပြောပြပြီးသားတော့မလုပ်နဲ့၊ ငါလွမ်းခဲ့တဲ့အပတ်ထဲက နင်ဒီမှာပြန်ရောက်နေတာကို ငါ့ညီမ မကွေးကိုလာတော့မှ ငါသိရတာ။ နင့်မှာ အရင်လိုငါ့ကို သံယောဇဉ်တွေမရှိတော့ဘူးလားလို့ ငါသိချင်တယ်"

ကျွန်တော်သက်ပြင်း နုနုတစ်ခုကိုမှုတ်ထုတ်လိုက်ပြီ။

"နင် အိမ်ထောင်ပြုသင့်ပြီ"

"ငါမေးတာ ဖြေဟာသက်"

"ထားဝေ ငါအခုဖြေနေတာပဲ။ နင့်ကိုငါသူငယ်ချင်းတစ်ယောက်ထက်ပိုပြီး ရင်ခုန်ဖို့စဉ်းစားပါသေးတယ်။ ဒါပေမဲ့ ငါ့ရင်ထဲမှာ ငါ့ကိုအိပ်မက်တစ်ခုက ဖြတ်စီးနေတယ်၊ တစ်ကြိမ်မဟုတ်ဖူး၊ အမြဲတမ်း။ ငါအဲဒီအိပ်မက်ပေါ်မှာ. ."

"သက် နင်ပြောတဲ့စကားကို ငါသဘောပေါက်ပြီ"

"ငါ့ကိုခွင့်လွှတ်ပါ ထားဝေ၊ နင်နဲ့ ငါဟာ အမြဲတမ်းသူငယ်ချင်းပါပဲ"





တကယ်ဆို ကျွန်တော် ထားထားဝေကို ဒီလိုပြောခဲ့သင့်ဘူး။

ဒါပေမဲ့ သူ့ကိုမျှော်လင့်ချက်တွေထပ်မပေးချင်တော့၊ တကယ့်ဆို သူ့အတွက်လမ်းတွေအများကြီးကျန်သေးတာ မဟုတ်ဘူး။ ကျွန်တော် ဒီလိုမျိုးပြောလိုက်တာမမှားဘူးလို့ ထင်တယ်။

ထားထားဝေမျက်လုံးထဲမှာ မျှော်လင့်ချက်တွေပျောက်ကွယ်မသွားဘူး။ ကျွန်တော်နဲ့ထားထားဝေ ဖူးစာဆုံဖို့ကံမပါဘူးလို့ အဓိပ္ပါယ်ရသောစကားကို ကျွန်တော်ပြောလိုက်တာ။

"ထားဝေ နင်ငါ့ကိုနားလည်ထား"

"နင့်ကို ငါနားလည်ပါတယ်သက်"

ထားထားဝေ မျက်နှာကတင်းမာမှု လျော့လျော့ဖြင့် ကျွန်တော်ကိုငေးစိုက်ကြည့်ပြီး ထပ်ပြောတယ်။

"နင်ကို ငါနားလည်တယ်သက်၊ နင့်အိပ်မက်တွေ အောင်မြင်ပါစေလို့ ငါဆုတောင်းတယ်"

"အေးပါ သူငယ်ချင်းရယ်၊ နင့်ရင်မှာလည်း ငါ့ကို သူငယ်ချင်းတစ်ယောက်ထက်ပိုဖို့ကြိုးစားတိုင်း သူငယ်ချင်း တစ်ယောက်ထက်ပိုချစ်တဲ့စိတ်က ပိုနေတယ်မို့လား"

ထားထားဝေခေါင်းငြိမ့်ပြီး ကျွန်တော့်ကိုပြုံးပြတယ်။

"ဒင်းဆမ်းတွေစားအုံးဟာ"

"ဗိုက်တော်တော်ပြည့်နေပြီ"

ကျွန်တော်က လက်နှစ်ဖက်ကိုဖြန့်၍ လေထဲမှာ သူ့ရှေ့ကမ်းလိုက်တယ်။ ထားဝေကလည်း သူ့လက်နှစ်ဘက်ကို ကျွန်တော့်လက်ပေါ်တင်လိုက်တယ်။

ငယ်ငယ်တုန်းကလိုပဲ။

လူတွေက ကျွန်တော်တို့နှစ်ယောက်ကိုကြည့်နေကြမှာ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နဲ့ထားထားဝေကတော့ ကလေးငယ်တွေလို ပျော်ရွှင်နေတယ်။

အဲ့ဒီပျော်ရွှင်မှုဟာ ကမ္ဘာကိုနှစ်ပေါင်းများစွာကြာမှ ရောက်လာတတ်တဲ့ကြယ်တံခွန်လိုပါပဲ။

"ညကြရင် နင့်ကို ဒင်နာကျွေးပါရစေ"

"နင် ဇော်နဲ့ ခိုင်သစ်ကိုပါ ခေါ်မှာမို့လား"

"အေး မင်းမင်းထွန်းကိုပါခေါ်မှာ"

"မင်းမင်းထွန်းက ဘာလို့ခေါ်ရမှာလဲသက်ရ၊ တို့ သူငယ်ချင်းမှမဟုတ်တာ"

"သူ့ကိုနင်အဖြေပေးဖို့ရှိတယ်လေ"

"သက်ရာ ရှက်စရာကြီး၊ အသက် ၃၅နှစ်ကြမှ ငယ်ငယ်ကဟာတွေပြန်စရမယ်လို့ သူကဒီမှာရှိလို့လား"

"တိုင်းမြေစာရင်းရုံးမှာ ဒုဦးစီးနဲ့ပြန်ရောက်နေတယ်။ လူပျိုကြီးပဲ"

"ဩော်--သူက အခုထိ လူပျိုကြီး"

"အေး လူပျိုကြီးလေ နင်ကမပြတ်မသားလုပ်ထားတာကို၊ ငါနဲ့နင် ဘယ်တော့မှအိမ်ထောင်ဘက်မဖြစ်နိုင်ဘူးဆိုတာ သိရဲ့သားနဲ့ နင်က ကိုယ့်ကိုယ်ကိုရော တစ်ဘက်သားကိုပါ နှိပ်စက်ထားတာ"

"နှိပ်စက်တာမဟုတ်ပါဘူး၊ နင်သာ ငါ့ကိုချစ်နေရဲ့နဲ့ ချစ်တယ်ဆိုတဲ့စကားကို မြိုသိပ်ထားခဲ့တယ်ဆိုရင် သူငယ်ချင်း တစ်ယောက်အနေနဲ့နင့်ကိုငါ ပါရမီဖြည့်ပေးဖို့ပါ"

"အချစ်မပါပဲ ဘယ်လိုလုပ်ဖြစ်မှာလဲ အပျိုကြီးရဲ့"

"သက် နင် ငါ့ကို အပျိုကြီးလို့မခေါ်နဲ့"

"နင်ကလည်း အပျိုကြီးမို့ အပျိုကြီးခေါ်တာပေါ့"





ကျွန်တော် ထိုနေ့က အတော်ကိုပျော်ခဲ့တယ်။

ကျွန်တော်ရယ်၊ ခိုင်သစ်ရယ်၊ ဇော်ရယ် ပြီးတော့ ထားထားဝေရယ်။ ပြီးတော့ ထားထားဝေကို တစ်ဖက်သတ် ကြိုက်နေတဲ့ မင်းမင်းထွန်းရယ်၊ ပျော်ပျော်ရွှင်ရွှင် လူငယ်လေးများအတိုင်း စားသောက်ခဲ့ကြတယ်။

ပျော်ရွှင်လန်းဆန်းတက်ကြွခဲ့ကြတယ်။

ပြန်ရခဲ့တဲ့ လူငယ်ဘဝဟာ အသက် ၃၅နှစ်သား ကျွန်တော့်အတွက် အလတ်ဆတ်ဆုံးကောင်းကင်ပါ။

ထားထားဝေရင်ထဲက ပြတိုက်တစ်ခုကိုတော့ ထားထားဝေ ဖော်ပြီး ဖတ်ခဲ့တဲ့ စာမျက်နှာတွေကိုပြန်ပြီးချိတ် တွဲပြလိုက်ရတာ ကိုက ကျေနပ်စရာပါ။

www.burmeseclassic.com

www.burmeseclassic.com

"ကိုကိုလေပြေလေးတွေကနှိုးနေတာပဲနော်"

"ချစ်ကကဗျာဆန်သွားပဲ"

"ချစ်ကကဗျာလေးတွေကိုချစ်တယ်၊ ကိုကိုရောကဗ

တွေကိုမချစ်ဘူးလား"

"ကိုကိုက ကဗျာတွေကိုတော့ဝါသနာပါတယ်၊ ဒါပေမဲ့

မချစ်မိဘူး"

"ဘာလို့လဲ"



# အိပ်မက်အပိုင်းခွဲ (၄)

ဘာ့

ကြောင့်မှန်း

မသိ။ ချစ်သူအလာကို အိပ်မက်ထဲတွင်

င်နေမိသည်။ ချစ်သူဘာ့ကြောင့် သူနဲ့မတွေ့သေးတာလဲဆိုတာ

ားမရ၊ သူက ဆူးလေမှတ်တိုင်တွင်ရပ်၍ ဘတ်စ်ကားစောင့်

ခြင်းဖြစ်သည်။

သူမျှော်နေတာတော့ သေချာ၏။

ချစ်သူကလာမည်ဟုပြောထားသောကြောင့် သူမျှော်နေ

ား။ ဒါမှမဟုတ် သူဟာသူပဲ သူ့စိတ်ကူးနဲ့သူ မျှော်နေတာ

၊ ခြင်းစားမရဖြစ်နေတုန်း သူ ၄၃-ဘတ်စ်ကားပေါ်တက်

သည်။ ဒီတစ်ခါ သူ့အိပ်မက်ကတော့ နည်းနည်းထူးဆန်းသည်။

မြို့ထဲတွင်ဖြစ်နေသည်။

၄၃-ဘတ်စ်ကားသည်အတော်ကို ကျပ်နေ၏။ ရုံးချိန်ဖြစ်

ကြောင့်လားမသိ။ လူတွေအများကြီးပြည့်သိပ်နေသည်၊ သူက

ရ၊ စပယ်ယာက သူ့ကိုအတင်းပဲအတွင်းသို့တိုးဝင်ခိုင်းကာ

ကလည်း အမျိုးမျိုးပြောနေသည်။

သူကနားငြီးလာ၍ အတွင်းသို့တိုးဝင်ကာ အတွင်းရောက်

င်နောက်သို့လျှောက်လာသည်။ သူနောက်ပိုင်းသို့ရောက်

အခါ ကားစပယ်ယာက ကားခလိုက်ကောက်နေ၏။ သူက

ဆံအိတ်စမ်းကြည့်သောအခါ သူ့အင်္ကျီတွင် အိတ်ကပ်မပါ။

ခါးကြားတွင်ပိုက်ဆံအိတ်ကိုစမ်းကြည့်သောအခါလည်း

မပါ။



www.burmeseclassic.com

www.burmeseclassic.com



သူဘာယ်လိုလုပ်ရမှန်းမသိ။

ထိုစဉ် သူ့နောက်က ခစ်ခစ်ဟူသောရယ်သံကို ကြား လိုက်ရသည်။ လှည့်ကြည့်သောအခါ ချစ်သူဖြစ်နေ၏။

"ကိုကိုကလည်း ကားခလေးတောင်ထည့်မလာဘူး"

ကားစပယ်ရာအားချစ်သူကပင် နှစ်ယောက်ခ ပေးလိုက် သည်။

"ကားပေါ်ကို ကိုကိုတက်သွားတာ ချစ်သာမမြင်ရင် ဒုက္ခ နော်"

ထိုစကားကို သူပြောတာလား။ ချစ်သူပြောတာလား၊ ခွဲခြားမရ။ ဘာမှမတွေးချင်တော့။ ယခု သူနှင့်ချစ်သူ ဘတ်(စ်) ကား ပေါ်မှာ။ စောစောတုန်းက ချစ်သူကိုမျှော်ရင်း ဘယ်ကလာမှန်း သိတာကိုရပ်ပြီးစောင့်ရတဲ့ဒုက္ခက တခဏချင်းပျောက်သွားသည်။

"ကိုကို ဒီကားကဘယ်ကိုရောက်လဲ"

"မြောက်ဥက္ကလာကိုလေ"

"ကိုကိုကလည်း ဟုတ်မှပြောပါ၊ ဟိုမှာ မန္တလေးကျုံးကြီး ကိုတွေ့ရဲ့သားနဲ့"

သူကြည့်လိုက်တော့ ဟုတ်တော့ဟုတ်သည်။

မထူးတော့ ကျုံးဘေးမှာ သူလမ်းလျှောက်ချင်တာ ကြာပြီ ဒါကြောင့် မှတ်တိုင်ပါတယ်ဟု သူလှမ်းအော်လိုက်၏။

"ဆင်းမှာလားကိုကို"

"ဆင်းမှာလေ မန္တလေးကျုံးမြို့ရိုးမှာလမ်းလျှောက်ချင်ဆို ဒီကနေပတ်လျှောက်ပြီး ကျုံးရှေ့မှာ ပန်တျာကျောင်းရှိတယ်၊ အဲ ကျောင်းရှေ့မှာ ဆရာကြီးစိန်ဗေဒါပုံသွားပြီး ဂါရဝပြုရတာပေါ့"

ကားရပ်သောအခါ သူနှင့်ချစ်သူကားပေါ်မှဆင်းခဲ့သည်။

မန္တလေးစပယ်ယာတော့မဟုတ်၊ ကားစပယ်ရာက တွန်း





ခါ၊ ထို့ကြောင့် အောက်ရောက်သောအခါ ကားကိုကြည့်လိုက် သောအခါ ၄၃- ဘတ်(စ်) ကားပဲဖြစ်နေသည်။ ဒါကြောင့် ရန်ကုန် ပေယ်ယာက ကားနဲ့အတူပါလာတာဟု သူ မှတ်ချက်ပြု လိုက် သည်။

"ကိုကို လေပြေလေးတွေကနူးညံ့နေတာပဲနော်"

"ချစ်က ကဗျာဆန်သားပဲ"

"ချစ်ကကဗျာလေးတွေကိုချစ်တယ်၊ ကိုကိုရောကဗျာ တွေကိုမချစ်ဘူးလား"

"ကိုကိုက ကဗျာတွေကိုတော့ဝါသနာပါတယ်၊ ဒါပေမဲ့ ချစ်မိဘူး"

"ဘာလို့လဲ"

"ချစ်ကိုချစ်တဲ့အချစ်တွေလျော့သွားမှာစိုးလို့"

"ကိုကိုစကားက အလာကြီးပဲ"

"ဟောဒီ ရင်ထဲကလာတဲ့စကားပါချစ်ရယ်၊ မယုံရင် ရင်ကို ကြည့်"

"တော်ပါပြီ"

"ချစ် ဘယ်သူ့ ကဗျာတွေဖတ်သလဲ"

"ချစ်လား၊ ဟိုအရင်တုန်းက မဂ္ဂဇင်းက ကဗျာတွေကို ခံစားတတ်ဘူး"

သူနဲ့သူ့ချစ်သူ ကျုံးအတိုင်းတောင်ဘက်ကျုံးမြို့ရိုးက နေ ရှေ့ပြင်ဘက်ကိုလျှောက်လာသည်။

"ပြောလေချစ်"

"အခုတော့ မဂ္ဂဇင်းကဗျာတွေကို ချစ်ကြိုက်လာပြီး ခံစားတတ်နေပြီ၊ ဆရာမဝိုင်ချို့တို့ ဆရာမနွယ်စိမ်းဝေတို့ ကဗျာတွေကိုချစ်အရမ်းကြိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



သူခပ်အုပ်အုပ်လေးရယ်မိသည်။

"ကိုကိုဘာရယ်တာလဲ"

"ချစ်ကလည်းကွာ၊ ကဗျာဆရာဒိုင်ချို့တို့ နွယ်စိမ်းဝေ တို့ဆိုတာ ကဗျာဆရာတွေ ကဗျာဆရာမတွေမဟုတ်ဘူး"

"အို ဟုတ်လား"

"ဟုတ်တာပေါ့"

"သူတို့နာမည်တွေက မိန်းကလေး နာမည်တွေနဲ့တူတယ် နော်၊ ဩော်ဒါနဲ့ သွေးစစ်ကိုင်းဆိုတာရော၊ အမလား အထီးလား"

"အမ-အဲ မိန်းမကဗျာဆရာပါ"

"ဩော် တော်သေးလို့"

"ကိုယ်လည်း အဲဒီဆရာတွေ ကဗျာကြိုက်တယ်၊ တချို့ ကဗျာတွေကို အလွတ်တောင်ရတယ်၊ နောက်ဆရာ တာရာမင်းဝေတို့ ဆရာ သစ္စာနီတို့ကဗျာတွေလည်း ကောင်းတယ်၊ ချစ်ရှာဖတ်ကြည့် လေ"

"ဟုတ်ကဲ့၊ ကို၊ ကိုချစ်ဖတ်ပါ့မယ်၊ ဟိုတစ်ခါ ကိုကို ဖတ်ခိုင်း တဲ့ လေရှူးသုန်သုန်တို့ စစ်နဲ့ ငြိမ်းချမ်းရေးတို့ခန်းဆောင်နဲ့ အိပ်မက် တို့ဆိုတဲ့စာအုပ်တွေ ချစ်ရှာဖတ်တယ်"

"ပြီးသွားပြီလား"

"ပျင်းလို့"

"မပျင်းရဘူး ကြိုးစားဖတ်၊ ဆရာကြီးအထောက်တော် လှအောင်ရဲ့ အုတ်ကြားမြက်ဆိုတဲ့ ဝတ္ထုဆို ချစ်ကြိုက်မှာ"

"ကိုကို ဆရာမင်းလူရဲ့ ကဲ့ကော်နီဖတ်ပြီးပြီလား"

"ကိုယ့်အကြိုက်ဆုံးပေါ့။ ကိုက ဂျူး၊ မင်းလူ၊ တာရာမင်းဝေ ဆိုကိုယ့်ဘဝမှာ အကြိုက်ဆုံးစာရေးဆရာတွေပဲ"

"ဟုတ်လား"





"ဟုတ်တယ်၊ အခုချစ်ပြောတဲ့ ဆရာမင်းလူရဲ့ ကဲ့ကော်နီဆို ဆရာမင်းလူဝတ္ထုတွေထဲမှာ ကိုယ်အကြိုက်ဆုံး။ ဆရာမဂျူးဆိုရင် အမှတ်တရက ရင်ထဲအစွဲလန်းဆုံးဖြစ်သလို အခုထွက်လာတဲ့ ဆရာ တာရာမင်းဝေရဲ့ အရှေ့မြို့ရိုးကမိုးရေစက်များဆိုတဲ့ ဝတ္ထုကလည်း ကိုယ်ခရေစီပဲ"

"ကိုကို အကြိုက်ဆုံးဆိုတဲ့ဝတ္ထုလေးတွေ ချစ်ရှာဖတ်ဦး မယ်"

သူနဲ့သူချစ်သူ ကျုံးရှေ့ဘက်သို့ စကားပြောရင်း ရောက်သွား သည်။ သို့သော် သူတို့နှစ်ယောက်ရောက်သွားသည်။ နေရာက ကျုံး ရှေ့မဟုတ်။ ဒေါ်စလိုမြို့လေးဖြစ်နေသည်။

ချစ်သူက ပန်းနုရောင်ဂါဝန်လေးဖြင့် ဘုရားကျောင်းထဲက ထွက်လာသော သူတို့သမီးလိုလှနေသည်။

"ကိုကို ဒီမြို့လေးမှာ ဘယ်တွေလျှောက်လည်မလဲ"

"ကိုယ်မပြောတတ်ဘူး၊ ဒီမြို့လေးကို ကိုယ်သိပ်မသိဘူး"

"ကိုကိုသိရမှာပေါ့၊ ကိုကိုက နိုင်ငံခြားမှာနေလာတာပဲ"

"ကိုယ်တကယ် မသိတာ"

"ရတယ် ကိုကိုမသိလဲ ချစ်ဟာချစ်လျှောက်သွားမယ်"

"ဘယ်ဖြစ်မလဲ၊တစ်ယောက်တည်း ကိုကိုစိတ်မချပါဘူး"

သူ့ကိုချစ်သူ စိတ်ကောက်သွားပြီ။

သူဘယ်လိုမှချော့မရတော့။ သူကလိုက်ခေါ် သော်လည်း ချစ်သူကသူ့ကို စိတ်ဆိုးစွာလှည့်မကြည့်ပဲ ထွက်သွားသည်။

သူလှမ်းခေါ်သော်လည်း လှည့်မကြည့်။

သူ့အော်သံသာ သူ့ပါးစပ်ဖျားမှထွက်လျက် တန်းလန်းကျ နေသည်။ သူ့အသံသူပြန်ကြားမှ သူအိပ်မက်က လန့်နိုးနေပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com

သူ့ကျွန်တော့်ကိုအိပ်မက်ထဲမှာလို

ဘာ့ကြောင့်မမှတ်မိတာလဲ။

ကျွန်တော့်ကိုမေ့သွားပြီလား။

သူ့မကျော့ပြင်ဟာ

ကျွန်တော့်အိမ်ရှေ့ကန်ရေပြင်ကိုဖြတ်လာတဲ့လေ

သပြေပင်ရိပ်လေးကိုတင်ဖြတ်သွားတာမဟုတ်။

ကျွန်တော့်ရင်ကိုပါဖြတ်နင်းသွားတာ။

ဆက်

သေး

သည်။

ဒီတစ်ခါ အိပ်မက်က သားစိုး နတ်ဒိုးက နိုးတာမဟုတ်။ ကျွန်တော်အိပ်မက်က နိုးနိုးချင်း ကောင်မလေး ချက်နှာတွေးမရတာကိုပဲ ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်မိတယ်။

ဘယ်လိုမျက်နှာလဲဆိုတာ အိပ်မက်ကနိုးတာနဲ့မသိတော့။ ဒီအိပ်မက်က အမြဲတမ်းကျွန်တော့်ကို အတွေးတွေ ပေးနေကြ။ ဤအရာဟာ တကယ်လား။ တကယ်ပဲကျွန်တော့်ရဲ့ဖူးစာရေးနတ်က ကျွန်တော်ကိုအိပ်မက်နဲ့ ဖျားယောင်းနေတာလား။ ကျွန်တော် အိပ်မက်ထဲက ချစ်သူအပေါ် စိတ်ဝင်စားမှုတော့ရှိတယ်။

ဒါပေမဲ့တကယ်ဖြစ်လာမလားဆိုတာတော့ စဉ်းစားမရ။

မသေချာတဲ့ကိစ္စတစ်ခုကို စောင့်ကြည့်တဲ့လူလိုဖြစ်နေပြီ။

ကျွန်တော်ရေချိုးရင်းတွေးမိတယ်။ ခြံထဲကိုဒီနေ့ပြန်မှဖြစ်ညည်း မေမေလည်းနေကောင်းနေပြီ။ သစ်ပင်တွေ အခြေအနေက နေ့တိုင်းစောင့်ကြည့်မှ။ နှင့်မို့ဆိုရင်မလွယ်။ ခိုင်သစ်တို့ ညီအစ်ကို ကြင့်စိတ်ချရတယ်ဆိုပေမဲ့ ကျွန်တော်ရှိနေတာလောက်တော့ ပိုစိတ်ချရတာမရှိ။

ကျွန်တော်မြို့သစ်အိမ်မှာ နေနေတယ်လို့သိရင် ဧည့်သည် လာလည်းထူသေးတယ်။ ကျွန်တော်ကိုယ်နှိုက်ကလည်း မြို့သစ်အိမ်မှာ သိပ်နေချင်လှတယ်မဟုတ်။အေးအေးဆေးဆေး နေချင်တာလဲ ပါတယ်။

ခြံထဲမှာက ကျွန်တော့်အလုပ်ကျွန်တော်လုပ်နေနိုင် စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကအချိန်ကုန်တယ်လို့ကိုမရှိဘူး၊ TV ကြည့်လိုက်၊ ကွန်ပျူတာဖွင့်ပြီး ဘယ်ဝက်ဘ်ဆိုက်ထဲဝင်ဝင်၊ စာအုပ်ပဲဖတ်ဖတ် အဆင်ပြေတယ်။

ဒီမှာတော့ အဲ့ဒီလိုမဟုတ်၊ သူငယ်ချင်းဟောင်းတွေက လာလိုက်။ ဟိုသွားလိုက် ဒီသွားလိုက်. . .

တခါတလေ မေမေဆီလာတဲ့ ဧည့်သည်တွေနဲ့ စကားပြောပေးရသေးတယ်။ စကားပြောရတာကို ကျွန်တော် စိတ်မညစ်ပါဘူး။ ဘာကိုစိတ်ညစ်တာလဲဆိုတော့ မေးတဲ့မေးတဲ့မေးခွန်းတွေ။

စပျစ်ခြံလုပ်ငန်း အဆင်ပြေလားဆိုတဲ့မေးခွန်းမျိုး။

ကျွန်တော်စိတ်အညစ်ဆုံးမေးခွန်းကတော့ လူပျိုကြီး လုပ်တော့မှာလား။ မစားရသေးဘူးလား။ အဲဒီမေးခွန်းတွေ။

ဒီကြားထဲ အောင်မျိုးဝင်းနဲ့ပြည့်ဖြိုးဇော်က မေမေနေမကောင်းတာ ခမဲလိုနေလို့ဆိုသေးတယ်။ သူတို့နှစ်ယောက်ရဲ့ မဒီတွေကလည်း ဒီအတိုင်းပဲ။

ကျွန်တော်မနက်စာကို မေမေသုတ်ပေးတဲ့ ထမင်းသုတ်ကို စားနေတယ်။ ငါးဖယ်ကြော်၊ ဝက်သားကြော်၊ ငါးဥစုံလို့။ ဟင်းတွေကိုကြည့်ပြီး

"မေမေ ဒါတွေကိုစားနေတာ"

"မေမေ မစားပါဘူး၊ သားဖို့ သီးသန့်၊ မင်းညီမနဲ့တူမကြော်ထားတာ၊ သူတို့လည်းကျောင်းကိုထမင်းချိုင့်ထည့်ဖို့ လေ"

သီရိအောင်က ထမင်းချိုင့်ကိုကျောင်းအတွက်ပြင်ဆင်ရင်း. . .

"လေးလေး"

"ဘာလဲ"

"သူများတွေ အင်တာနက်ဆိုင် ထိုင်နေကြပြီ၊ သမီးလည်း သင် ချင်တယ်"





"အဲဒါ ငါက ဘာလုပ်ပေးရမှာလဲ"

"လေးလေးသင်ပေးလေ၊ လေးလေးကွန်ပျူတာက အင်တာနက် ချိတ်လို့ရတယ်မို့လား"

"ဘာ လေးလေး ကွန်ပြူတာကိုချောင်းနေတာပေါ့၊ သူများတွေလည်း ဆိုက်ဘာကဖေးတွေမှာထိုင်နေကြတာပဲ၊ ညည်းကိုက ကွန်ပျူတာလိုချင်နေတာမို့လား"

"ဟဲဟဲ"

"ဘာဟဲဟဲလဲ၊ ငါစဉ်းစားဦးမယ်၊ ကွန်ပြူတာဝယ်ပေးတာ၊ နည်းပညာတက်စေချင်လို့ သူများနဲ့ တန်းတူအသိပညာကြွယ်ဝစေချင်လို့ တစ်ယောက်ကို ကွန်ပြူတာသင်ပေးတယ်"

"ဘယ်သူ့ကိုပြောတာလဲသား"

"မေမေကလည်း မေမေတူမ မေလွင်စိုးပြောတာ"

"ဘာလို့လဲ"

"ကွန်ပြူတာတတ်မှ ဂိမ်းတွေပဲဆော့နေတာမတွေ့ဘူး လား"

"လေးလေးကလည်း သမီးက စာကြည့်တိုက်တွေဖွင့်မယ်၊ ပြီးတော့ နည်းပညာအသစ်တွေကို လေ့လာမယ်၊ ပြီးရင် သတင်းတွေကို ဖွင့်ကြည့်မယ်၊ အဲဒီအတွက်ပါ"

"ချက်ချင်း (Chatting) ထိုင်ဖို့ရောစိတ်မကူးဘူးလား"

"အဟဲ"

"ဒီမှာဒေါ်သီရိအောင် အဟီလုပ်မနေနဲ့သွားတော့ ကျောင်းနောက်ကျနေဦးမယ်"

"မေမေကပြောတော့ သီရိအောင်က

"ကျောင်းက လိုသေးပါတယ် ဘွားလေးရဲ့၊ လေးလေးသမီး ကိုဝယ်ပေးနော်၊ အိမ်မှာဆိုတော့ အပြင်လည်း မသွားရတော့



www.burmeseclassic.com

www.burmeseclassic.com

ပိုအဆင်ပြေတာပေါ့"

ကျွန်တော် ထမင်းသုတ်ကိုစားရင်း ဘာမှမစားပဲလုပ်နေတယ်။

သီရိအောင်နဲ့ မေလွင်စိုးကို ဝယ်မပေးချင်လို့မဟုတ်၊ အရင်ထဲကဝယ်ပေးဖို့စဉ်းစားပြီးသား။ အခုခေတ်တင် အင်တာနက် ထိုင်တာကိုက လူငယ်တစ်ယောက်ရဲ့ စတိုင်ဖြစ် နေတာ။

အင်တာနက်က အကျိုးရှိအောင်သုံးနိုင်ရင်တော့ ပိုကောင်းတာပေါ့။ ကျွန်တော်တို့ငယ်ငယ်တုန်းက အုတ်ခုံမှာ ထိုင်ပြီး ဂစ်တာတီးသလို TV Game တွေ ကွန်ပြူတာဂိမ်းတွေ ပေါ်လာတယ်။ လူငယ်တွေအတွက် အန်တာတိမ့်မန့်(ချ်)၊ ဟာ VCD, DVD ကနေ EVD အထိပေါ်နေပြီ။

အခုဒီမှာ အင်တာနက်ပေါ့။

ဟိုမှာတော့ အင်တာနက်ဟာ ကလေးငယ်တွေ အထိ အင်တာနက်စွဲတဲ့ရောဂါတွေ ရှိနေတယ်။

သူတို့နှစ်ယောက်အတွက် ကွန်ပြူတာကို အင်တာနက်နဲ့ ချိတ်ပေးဖို့စီစဉ်ပြီးသား။

"လေးလေးဝယ်ပေးမှာမို့လား"

"စဉ်းစားဦးမယ်"

"လေးလေးကလည်း"

"လေးလေးကလည်း အလုပ်နဲ့အပေးအယူတော့လုပ်ရမယ်"

"ဘာအပေးအယူလဲလေးလေး"

"ညည်းရော မေလွင်စိုးပါ နှစ်ယောက်စလုံး ဆီက ကတိရမှ ဝယ်ပေးမယ်"

"ဘာကတိလဲလေးလေးရ"





"မေလွင်စိုးက ဒီနှစ် Honous ဝင်ရမယ်၊ ညည်းက အနည်းဆုံး ဂုဏ်ထူးသုံးခုပါရမယ်"

သီရိအောင်ခဏတော့ စဉ်းစားနေတယ်။

ကျွန်တော်သိသည်။ နှစ်ယောက်စလုံးတော်တော် ရှန်းကန်ရမှာကိုစွ။

"ဘယ်နဲ့လဲ"

"သမီး ဒီနေ့ကျောင်းပြန်လာရင် မကြီးမေလွင်စိုးနဲ့ တိုင်ပင်ကြည့်ဦးမယ်"

"မရရင်တော့ ပြန်သိမ်းထားဦးမှာ နော်၊ ရှက်ဖို့ကောင်း[illegible]ယ်"

"အင်းပါ သမီးတို့နှစ်ယောက်တိုင်ပင်ပြီးမှ လေးလေးကို [illegible]ပြန်မယ်၊ အခုတော့ ကျောင်းသွားလိုက်ဦးမယ်"

သီရိအောင် ထွက်သွားတာကို မေမေက လှမ်းကြည့်ပြီး

"ဝယ်ပေးလိုက်ပါသားရဲ့"

"မေလွင်စိုးက သွားပြီလား"

"သွားပြီလား သူကကျောင်းစောတယ်"

"ဝယ်ပေးမှာပါမေမေရဲ့၊ နည်းနည်းလေးတော့ ချုပ်ထားဦး[illegible]တွေလစ်ဟင်းမှာစိုးလို့"

"ကွန်ပျူတာ၊ အင်တာနက်က အဲ့ဒီလောက်အထိ စွဲသ[illegible]"

"အိမ်ကိုရောက်မှပဲ မေမေမြည်းစမ်းကြည့်တော့ သား [illegible]ဘအုပ် ဆိုင်ဘက်သွားလိုက်ဦးမယ်"

"ဪ အေးအေး"

ကျွန်တော်အိမ်ရှေ့ခြံထဲအထိ ဆိုင်ကယ်ကိုတွန်း ထုတ်[illegible]၊ ခြံဝမှာဆိုင်ကယ်ကိုထောက်ပြီးတံခါးကို ပိတ်ကာ ဆိုင်ကယ်


www.burmeseclassic.com

www.burmeseclassic.com

ပေါ်တက်၍စက်ကို နှိုးပြီးထွက်တော့မယ် အလုပ်။

ပန်းနဲ့လုပ်ထားတဲ့မြားတစ်စင်းဟာ ကျွန်တော်ရင်ကိုလာထိတယ်။ ဒီတပွဲတော့ ကျွန်တော်အဲ့ဒီရန့်တွေထဲက ထနိုင်မှာမဟုတ်တော့ဘူး။ မိန်းခလေးတစ်ယောက် ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်ကနေ ညင်သာစွာ အိန္ဒြေရှိစွာဖြင့် လျှောက်လာတာ တွေ့လိုက်ရတယ်။

ကျွန်တော် မြင်ဘူးနေကြမျက်နှာလေး။

အိပ်မက်ထဲကကောင်မလေး။ ကျွန်တော်တော်တော် အံ့ဩသွားတယ်။ ကျွန်တော့်အိပ်မက်ထဲကကောင်မလေးဟာ အပြင်မှာတကယ်ရှိတာပဲ။ အိပ်မက်ထဲမှာထက် သူမ ဟာပိုပြီးလှသလိုရှိတယ်။ ကျွန်တော်ကောင်မလေးကိုတွေ့မှ အိပ်မက်ထဲကကောင်မလေးရုပ်ကို ဘာ့ကြောင့်သတိရသွားတာလဲ။

ဆံပင်ကရှည်ပြီး နက်မှောင်ကျော့ရှင်းနေတယ်။ ခေါင်းမှာကလစ်ကလေးနှစ်ချောင်းကိုထိုးလို့၊ ဆံပင်ကိုဖြန့်ထားတယ်။ လုံချည်က ပန်းနုရောင်အပွင့်လေးတွေနဲ့နက်ပြာရောင်။ အကျီကရင်စေ့နက်ပြာလေးဖြင့် ဝမ်းဆက်ဖြစ်နေတယ်။

သိပ်လှတဲ့ အမျိုးသမီးလို့ဆိုရမှာပဲ။ သူ့လက်ထဲမှာ ဈေးခြင်းတောင်းလေးကိုဆွဲလို့ တဘက်ကထီးလည်းဆောင်း ထားသေးတယ်။

ကျွန်တော် သူမကို အသက်ရှူဖို့မေ့အောင် ကြည့်နေမိတယ်။

သိပ်လှတဲ့နတ်သမီးလေးပဲ။ သူမက ကျွန်တော်ကြည့်တာကို သိနေပုံရတယ်။ မျက်လုံးတွေက ကျွန်တော်နဲ့အဆုံမခံဘူး။ ဆေးနေတဲ့မျက်လုံးကို သူမက ယူလာသလိုပဲ။ ကျွန်တော်နဲ့သူမ ပေသုံးဆယ်လောက် အကွာအဝေးမှာရှိနေပြီ။





သူမမျက်နှာဟာဝိုင်းဝိုင်းပြည့်ပြည့်လေး။ အိပ်မက်ထဲကရုပ်ကိုမမှတ်မိတော့ အခုမှသေချာကြည့်မိတယ်။

သူမနှာတံလေးက သွယ်ဆင်းနေပြီး သူမပါးမို့မို့လေးနဲ့ အလွန်လိုက်ဖက်သလို ကော့ဆင်းနေတဲ့ မျက်တောင်နဲ့ နက်မှောင်ပြီး ဇင်ယော်တောင်လိုမျက်ခုံးမွေးက ကျွန်တော်ကို ရင်ဘတ်ဆွဲဆုတ်သလို ဆွဲဆောင်လွန်းအားကြီးတယ်။

ကျွန်တော်က သူမရဲ့အလှကွန်ယက်ထဲမှာ မိနေတဲ့ လိပ်ပြာတစ်ကောင်လိုပဲ။

အိပ်မက်ထဲမှာသိခဲ့ပေမယ့် အပြင်မှာစရာ သိလို့ရမလား။

အခုချိန်မိုးတွေ သဲသဲမဲမဲရွာလာရင် ကျွန်တော် သူမ ထီးအောက်ပြေးစိုမိမှာပဲ။ သူမ ကျွန်တော့်ကို မမှတ်မိတာလား။

ကျွန်တော်နဲ့ နီးသထက်နီးလာပြီ။

ဆယ်ပေလောက်ပဲဝေးတော့တယ်။ သူမကိုယ်သင်း ရနံ့တွေ ကျွန်တော့်ကိုလွှမ်းခြုံထားပြန်ပြီ။ သူမအရိပ်ကအစ လှနေသလားထင်ရတယ်။

သူမနဲ့ကျွန်တော်အတော်ကိုနီးနေပြီ။

ဆင်မယဉ်သာလမ်းလျှောက်တယ်ဆိုတာ သူမလမ်းလျှောက်တဲ့ ပုံစံကိုပြောနေတာလား။ ကျွန်တော်ကို သူမ သိနေမလား။ ရင်ထဲကလည်းသိပါစေလို့ ဆုတောင်းမိတယ်။

ကျွန်တော် ရင်တွေခုန်နေတယ်။

သူမ ကျွန်တော့်ကို တချက်ကြည့်တယ်။ ပြီးတော့ ကြည့်တယ်ဆိုရုံလေးဆိုတာ ကြည့်တယ်ဆိုတာ ကျွန်တော့် အထင်။ နဂိုအတိုင်းလမ်းလျှောက်နေတဲ့ပုံစံအတိုင်း သူလမ်း သူကြည့်ပြီးလျှောက်ရင်းကြည့်သွားတဲ့အရိပ်တစ်ခုကို ကျွန်တော်လုံးဝ မမြင်လိုက်ဘူး။

www.burmeseclassic.com



သူမမျက်နှာလေးပန်းနုရောင်ပွင့်ဖတ်လေးတစ်ခု ကပ်သလိုအရောင်စိုလေးတစ်ခုထင်းခနဲဖြစ်သွား၏။

ဒါကြောင့် ကျွန်တော့်ကိုကြည့်သွားတယ်လို့ထင်တာ။

သူ ကျွန်တော့်ကိုအိပ်မက်ထဲမှာလို ဘာ့ကြောင့်မမှတ်မိတာလဲ။ ကျွန်တော့်ကိုမေ့သွားပြီလား။ သူမကျောပြင်ဟာ ကျွန်တော့်အိမ်ရှေ့ကန်ရေပြင်ကို ဖြတ်လာတဲ့လေ၊ သပြေပင်ရိပ်လေးကိုတင်ဖြတ်သွားတာမဟုတ်။ ကျွန်တော့်ရင်ကိုပါ ဖြတ်နင်းသွားတာ။

သွေးကြောတွေမှာလာသလို ကျွန်တော့်ရင်ခုန်သံတွေကမီးသင့်ကျောက်လို ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်သွားပြီလား။

ကို

ဖြိုး

ဆိုင်ရှေ့

ဆိုင်ကယ်ရပ်လိုက်တယ်။ ဆိုင်ရှေ့ရောက်ရောက်ချင်း စက်မရပ်ခင်ဟွန်းသုံးလေးချက်ကို စိတ်လိုလက်ရ ဘာ ညည်ရွယ်ချက်မှမရှိပဲ တီးလိုက်မိတယ်။ ကျွန်တော့်အမူအယာနဲ့လုပ်ပုံကိုအံ့ဩတကြီးနဲ့ ကိုဖြိုး ဆိုင်ထဲက လှမ်းပြီးခေါင်းထောင်ကြည့်တယ်။

ကျွန်တော်က ဆိုင်ကယ်ပေါ်ကမဆင်းဘဲ လက်ဖက်ရည်သောက်ရအောင်ဟူသော သင်္ကေတမျိုးလက်ကနေလုပ်ပြတော့။

ပြည့်ဖြိုးဇော်ကလက်ကာပြတယ်။ ပါးစပ်ကလည်း

"ခဏထိုင်ပါဦးလား ကိုသက်၊ ဆိုင်ကကောင်မလေး မလာသေးလို့ ခဏစောင့်နေတာ၊ ကျွန်တော်တောင် ကိုသက်ဆီ လက်ဖက်ရည် သောက်လာခေါ်မလို့"

ကျွန်တော်ပြည့်ဖြိုးဇော်ပြောတာ ကြားတချက်မကြားတချက်။

ကောင်မလေးအကြောင်းစဉ်းစားနေရင်း ကောင်မလေးရုပ်ကို ပြန်တွေးတိုင်းမှတ်မိနေတာကိုသဘောကျနေတယ်။

ကျွန်တော် သူငယ်ချင်းဂျပုဇော်ဇော်ပြောသလိုဆို ငါတော်တော်ဘုတ်နေပြီပေါ့။ စဉ်းစားနေရင်းကိုယ့်အဖြစ်ရဲ့ အရိပ်ကို တက်နင်းမိတယ်။ သိသိချင်း နဖူးကိုလတ်နဲ့ရိုက်ပြီး ကျွန်တော်ကိုယ်ကျွန်တော်သေလိုက်ပါလားလို့ စိတ်ထဲက ပြောလိုက်မိတယ်။

"ခဏလေးစောင့်ပေးပါ ကိုဖြိုးကဘယ်လောက် စောင့်ရမှာမို့လို့လဲ ဒါလေးပြောတာနဲ့ နဖူးရိုက်ပြီး ကျွန်တော့် ကိုသေလိုက်ပါလားလို့ ပြောရတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com

လွဲပြီ။ တကယ်ဆို ကျွန်တော်ကပြုံးပြသင့်တယ်။

နောက်ပြီး သူ့နောက်ကိုလိုက်ပြီး သူဘယ်မှာနေလဲ ဆိုတာကိုသိသင့်တယ်။ ဆိုင်ကယ်ကိုစက်နှိုးပြီး သူသွားတဲ့ လမ်းအတိုင်း သူ့အိမ်ကိုသိဖို့သိချင်စိတ်က ပြင်းထန်လာတယ်။

ဒါကြောင့် အိမ်ရှေ့ကနေသူ့ရဲ့သဲလွန်စကို ကျွန်တော်ရှာဖို့ကြိုးစားလိုက်တယ်။

"ကိုသက် ခဏစောင့်ပါဦး၊ ကျွန်တော် လိုက်ခဲ့မှာပါ"

"မင်း ဒီမှာပဲစောင့် ငါပြန်လာမယ်"

BURMESE CLASSIC

ကိုသက်ကခေါင်းခါပြီးကျန်ခဲ့တယ်။

ကျွန်တော် ကောင်မလေးကို လိုက်ပေမဲ့ရှာမတွေ့တော့။

မြွေမြွေချင်းခြေမြင်သလို ရင်ခုန်သံချင်းရင်ခုန်သံချင်း အချစ်ကိုမြင်ရင်ဘယ်လောက်ကောင်းမလဲ။

အမှားဆိုတာ မမှန်ခင်တော့ရှိနေဦးမှာပေါ့။

ပြည့်ဖြိုးဇော်ဆိုင်ရောက်တော့ ဖြူဖြူပါရောက်နေတယ်။

"ကိုသက် ဘယ်ကိုပြန်ထွက်သွားရတာလဲ"

"ကိုဖြိုး မင်းကိုငါပြောစရာရှိတယ် ဖြူဖြူ နင်ထိုင်စောင့်ပေးလိုက်လာ၊ ကိုဖြိုးသွားရအောင်"

ကိုဖြိုးက နဝေတိမ်တောင်ဘုမသိဘမသိဖြင့် ကျွန်တော့်ဆိုင်ကယ်နောက်စွေခနဲပါလာတယ်။ ဆိုင်ကယ် နောက်ကထိုင်ရင်း ကျွန်တော့်ကို ပွစိပွစိဖြင့် ကိုဖြိုးကဘာတွေ ပြောမှန်းမသိ ပြောနေတယ်။ ကျွန်တော်ကတော့ ကျွန်တော့် ရင်ထဲကအလန်းဆုံး ပန်းရှုံ့နဲ့ ပန်းတစ်ခင်းလုံးရောင်စုံဖူးပွင့်လို့။

ကိုဖြိုးက

"ကိုသက် ဘယ်ကိုသွားမှာလဲ"

"မြန်မာဒီပါကိုလေကွာ"





"ဟာ စားသေးတယ်၊ လွှက်ရည်ဆိုင်ပဲကောင်းတယ်၊ Day and Night ပဲသွားဗျာ"

ကျွန်တော် လက်ဖက်ရည်ဆိုင်ကို ဦးတည်ခဲ့တယ်။

လက်ဖက်ရည်ဆိုင်ရောက်တော့

"ကိုသက် ဒီကနေ့ဘာတွေဖြစ်နေတာလဲ၊ ဘီယာသောက်လား ဘာလားနဲ့ဖားနေတာတော့ မဟုတ်ပါဘူး"

မိုးမွန်အောင် ပြည့်ဖြိုးဇော်ကိုဆဲလိုက်မိတယ်။

"ငါက မင်းကိုဘာ့ကြောင့်ဖားရမှာလဲ ခွေးကောင်"

"မသိဘူးလေ နည်းနည်းထူးခြားနေသလားလို့ပါ၊ ဘာတွေ ပြောစရာရှိလဲပြောဦး"

"ဒီလိုကွာ. . . . "

လက်ဖက်ရည်ဆိုင်က စားပွဲထိုးလေးရောက်လာလို့ စကားပြတ်သွားတယ် လက်ဖက်ရည်မှာပြီးတော့မှ စကားကိုပြန်ဆက်ရတယ်။

"ငါအိပ်မက်. . . "

"ကိုသက်ကလည်း အိပ်မက်အကြောင်းကိုသိပြီးသားပဲ၊ အိပ်မက်ထဲမှာ ကိုသက်ချစ်သူကောင်မလေးနဲ့တွေ့တယ်၊ အိပ်မက်ကို အလှအပဆုံး အခန်းနားဆုံးနဲ့ အိပ်မက်ဆိုတဲ့ အတိုင်း ထင်ရာမြင်ရာတွေ လျှောက်မက်မယ်ဗျာ"

"ဟေ့ကောင် ငဖြိုး၊ မင်းတော်တော့ ငါ့အိပ်မက်ကိုများ"

"မဟုတ်လို့လား၊ ကိုသက်အိပ်မက်က အရမ်းကို ကောင်းပြီး ပြီးလဲပြီးလန့်နိုးရော၊ ဒီလောက်လှပါတယ်ဆိုတဲ့ ကောင်မလေးမျက်နှာမမှတ်မိဘူးဆိုတာတော့. . . "

"မင်းထင်ရာမြင်ရာတွေလျှောက်ပြောမနေနဲ့"

"ထင်ရာမြင်ရာလျှောက်ပြောတာမဟုတ်ဘူး ကိုသက်၊ အိပ်မက်နဲ့ ကောင်မလေးကို စဉ်းစားရတာ သိုက်စာလိုလို ရတနာသိုက်



www.burmeseclassic.com

www.burmeseclassic.com



လိုလိုအမိပ္ပါယ်ဖေါ်ရတာထက်ပိုပြီး ခက်နေလို့"

သူတို့ပြောမယ်ဆိုလဲပြောစရာ။ ဟိုကောင် အောင်မျိုးဝင်း ပါရင် ကျွန်တော့်ကိုဒီထက်ပိုပြီး နစ်နစ်နာနာပြောဦးမှာ။ ကျွန်တော် အိပ်မက်ကို ဒီကောင်တွေတင်မဟုတ် ခိုင်သစ်နဲ့ ပွကြီးလည်း အိပ် မက်ပေ့ဆိုရင် တီကိုဆားနဲ့တို့တဲ့အတိုင်းပဲ။

ကျွန်တော်က အခုအချိန်မှာ အကူအညီလိုတဲ့သူဆို တော မျက်နှာချိုသွေးရတော့မှာပေါ့။

"ညီလေး ကိုဖြိုးကလည်း အခုကိစ္စကိုတော့ ဆုံးအောင်နာ ထောင်ပေးပါကွာ၊ မင်းအတွက်ကြိုက်တဲ့ဆိုင်မှာ onetable ကွာ"

"one table ဆိုတာတော့ စိတ်ဝင်စားတယ်၊ ဒါပေမဲ့ အခ one table ကြရင်ဆက်မပြောကြေး"

နွားတွေက ဒီအိပ်မက်ဆိုထိတ်လန့်နေပုံရတယ်။ ကျွန်တော် မှာသာ ဒီအိပ်မက်ကို အသဲအသန်ရင်ခုန်နေတာ။ ဒီကောင်တွေ ခံစား တတ်တဲ့ကောင်တွေမဟုတ်ဘူး။ အခုတော့ ဒီကောင် ပြောပြရဦးမည်။

ထိုစဉ် ဖုန်းသံကမြည်လာတယ်။

ဟိုကောင် အောင်မျိုးဝင်းဖုန်း။ ကျွန်တော်က ပြည့်ဖြိုးဇော် ကိုထိုးပေးလိုက်တယ်။ ပြည့်ဖြိုးဇော်က ကျွန်တော်တို့ Day and Nig မှာထိုင်နေကြောင်း ပြောလိုက်ပုံရတယ်။ ပြည့်ဖြိုးဇော်ကဖုန်းကိုပိတ်

"ဟိုကောင် အောင်မျိုးဝင်းလာမှပြောပါလား ကိုသက်"

"ရတယ်၊ ငါအခုပဲပြောမယ်၊ အိပ်မက်ထဲကကော မလေးကို ငါတွေ့ရပြီ၊ အပြင်မှာအခုပဲတွေ့လိုက်ရတယ်"

"ကိုသက် ဟုတ်လို့လားဗျာ၊ စဉ်းစဉ်းစားစားပြောပါဦး၊ ယ နိုးရင်မမှတ်မိတော့ဘူးဆိုပြီး ဘယ်လိုလုပ်ပြီး မှတ်မိတာလဲ"

"ငါက အပြင်မှာသူ့ကိုတွေ့ထဲက မြင်မြင်ချင်းစိတ်ရဲ့ အာ





ဆော်မှုကြောင့်သိတာ"

"သေချာလို့လားဗျာ"

အောင်မျိုးဝင်း ခုံစွဲပြီးဝင်ထိုင်တယ်။ သေချာလို့လားဗျာ ဆိုတာ အောင်မျိုးဝင်းကကြားဖြတ်ဝင်မေးတာ။

"ငါကမသေချာပဲ မင်းတို့ကိုပြောမလား"

"ဘယ်မှာတွေ့တာလဲ"

"ငါအိမ်ရှေ့မှာ သူ့ဈေးကပြန်လာတာကွ"

ကျွန်တော့်စကားကို နှစ်ကောင်စလုံးစိတ်ဝင်စားသွား တယ် ထင်မိတယ်။ အောင်မျိုးဝင်းက လက်ဖက်ရည်နဲ့ဒင်းဆမ်းမှာတယ်။ ပြီးတော့. .

"ကိုသက်ဆီကို လာတာလား၊ အိပ်မက်ထဲကအတိုင်းပဲ လား"

"ကိုသက်အိပ်မက်ချစ်သူက အပြင်မှာတကယ်ရှိတဲ့သူ ဖြစ် သွားပြီပေါ့ကွ၊ အောင်မျိုးဝင်းရ"

ကျွန်တော့်ကို ဒီနှစ်ကောင်ယုံချင်ယောင်ဆောင်ပြီး စကား ပြောနေပုံရတယ်။ သူတို့စကားက ရွဲ့နေသလိုပဲ။

"ဟေ့ကောင် မင်းတို့နှစ်ကောင်သက်သက်ကျပ်နေတာမို့လ အိပ်မက်နဲ့ပတ်သက်ရင် မင်းတို့နှစ်ယောက်ရင်မခုန်တတ်ဘူး"

"ကိုသက်ပဲစဉ်းစား၊ အိပ်မက်ထဲကကောင်မလေး မျက်နှာ မှတ်မိဘူး၊ အခုအပြင်ရောက်လာတယ်။ ကလေးသွား ပြောတောင် ယုံဘူး။ ကိုသက်ပဲစဉ်းစားကြည့်"

"ငါတကယ်ပြောတာပါကွာ"

"အဲဒါဆိုဘယ်မှာနေတာလဲ"

"ဟုတ်တယ်၊ ငဖြိုးမေးခွန်းမှန်တယ်"

"အဲဒါခက်တာကွ၊ တွေ့တော့ပျော်ပြီး ငဖြိုးဆီလာတား



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးဆီရောက်မှ သူဘယ်မှာနေတာလဲဆိုပြီး လိုက်ကြည့်တော့ မတွေ့တော့ဘူး”

ကျွန်တော့်စကားကိုနားထောင်ပြီး နှစ်ကောင်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်တယ်။ ပြီးတော့ ကျွန်တော့်ကို ပြိုင်တူကြည့်တယ်။

“ကိုသက် စိတ်မှန်တယ်နော်”

အောင်မျိုးဝင်းက သနားစွာဖြင့်ကျွန်တော့်ကိုကြည့်ပြီး

“ကိုသက် ဆေးပြကြည့်ပါလား၊ အိပ်မက်ထဲကဟာတွေ လျှောက်ပြောနေတာလား”

“မင်းတို့နှစ်ကောင် ငါ့ကိုရူးတယ်ပဲထင်နေလား”

မဆိုင်းမတွ ခေါင်းငြိမ့်ပြတယ်။

ကျွန်တော်ခေါင်းကိုကုတ်ရင်း ဒီကောင် နှစ်ကောင်ကို ဘယ်လိုရှင်းပြရမလဲ။ မနက်ဖြန်ဆို ဒီကောင်တွေကိုပြလို့ရပြီ။

ဒါပေမဲ့ ကျွန်တော့်အိပ်မက်ထဲက ကောင်မလေးဆိုတာ ယုံပါ့မလား။ မယုံရင်ကော။ အချို့သောအရပ်ဒေသတွင် ယုံတယ်ဟု အဓိပ္ပါယ်ရသော်လည်း ဒီကောင်နှစ်ကောင်က ယုံချင်မှယုံမှာ။

“မနက်ဖြန်လာခဲ့ကြကွာ”

“ကျွန်တော်တို့နှစ်ယောက်က ဘာလုပ်ရမှာလဲ”

“ငါ မင်းတို့ယုံအောင် ကောင်မလေးကိုပြမယ်လေ ကွာ”

“ဟား ဟား ဟား ဟုတ်မှလုပ်ပါကိုသက်ရာ၊ တွေ့ရာမြင်ရာ ကောင်မလေးတစ်ယောက်ကို လက်ညှိုးထိုးပြပြီး အိပ်မက်ထဲက ကောင်မလေးလို့ ဘယ်လိုလုပ်ပြီး ကျွန်တော် တို့ကယုံရမှာလဲ”

“မင်းတို့ယုံချင်ယုံ မယုံချင်နေကွာ”

ဒီကောင်နှစ်ကောင်ကို ရှင်းပြရတာ နည်းနည်းတော့ စိတ်တိုဖို့ ကောင်းလာတယ်။





“အလကားစတာပါ၊ ကိုသက်အိပ်မက်ချစ်သူက တကယ်ပဲ အပြင်မှာရှိနေပြီပေါ့”

“အေး ဟုတ်တယ်၊ အပြင်မှာရှိနေတယ်၊ မနက်က ငါနဲ့ မျက်နှာချင်းဆိုင်တွေ့တယ်၊ သူ ငါ့ကိုမမှတ်မိဘူးကွာ”

“ဗျာ”

“ဘယ်လို”

“သူက ငါ့ကိုမမှတ်မိဘူးလို့ပြောတာ”

နှစ်ယောက်စလုံး ကျွန်တော့်ကိုကြည့်ပြီး ခေါင်းခါနေ တယ်။ ဘာ့ကြောင့်လဲတော့မသိဘူး။ အောင်မျိုးဝင်းက

“ကိုသက်”

“ဘာလဲ အောင်မျိုးဝင်း”

“စိတ်မှန်သေးတယ်နော်”

“မင်းက ဘာ့ကြောင့်မေးတာလဲ”

“ဟာ ကျွန်တော်မေးတဲ့မေးခွန်းကို ကိုသက် သဘော ပေါက်သေးဘူးလား”

ပြည့်ဖြိုးဇော်က အောင်မျိုးဝင်းကိုလက်ကာပြပြီး

“အောင်မျိုးဝင်းခဏ ငါနဲ့စကားပြောဦးမယ်”

စကားကိုခဏရပ်ပြီး ပြည့်ဖြိုးဇော်က ကျွန်တော့်ကိုကြည့်ကာ

“ကိုသက်”

“ပြောကွာ မင်းဟာက စကားကိုလိုရင်းမရောက်ဘူး”

“အချစ်ရူးဆိုတာ မယားတရူးလိုပဲ”

“မင်းကငါ့ကိုအရူးလို့ပြောတာလား”

“ဟုတ်တယ်လေ၊ အိပ်မက်ထဲမှာ ကိုသက်နဲ့ရင်းနှီးနေပေမဲ့ အိပ်မက်မဟုတ်တဲ့အပြင်မှာ ကိုသက်နဲ့ ဘယ်လိုလုပ် ရင်းနှီးပါ့ မလဲ”



www.burmeseclassic.com

www.burmeseclassic.com



"အဲ ဟုတ်သားပဲ"

"လူပျိုကြီး တော့ရှုံးပြီလားမသိဘူး"

ကျွန်တော် နည်းနည်းရှက်သွားမိတယ်။ ဟုတ်ပါရဲ့။ ကျွန်တော် အိပ်မက်ထဲမှာသိရုံနဲ့ သူမက ကျွန်တော့်ကိုအပြင်မှာ သိပါ့မလား။

ဩော်အချစ်ဆိုတာ ဒီလိုပါလား။

ဟိုနှစ်ကောင်က ကျွန်တော့်ရဲ့စွဲလမ်းခြင်းခရီးကို ဟားတိုက်ပြီး မလှောင်ရယ်ပေမဲ့ မျက်နှာဘယ်လိုထားရမှန်းမသိ အောင်ရှက်နေမိတယ်။

အချစ်ရယ် ဖတ်ရတဲ့ မင်းမျက်နှာမှာ ငါ့နာမည်က ဘယ်စာမျက်နှာမှာ ပါနေလဲ။

## အိပ်မက်အပိုင်းခွဲ (၅)

ခေါ်သံကိုပြန်ထူးမိတော့လည်း
အိပ်မက်ရဲ့နံရံမှာ
ငါရင်ခုန်သံက ဘာ့ကြောင့်တိမ်မြုပ်နေတာလဲ။

ရေတံခွန်လေးသည် အသဲပုံ စမ်းချောင်းလေးထဲသို့ ရင်ခုန် ခံစားဖွယ်ကောင်းသော ချစ်ခြင်းများအား င်းဆင်း သွန်းချနေ၏။

တောအုပ်လေးသည် ကိုရီးယားနွေဦးရာသီမို့ မြင်ကွင်းတ ဆုံးအလှဆုံးချယ်ထားသည်။ သူဘာ့ကြောင့် ဒီ ကျောက်တုံးလေး ပေါ်တွင် ရပ်နေမိတာပါလိမ့်။ သူက ဂျူမုံအဝတ်အစားနဲ့ဖြစ်နေသည်။ ဒါဆိုသူက ဂျူမုံလား။ ခက်တော့ခက်နေပြီ။ ရေတံခွန်ပန်းနုရောင် လေးဆီမှ ရယ်သံလို ခိုးခိုးခစ်ခစ်သံလေးများကြားနေရသည်။

ရေဆီသံကလည်း ပျော်ရွှင်နေတဲ့ ကလေးတစ်ယောက်ရဲ့ ရယ်သံလိုပဲ။ စမ်းချောင်းလေးထဲတွင် ရွှေငါးလေးများ ကူးခတ်နေ၏။

ငါးကလေးတွေရဲ့မျက်လုံးထဲတွင် ကျောက်သံ ပတ္တမြားတွေ ထားသော လက်စွပ်လိုလွန်စွာလှနေပြန်သည်။ လေညင်းသော့သော့ ဆော့ထွေ၌ သူ့ဆီချစ်သူကိုယ်သင်းရနံ့လေး ပဝါပါးလိုလွင့်လာတာ င်လိုက်သည်။

သူက ဘာ့ကြောင့်ချစ်သူကိုယ်သင်းရနံ့လို့ ဘာ့ကြောင့်သိ နေတာလဲ။

ထိုစဉ် တယော်သံဟာနားထဲသို့ ဆီးဝင်လာတော့သည်။ သူ့တယောသံမှာ လှိုင်းတိုလှိုင်းရှည်များနဲ့နစ်မြုပ်နေ၏။ ထို တယော် သံဟာ လွမ်းဆွေးခြင်းမှပျော်ရွှင်ခြင်းဆီသို့ ကူးပြောင်းသွားသည်။ ငုံ့နေသောပန်းကလေးများ အမြစ်ကျွတ်မတတ် ပျော်ရွှင်နေကြ

www.burmeseclassic.com



သည်။

သူက တစ်ယောသ်ထဲ၌ သစ်သားကိုသ်မှိုစွဲသကဲ့သို့ အာရုံစူးသွားစဉ်မှာပင် တယောသ်သည် ဖြုန်းခနဲရပ်သွားသည်။

သူ့လက်ထဲက အရသာရှိသောမုန့်ကလေးပြုတ်ကျ သွားသလို သူခံစားလိုက်ရသည်။

ဒါအမှောင်ခြမ်းပဲ။

သူထိုင်နေတာ ကျောက်တုံးတစ်တုံးပေါ်မှာ မဟုတ်တော့ဘူး။ သူဟာဂျူမုံမဟုတ်တော့ဘူး။ သူဟာ အခု ဝတ္ထု တစ်ပုဒ်ထဲက ဇာတ်ကောင်ဖြစ်နေပြီ။ သူအခု သရုပ်ဆောင်နေတာလား။ ဝတ္ထုထဲက ဇာတ်ကောင်အတိုင်း လှုပ်ရှားနေပါတာလား။

သူဘယ်ဝတ္ထုထဲရောက်နေပါလိမ့်။

ဟုတ်တယ်။

သူ အခု တာရာမင်းဝေရဲ့ ဝတ္ထုဇာတ်ကောင်ထူးဝေ ဖြစ်နေတာ။ သူဟာ ထူးဝေဆိုရင် သူဆက်မစဉ်းစားတော့။ အဲဒီမှာ သူဟာမြစ်တစ်စင်းလို စီးဆင်းနေတယ်ဆိုတာသိလိုက်ရသည်။

သူဟာဘာမြစ်လဲ။

ဧရာဝတီလား။

ဂင်္ဂါလား။

နိုင်းမြစ်လား။

ဒါမှမဟုတ် မစ္စစ္စပီမြစ်လား။

သူ စီးဆင်းမှုကိုသောင်တွေက ရင်ကော့ခံ၍ ရပ်တန့်အောင်လုပ်နေသည်။ သူသောင်တစ်ခုကို ဖြတ်ကျော်စီးဆင်းဖို့ ကြိုးစားရင်း တောင်ကုန်းတစ်ခုကို လှမ်းမြင်လိုက်ရ၏။

ထိုတောင်ကုန်းလေးမှာ စေတီလေးတဆူ။

သူနားထဲ လွင့်၍ချို၍သာယာသောဆည်းလဲသံကို သူကြား





ရသည်။ ထိုအခါ သူသောင်ကိုဖြတ်၍ မစီးဆင်းချင်တော့။ သူစေတီလေးကိုလှမ်းဖူးရင်း သူရင်ထဲကတောင်းဆုကို ဘဝနဲ့ရင်းပြီး လှူဒါန်းလိုက်သည်။

လှူဒါန်းပြီး ရှိသေကိုင်းရှိုင်းစိတ်နဲ့သူ့မျက်လုံးအစုံကို ဖွင့်ကြည့်မိသောအခါ စေတီလေးတွင် အပြာရောင်ဝမ်းဆက်ဖြင့် ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရသည်။

ဒါချစ်သူပဲဖြစ်မယ်။

သူနဲ့ချစ်သူမှာ ရေမြေခြားတယ်ပဲဆိုရမလား။

သူကမြစ်ဖြစ်နေပြီး ချစ်သူကတောင်ကုန်းလေးဖြစ် နေသည်။

သူဘယ်လိုငိုကြွေးရမလဲ။ သူ့ရဲ့ကြွေးမှုဟာ မြစ်ရေနဲ့ အတူရောသွားမလား။ စီးနေတဲ့ရေတွေဟာ သူ့မျက်ရည်တွေဖြစ်သည်။

သူကချစ်သူကိုငေးရင်း သောင်ပြင်လေးကိုကွေ့ပတ် စီးရာသေသထက်ဝေးသွား၏။ သူရင်ကွဲနာကျချင်နေသည်။ သူသာ ရင်ကွဲနာကျလျှင် ရင်ကွဲနာကျတဲ့မြစ်ဟုဆိုရမည်။ သူက မျက်စိစုံမှိတ်၍ ချစ်သူဖြင့်ကွေကွင်းရသောဒုက္ခကိုခံစားရင်း ရေစီးနှေးလာတဲ့ သူ့အခြေအနေက သူသေဆုံးတော့မည်လားမသိ။

သူမျက်စိမှိတ်၍ နေနေသည်။

သူ့စီးဆင်းမှုများရပ်သလောက်ရှိသောအခါ သူ့ မျက်လုံးကို သူကဖွင့်ကြည့်လိုက်၏။ သူဟာမြစ်တစင်းမဟုတ်တော့။ သူဟာ နေ့တာပွင့်ဖြစ်နေသည်။ သူဟာချစ်သူ့ကေသာတွင် ပန်ဆင်ထားသောပန်းတပွင့်ဖြစ်နေသည်။

တခဏတော့ သူပျော်သွားသည်။

သို့သော် အကြာကြီး မပျော်လိုက်ရ။ ချစ်သူကသူ့အား သူ့မှန်တင်ခုံတွင်ချထားလျှက် ထွက်သွားသည်။ သူ့ရဲ့ ပန်းရနံ့တွေ



www.burmeseclassic.com

www.burmeseclassic.com


ဟာ ချစ်သူ့အာရုံခံတွေဆီရောက်အောင် သွားပေမဲ့ ချစ်သူက လှည့်မကြည့်။

သူ့ရန့်တွေနဲ့အကျယ်ကြီးအော်ဟစ်ကာ ချစ်သူကို လှမ်းခေါ်သည်၊ သူ့ပန်းပွင့်ဖတ်လေးတွေသာ ခြောက်သွားသည်။ ချစ်သူက သူ့ဆီပေါ်မလာ။ သူ့တွင် ငိုစရာဝတ်မှုံပင် မရှိတော့။

သူ့အလွှမ်းတွေခြောက်ကပ်သွားတော့မှ ချစ်သူက ပြန်ရောက်လာကာ သူ့ကိုနှမြောတသစွာကြည့်ရင်း သူ ဘာ့ကြောင့်ဒီပန်းပွင့်လေးကိုမေ့သွားတာပါလိမ့်ဆိုပြီး တဖွဖွပြောနေ၏။

အဲ့ဒီအချိန်မှာ သူဟာသေသွားပြီ။ နောက်ဘဝမှာ ကြယ်လေးတပွင့်လို တချင်ချင်နဲ့ကောင်းကင်မှာ ပျော်လို့၊ တကယ်တော့ သူမပျော်ရက်ပျော်ရက်ပျော်နေခြင်းပါ။ သူဟာ ပျော်မဆုံးခင်ပဲ ကြွေကျတော့မဲ့ကြယ်ဖြစ်နေသည်။ တကယ်လို့ ကြွေကျခဲ့ရင်လည်း ချစ်သူအိမ်ခေါင်မိုးတည့်တည့်ကိုကြွေကျ ချင်၏။

ထိုသို့သူ့ရင်ထဲမှ လှိုင်းတွေကိုချိုးနှိမ်ထားစဉ်မှာပဲ သူဟာ ပြင်ဦးလွင် ကန်တော်ကြီးရဲ့ကန်ဘောင်ပေါ်မှာ မနက်ခင်း လမ်းလျှောက်နေတဲ့သူဖြစ်ခဲ့သည်။

သူဟာ လမ်းလျှောက်နေတဲ့သူသက်သက်ပဲ။ ဘယ်သွားမှာလဲ ဘယ်ကိုပြန်မလဲဆိုတာသူမသိ။ သူကန်ဘောင်မှာ မနက်ခင်း လမ်းလျှောက်ထွက်ခြင်းလို လမ်းလျှောက်နေသည်။ အဲ့ဒီအချိန်မှာ ချစ်သူက စူပါရှဖ် အညိုလေးကိုစီးလာပြီး သူ့ကိုမြင်သောအခါ ကားကိုစက်သတ်၍ ကားပေါ်မှဆင်းကာ သူ့ကိုစေ့စေ့ကြည့်နေသည်၊

သူက အံ့သြစွာ ချစ်သူကိုကြည့်လိုက်သည်။

ချစ်သူက အပြာရောင်ဝမ်းဆက်ကလေးနဲ့ ဆံပင်ရှည်လေးကိုစီးလို့။ သူ့ချစ်သူကိုငေးနေတုန်း ချစ်သူကကားတံခါး ကိုစောင့်ပိတ်လိုက်၏။ ပြီးတော့ သူ့ဆီကိုလှမ်းလာနေသည်။





အဲဒီအချိန်မှာ သူကလည်းချစ်သူဆီကို ခပ်သွက်သွက်လေး လမ်းလျှောက်လို့။ စက်ဘီးစီးသူတစ်ဦးက ချစ်သူကို ဝင်တိုက်မလို ဖြစ်သွား၍ ရှောင်လိုက်သောကြောင့်ချစ်သူလဲ သွားသည်။

သူက ချစ်သူဆီ အပြေးလေးသွားသောအခါ ချစ်သူက သူ့လက်ကိုကိုင်၍အားယူထ၏။

ချစ်သူ့ခြေမလေးသွေးစို့သည်။

သူကဘာလုပ်ရမည်လဲဟု စဉ်းစားနေချိန်မှာပင် တံခါးခေါက်သလိုအသံကြီးတစ်ခု သူ့ဆီဝင်လာ၏။

ချစ်သူက အနည်းငယ်ရှုံ့မဲ့ပြီး ပြုံးယဲ့ယဲ့လေးရှိနေသည်။

တံခါးခေါက်သံကလည်း အဆက်မပြတ် ကြားနေရ၏။ ခုံသူမျက်လုံးထဲတွင် နာကျင်နေသောကြောင့် မျက်ရည်လေးများ ဝဲသလိုစိုစွတ် နေသည်။

တံခါးခေါက်သံက ကျယ်သထက်ကျယ်လာသည်။

သူရောချစ်သူပါ အသံမထွက်ကြ။

ချစ်သူအား ချစ်ဘယ်နာသွားသေးလဲလို့ သူမမေးအား။ မေးသော်လည်း အသံကမထွက်။

သူ့ တကိုယ်လုံးလေးလာသလို သူ့ရဲ့လှုပ်ရှားမှုတွေဟာ ထိုင်းမှိုင်းနေပြီး ဘာတွေဖြစ်နေမှန်းမသိ၊ စေးထန်းထန်းဖြစ်နေ၏။

တံခါးခေါက်သံက ပိုကျယ်လာသလို သူ့ကို ကိုသက် ကိုသက် ဟူသောအသံပင်ကြားရသည်။

သူထူးမိလား၊ မထူးမိလားမသိ၊ သူလန့်နိုးသွားတာတော့ အမှန်။



www.burmeseclassic.com

www.burmeseclassic.com

ဘာမဟုတ်သူ့ဘာမဟုတ် ရမည်ရှာပြီး စကားပြောနေကြတယ်။
အဲဒီအချိန်လေးမှာပဲ
အပြာ ရောင်အလှနတ်မိဘုရားဟာ
ကိုယ်ပါသင်းရနံ့ထိန်လင်းစွာနဲ့ပွင့်လာတော့တယ်။

ခေါက်....

ခေါက်....

ခေါက်။

အခန်းတံခါးကို ခေါက်နေတဲ့အသံ။ ကျွန်တော့်အခန်းတံခါးကို လာခေါက်ပြီး နှိုးခဲ့တယ်။ ဘယ်သူလာနိုးတာပါလိမ့်။ စဉ်းစားနေရင်းကနေ ကျွန်တော် နိုးနေကြောင်းအသံပေးလိုက်တယ်။

"နိုးပြီဟေ့ နိုးပြီ"

ထိုသို့အော်ပြီးကျွန်တော်အိပ်ရာပေါ်က ထလိုက်တယ်။

အိမ်မက်ကိုတောင် ပြန်မစဉ်းစားလိုက်ရဘူး။ အချိန်တိုလေးအတွင်း ကျွန်တော်တံခါးဖွင့်ပေးဖို့ တံခါးနားရောက်တော့မှ။

"ကိုသက်- မထသေးဘူးလားဗျ၊ ခုနှစ်နာရီကျော်နေပြီ"

အံမယ် ပြည့်ဖြိုးဇော်အသံ။

တံခါးဖွင့်ပေးလိုက်တော့ အောင်မျိုးဝင်းပါ ပါလာတယ်။

"မင်းတို့ကလည်းကွာ အိပ်မက်မက်ကောင်းတုန်းဆို"

"ဘာအိပ်မက်မက်ကောင်းတုန်းတွေ ဘာတွေလုပ် မနေနဲ့ ကိုသက်၊ အိပ်မက်က ကျွန်တော်တို့ မနိုးလည်းရပ်ဖို့ အချိန်ကချိန်ကိုက်ပါပြီးသား၊ကဲ လုပ်မြန်မြန်လေး"

"ဟုတ်တယ် ကိုသက်၊ တော်ကြာ ဒီနေ့လွတ်နေဦးမယ်"

"အေးပါကွာ ဧါရေချိုးလိုက်ဦးမယ်"

"ချိုးချိုး မြန်မြန်လေးတော့လုပ်ဗျ၊ ဒီစစ်ဆင်ရေးမှာ ဆူပို့ကြီးရဲ့ အိပ်မက်ချစ်သူလို့အမည်ပေးထားတယ်။ ဒီနေ့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ကဗျာဆန်လှချည်လား"

"ဖြူဖြူနဲ့ သူသူပေးထားတဲ့ နာမည်လေ၊ ဒီလူပျိုကြီးရဲ့ အိပ်မက်ချစ်သူစစ်ဆင်ရေးမှာ သူတို့နှစ်ယောက်လည်း ပါဝင်ခွ ရစေဆိုလို့ခွင့်ပြုထားတယ်"

"ဘာ သူတို့ပါ အောက်ထပ်မှာပါတယ်ပေါ့"

"မပါဘူး၊ Day and Night ကစောင့်နေတယ်၊ သူတို့က အိုင်ဒီယာအပိုင်း၊ ကျွန်တော်တို့က Work အပိုင်း"

ဟုတ်တော့ဟုတ်နေတာပဲ။ ကျွန်တော်ရေချိုးခန်းထဲ ဝင်ခဲ့ တယ်။ ရေချိုးရင်းသွားတိုက်ပြီး ကျန်းမာရေးအတွက်ပါ ပြီးအောင် လုပ်လိုက်တယ်။ ဟိုနှစ်ကောင်တော့ ကျွန်တော့်အခန်းထဲမှာ မွှေ နှောက်နေမှာပေါ့။

ရေချိုးရင်းစဉ်းစားမိတာ ဒီနေ့အိပ်မက်အရ ကောင်မလေး ဝတ်ထားတဲ့ အင်္ကျီအဝတ်အစားက အပြာရောင်၊ သေချာတာ အပြာ နုရောင်လွင်လွင်လေးပဲ။ ပြီးတော့ ဘယ်ဘက်ခြေမကွဲသွားတယ်။

ဟုတ်ပြီ၊ မသိစိတ်က ကျွန်တော့်ကိုကြိုတင်ပြီးသတင်းပေး နေတာလားမသိဘူး။ ဘာပဲပြောပြော ဟိုကောင်တွေကိုတော့ အိပ်မက်ကို အကျဉ်းချုံးပြီးပြောပြထားရမည်။ အကယ်၍ကျွန်တော့် ဘက်က ကံကြမ္မာသာ မျက်နှာသာပေးခဲ့ရင် ကြီးမားတဲ့တိုက်ဆိုင်မှု တစ်ခုကို ကျွန်တော်ရင်ခုန်လို့ရတယ်ပေါ့။

ရေချိုးပြီး ရေချိုးခန်းထဲကထွက်လာတော့ အောင်မျိုး ဝင်းက ကျွန်တော့်(Laptop) ကို ကလိနေတယ်။ တစ်ကောင်က ပြည့်ဖြိုးဇော်က ကျွန်တော့်စာအုပ်စင် ကိုဖွနေတယ်။

"ဟေ့ကောင်တွေ ငါပြီးပြီ"

မြန်မြန်လုပ်သွားရအောင်ဟုသာ စကားထွက်တယ်၊ သူတို့ လုပ်နေတဲ့လှုပ်ရှားမှုက ဒါရိုက်ရှင် (direction) မပြောင်း။





ကျွန်တော်က အဝတ်အစားလဲရင်း။ ဟေ့ကောင်တွေ ငါပြောတာတော့နားထောင် မင်းတို့ကို ပြောစရာရှိတယ်။ သည်း သည်းခံပြီးတော့ နားထောင်ပေးဆိုတော့၊ အောင်မျိုးဝင်းက လှည့် ကြည့်ကာ

"ပြော ဒီနေ့ ကိုသက်အိပ်မက်က အိပ်မက်ထဲက ကောင် မလေးအပြင်မှာတွေ့တဲ့ ကောင်မလေးအတူတူပဲဆိုတာ၊ အဲဒီ အကြောင်းအရာတွေက သက်သေပြလို့ရလို့လား"

"ရတယ်"

"အဲဒါဆိုပြော အဓိကကျတဲ့ဟာပဲပြော၊ အကျဉ်းချုံးပြီးပြော၊ ကျွန်တော်လည်းစိတ်ဝင်စားတယ်"

ပြည့်ဖြိုးဇော်ကပြောတယ်။

ကျွန်တော် အကျဉ်းချုံးပြီး ပြောလိုက်တယ်။

အောင်မျိုးဝင်းက လက်ဖျောက်တစ်ချက်တီးပြီး-

"ငဖြိုး ကိုသက်အိပ်မက်ချစ်သူဟာ အခု ကိုသက် ပြမယ် ဆိုတဲ့ကောင်မလေး"

"ဟေ့ကောင်၊ အောင်မျိုးဝင်းကောင်မလေးလို့မခေါ်နဲ့"

"ဘာလို့လဲဗျ"

"မင်းတို့ထက်ကြီးမှာ၊ အပျိုကြီးစတိုင်နဲ့၊ အနည်းဆုံး နှစ် ဆယ့်သုံး နှစ်ဆယ့်လေး နှစ်ဆယ့်ငါးတော့ရှိမှာ"

"ထားပါတော့ဗျာ၊ အဲဒီအမျိုးသမီးပေါ့"

"ငါက ၃၅နှစ်မို့ သူကိုကောင်မလေးလို့ခေါ်တာ၊ ဆင်လည်း ဆင်တွာ၊ ကြွက်လည်းကြွက်ထွာလို့ ပြောမရဘူး"

"ကဲပါ ကဲပါ အောင်မျိုးဝင်းပြော ကိုသက်ကလည်း တအား အကြောင်းပြောင်းပြောင်းသွားတယ်"

"ဒီလိုကွာ အင်္ကျီအဝတ်အစားက အိပ်မက်ထဲက အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မဖြစ် မသိဘူး၊ ဘာပဲဖြစ်ဖြစ် ခြေမမှာတော့ လတ်လတ်ဆတ်ဆတ် ဒဏ်ရာရှိရမယ်"

"အေးဟုတ်တယ်"

ပြည့်ဖြိုးဇော်က စဉ်းစားပြီး။

"ဒီလောက်တော့ တိုက်ဆိုင်ဖို့မလွယ်ဘူးနော်"

"စောင့်ကြည့်တာပေါ့ကွာ"

ကျွန်တော်တို့သုံးယောက် အိမ်အောက်ထပ်ဆင်း လာကြတယ်။

မေမေကလှမ်းကြည့်၍

"ဘယ်သွားကြမလို့လဲ"

အောင်မျိုးဝင်းက

"ဒီနားဟိုနားတင်ပါ အန်တီ"

"သား ကိုသက် ခြံထဲ ဒီနေ့ပြန်မယ်ဆို"

"ခဏနေဦးမယ်မေမေ"

ကျွန်တော်နဲ့ ဟိုနှစ်ကောင်အိမ်ရှေ့သပြေပင် အောက်မှာ ခဏရပ်နေကြတယ်။ အုန်းနဲ့ပင်ပုလေးတွေကို ဘာမဟုတ်ညာမဟုတ် ရမည်ရှာပြီး စကားပြောနေကြတယ်။ အဲဒီအချိန်လေးမှာပဲ အပြာရောင်အလှနတ်မိဘုရားဟာ ကိုယ်သင်းရနံ့ထိန်လင်းစွာနဲ့ပွင့်လန်းတော့တယ်။

"ချစ်သူ လာပြီ"

တိုးလွန်းလှတယ်လို့ထင်တယ်။

ကျွန်တော့်အတွေးတွေကို ဂစ်တာကြိုးလိုဘယ်သူတီးသွားလဲ မသိဘူး၊ တုန်ခါမှုက အသံတိတ်စီးဆင်းလို့။အောင်မျိုးဝင်းကကပြီး

"အဲဒါလား"

လမ်းပေါ်တွင်လူ အနည်းငယ်။ အတိအကျ ပြောရလျှင်





သုံးလေးယောက်ရှိနေတယ်။ လမ်းသွားလမ်းလာတွေ။

"ဟုတ်တယ် ဟိုနားက ဆွဲခြင်းဆွဲလာတဲ့"

ပြည့်ဖြိုးဇော်က ဘာမြင်သလဲမသိ။

"ဟေ့လူကိုသက် ပေါက်ပေါက်ရှာရှာဗျာ၊ အဲဒါ ဒီ ကန့်ဘောင်နတ်ကွန်းက အခြောက်ကြီးတွေမို့လား"

"အဲဒီရှေ့မှာ အဲဒီရှေ့မှာ"

ဆိုပြီး ခေါင်းကိုထုရတယ်။ အောင်မျိုးဝင်းနဲ့ပြည့်ဖြိုးဇော် မြင်သွားပြီ။ ချစ်သူက အပြာနုရောင်လေးနဲ့လှလို့၊ ကျွန်တော့်အိပ်မက်ထဲက အဝတ်အစားတော့မဟုတ်ဘူး။ ဒါပေမဲ့ အပြာရောင်ပဲ။ ခေတ်အဆန်ဆုံး ရိုးရိုးယဉ်ယဉ်ဝတ်စုံ လို့ဆိုရမှာပဲ။

ချစ်သူက တရွေ့ရွေ့နီးလာပြီ။

"အောင်မျိုးဝင်း ခြေမကိုကြည့်"

"မင်းလည်းကြည့်လေကွာ"

ကျွန်တော်မြင်ရသရွေ့ ခြေထောက်မှာ ဒဏ်ရာမရှိသလို ဖတ်တီးလည်းမရှိဘူး။ သွားပြီပေါ့။ ချစ်သူကလည်း ကျွန်တော်တို့ကြည့်နေတာကို သိပုံရတယ်။ မျက်လုံးတွေ မျက်နှာတွေက မဟုတ်ဘူး၊ သူ့ခြေလှမ်းတွေက ပြောနေတာ။

ထိုသို့ သူမအိန္ဒြေကြီးစွာလှမ်းလျှောက်လာစဉ်

အဖြစ်အပျက်လေးတစ်ခု ကောင်းကင်ကပြုတ်ကျလာတယ်။

ဒါဟာ ကျွန်တော့်အိပ်မက်ချစ်သူလို့ပြောပြတဲ့ အရိပ်ပဲ။ ချစ်သူ ရှေ့ကို ပုဝ်သင်ညိုတစ်ကောင် ပြုတ်ကျသွားတယ်။ သူမ ယန့်ပြီး တဘက်ကိုအယောင်အမှားမှားအလှည့် နောက်က အရှိန်ပြင်းပြင်းစက်ဘီးက သူမနဲ့တိုက်မိသလိုဖြစ်သွားတယ်။

ချစ်သူ့ဈေးခြင်းတောင်း ပြုတ်ကျသွားတာပေါ့။

ကျွန်တော်သွားထူဖို့ ကြိုးစားမိပြီး သွားဖို့အလုပ် အောင်



www.burmeseclassic.com

www.burmeseclassic.com



မျိုးဝင်းကလက်ကိုလှမ်းဆွဲကာ မသွားနဲ့တဲ့။ အဲဒီအချိန်မှာ ဈေးက ပြန်လာတဲ့ အန်တီဇင်မာက အကူအညီပေးလိုက်တယ်။ ချစ်သူခြေမ ကွဲသွားလို့ ပတ်တီးလေးတောင် စီးလိုက်ရသေးတယ်။ သူမကို စက်ဘီးနဲ့တိုးမိတဲ့ချာတိတ်မက အိမ်အထိလိုက်ပို့ပေးလိုက်တယ်။

ကျွန်တော်က သွားကူညီပြီး ရင်းနှီးမှုယူ အိမ်အထိ လိုက်ပို့ ဖို့လုပ်တာ။ ဒါကိုအောင်မျိုးဝင်းကလှမ်းဆွဲတာ။

"အောင်မျိုးဝင်းကို မေးကြည့်တော့။

"ကိုသက်က လူပျိုကြီးဆိုတော့ ဘာမှမသိဘူး၊ ကိုသက်ရှိုး နေတာကိုသိတယ်၊ ပိုရှက်သွားမှာပေ့ါ၊ အဲဒီအချိန်မှာစေတနာတွေ မေတ္တာတွေ သူမသိတော့ဘူး၊ ရှက်လို့ အဲဒီအနာနဲ့ဘဲ အသက် ထွက်သွားလောက်တယ်"

ဟုတ်သည်။ မဟုတ်သည်ဖြစ်စေ၊ ဒီကောင်တွေရဲ့ စကား အပြေးအလွှားခေါင်းငြိမ့်လက်ခံလိုက်ရတယ်။

အခုချိန်မှာတော့ ဒီကောင်တွေကခေါင်းကိုင်ဆရာတွေလေ။

အိမ်ကိုလိုက်ပြီး ကြည့်ရအောင်ဆိုတော့ ပြည့်ဖြိုးဇော်က

"မလိုဘူး၊ အကုန်လုံး Ok "

"မင်းတို့ အိပ်မက်ချစ်သူဆိုတာလက်ခံသွားပြီလား"

"လက်ခံတယ်"

ရင်ထဲက အလုံးကြီးကျသွားတယ်။

ဒါပေမဲ့ သူမဒဏ်ရာရသွားတာ စိတ်မကောင်းဘူး။

သို့သော်ချစ်သူခြေမကွဲသွားလို့ ဒီနှစ်ကောင်လက်ခံတာလား။ ဒီနှစ်ကောင်လက်ခံဖို့ ခြေမကွဲပေးတာလား။ ဒါကိုတော့ ခေါင်းထဲ ကမထွက်ဘူး။ ထပ်ကာထပ်ကာ ထပ်ကြော့ စဉ်းစားနေမိတယ်။

ဒီနေ့တော့ ဘာကြောင့်မှန်းမသိ ကိုရွှေပုတ်သင်ညိုကို သိပ် ပြီး ကျေးဇူးတင်နေမိတော့တာပဲ။



ဘာ

မေ

လွင်စိုး

ဟာ ဘယ်လိုရောက်နေတာလဲ"

"အဲဒါတော့ ကျွန်တော်တို့လည်းမသိဘူး၊ ဒီဆိုင်မှာ သူ သူငယ်ချင်းတွေနဲ့ထိုင်ရင်း ဖြူဖြူတို့တွေ့လို့ ဝင်ထိုင်ကာနေမှာ သေချာတာတော့ ဒီအစီအစဉ်ထဲမှာ မေလွင်စိုးမပါဘူး"

ကျွန်တော်တို့ထိုင်လိုက်တော့ ဖြူဖြူက

"မိုးလေဝသအခြေအနေ"

ပြည့်ဖြိုးဇော်က လက်မထောင်ပြတယ်။ ကျွန်တော်က မေလွင်စိုးကိုကြည့်ပြီး

"နင်ကကျောင်းမတက်ဘူးလား"

ပြုံးစိစိဖြင့် မျက်နှာပိုးမသေစွာ စပ်ဖြဲဖြဲလုပ်ပြီး

"အချိန်နောက်ကျသွားတာနဲ့၊ မဖြူတို့တွေ့လို့ဝင်ထိုင်တာ၊ တော်ကြာသွားမှာပါ၊ ကိုကြီးအခြေအနေ အဆင်ပြေလား"

"သေချာတော့သေချာသွားပြီ။ တော်တော်လည်း ထူးဆန်း တယ်။ စိတ်နယ်လွန်လို့ဆိုရမလား။ ESP ဇာတ်လမ်းတစ်ခုလို့ ပြောလို့ရတယ်၊ ကိုသက်အိပ်မက်ထဲမှာတွေ့ခဲ့တဲ့ အဝတ်အစားနဲ့ အဖြစ်အပျက်တချို့က အပြင်မှာဖြစ်သွား တယ်လို့ပြောလို့ရတယ်"

အောင်မျိုးဝင်းစကားကို အားလုံး ဂရုစိုက်နားထောင်နေ တယ်။ ဖြူဖြူ. . .

"အောင်မျိုးဝင်း အဲဒီအိပ်မက်ချစ်သူအမျိုးသမီးက ကိုသက် ကို မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com


"နင်ကလည်း ကိုသက်ထက်ဆိုးနေပြီ၊ အိပ်မက်ထဲပါရုံနဲ့ အပြင်မှာမှတ်မိရမလား"

"မသိဘူးလေ၊ ESP လိုစိတ်နယ်လွန်ဆိုတော့ မှတ်များ မှတ်မိမလားလို့၊ ဒါနဲ့ကိုသက်ရဲ့အိပ်မက်ချစ်သူကို နင်တို့သိလား"

အောင်မျိုးဝင်း ခေါင်းငြိမ့်ပြတယ်။ ပြည့်ဖြိုးဇော်ကလည်း မေးစေ့ကိုလက်ဖြင့်ပွတ်ပြီး

"မြင်ကတည်းက အဲ့ဒီအစ်မကို ဘယ်သူလဲဆိုတာ ငါတို့ နှစ် ယောက်ကသိပြီးတာ။ ဟိုဘက် နှစ်လမ်းကျော်မှာနေတယ်။ ဈေး ထဲမှာ ကုန်စုံဆိုင်ရောင်းတယ်။ အဲဒီမှာ ပြဿနာကစတာပဲ၊ သူ့မှာ သူနဲ့တူတဲ့အမွှာရှိနေတယ်"

ဒီတစ်ခါတော့ ကျွန်တော့်ကိုစွကပိုပြီးခက်ခဲသွား သလိုခံစား ရတယ်။ အမွှာညီအစ်မဆိုတဲ့စကားကိုကြားရ တော့ ကျွန်တော်ပိုပြီး ရှုပ်ထွေးသွားတာပေ့ါ။

ကျွန်တော့်ရဲ့အိပ်မက်ချစ်သူအစစ်က ဘယ်သူလဲလို့ထပ်ပြီး စဉ်းစားရဦးမှာ. . .။

"အမွှာ"

"ဟုတ်တယ်၊ ကိုသက်၊ အိပ်မက်ထဲမှာ ကိုသက်ရဲ့ အိပ်မက် ချစ်သူဟာ အစ်မလား၊ ညီမလားခွဲရမယ်"

"ကိုအောင်မျိုးဝင်းအစ်ကိုပြောတာ မြို့သစ်ဈေးထဲက ကုန် စုံဆိုင်က အမွှာညီအစ်မကိုပြောတာလား၊ အစ်မကြီးနှစ်ယောက်လေ သိပ်တူတာပဲ"

မေလွင်စိုးကဝင်၍ပြောတယ်။

"ဟုတ်တယ် မေလွင်စိုး ငါသိပြီ၊ ဈေးထဲက ကုန်စုံဆိုင်က အမွှာအစ်မကြီးတွေပဲ"

"သူသူနင်ပြောတော့ ဟိုရက်က ကြာဇံသွားဝယ်တဲ့ ဆိုင်က





အစ်မကြီးတွေလား"

"အေးဟုတ်တယ်"

"နေပါဦးဟ နင်တို့တွေပဲပြောနေတာ၊ အခုခက်နေတာက အမွှာဆိုဆင်တူဝတ်ကြတယ်။ ဒီနေ့တွေ့ခဲ့တဲ့ အစ်မ ကြီးကို မနက်ဖြန်ဘယ်လိုရှာရမလဲဆိုတာပဲ"

ပြည့်ဖြိုးဇော်ပြောတာ ဟုတ်တော့ဟုတ်တယ်။

ဒါစဉ်းစားရမဲ့အချက်ပဲ။

အောင်မျိုးဝင်းက တစ်ခုခုကိုစဉ်းစားမိပြီး

"ကိုသက် ရဲ့ အိပ်မက်ချစ်သူကိုအရင်ရှာရမယ်၊ ပြီးတော့ ကိုသက်က ချစ်တဲ့အကြောင်းကိုလိုက ပြောရမယ်"

ဟုတ်တော့ဟုတ်တယ်။ ကျွန်တော် ဘဲဥအစရှာမိတာလား၊ ကြက်ဥအစရှာမိတာလားမသိ။

"သေချာတာ ကိုသက်ရဲ့ အိပ်မက်ချစ်သူမှာ ခြေမလေးကွဲ နေတာတော့ သေချာတယ်"

အောင်မျိုးဝင်းစကားကဟုတ်တယ်။ ခြေမကွဲသူဟာ ကျွန် တော်ရဲ့အိပ်မက်ချစ်သူပေ့ါ။

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုသောအရာဟာ
ထိုလောကပဲပဟေဠိဆန်လား။
ကျွန်တော်သူမကိုတကယ်ချစ်မိသွားတယ်။
ဒါပေမဲ့
ကျွန်တော့်ရဲ့
အိပ်မက်ချစ်သူဟာ



၅

သ

နာတ

စပြီ။

"ကိုသက်ခြေမကွဲတာ မကွဲတာထက် နေ့တိုင်းအ ရောင်တူ အဆင်တူဝတ်နေရင်ခက်မယ်"

ကျွန်တော်တို့စကားပြောနေတာကို ချစ်တီးဆိုသောကောင်က ဘေးကနေနားထောင်နေသည်။

"အေးကွ၊ ရွေးရခက်တာထက်၊ ဘယ်သူကိုအဖြေ တောင်းမိသလဲဆိုတာကို စဉ်းစားရမဲ့ကိန်းပဲ"

ချစ်တီးက ကျွန်တော်တို့ပြောတာနားစွင့်ရင်း

"ခင်ဗျားတို့ ဘာပြောနေတာလဲ"

"မင်းနဲ့မဆိုင်ပါဘူးကွာ"

"ရတယ်လေ၊ ကျွန်တော်က အမွှာညီအစ်မ အပျိုကြီးတွေ အကြောင်းလားလို့ပါ၊ မသိချင်လည်းပြီးရောပေါ့"

အမွှာညီအစ်မဆိုထဲက ကျွန်တော်ရော ဟိုနှစ် ကောင်ပါ မျက်နှာတွေဝင်းလဲ့သွားတယ်။ အောင်မျိုးဝင်းက

"ဈေးထဲက ညီအစ်မကိုပြောတာလား"

"ဟုတ်တယ်လေ"

"မင်းသိသလောက် ပြောစမ်းပါကွာ ငါပြုစုပေ့ါမယ်"

"ကိုသက်ကလည်း လောနေပြန်ပြီ"

အောင်မျိုးဝင်းက ကျွန်တော်ကိုလှမ်းဟန့်တယ်။

ချစ်တီးက ချောင်းတစ်ချက်ဟန့်ထုတ်ကာ



www.burmeseclassic.com

www.burmeseclassic.com

"အကြီးမလား၊ အငယ်မလားမသိဘူးဗျ၊ GTC က ကျောင်းဆရာတစ်ယောက်နဲ့ ကြိုက်နေတယ်။ ဒီသီတင်းကျွတ်ယူကြတော့မှာ ကျွန်တော်က ဈေးထဲမှာနေတာဆိုတော့ သတင်းကြားရတာပဲ"

"GTC ကကျောင်းဆရာနာမည်သိလား ချစ်တီး"

"နာမည်တော့ မသိဘူးဗျ၊ ကြာနီကန်လက်ဖက်ရည်ဆိုင်က သက်ကိုတို့နဲ့ တခါတလေတွဲတာတွေ့ရတယ်။ ကိုဖြိုးသိချင်သိမှာပါ။ ဒီသုံးလမ်းထဲက ကျောင်းဆရာနဲ့တခါတလေ၊ ဂွတ္တဝင်လှက်ရည်ဆိုင်ကို ဘောလုံးပွဲလာကြည့်တယ်လေ"

ကိုဖြိုးကခဏစဉ်းစားပြီး

"ငါသိတယ်"

"ဘယ်သူ့ကိုပြောတာလဲ အောင်မျိုးဝင်း"

"ဟိုကွာ ဆရာတိုးတိုးတို့နဲ့ ပါလာတတ်တဲ့ ကိုမြင့်မိုးလတ်ကိုပြောတာ"

လက်ဖက်စုံသုတ်ထုတ်တွေကို စားပွဲပေါ်တင်ပြီး ခေါင်းခါပြတယ်။

အောင်မျိုးဝင်းက စိတ်မရှည်စွာဖြင့်

"ဘယ်လိုဖြစ်တာလဲဟ"

"မလွယ်ဘူး"

"ဘာမလွယ်တာလဲ"

"အရောင်ကတော့ ကွဲတယ်၊ နင်တို့ပြောသလိုပဲ၊ အပြာရောင်ဝမ်းဆက်နဲ့အစ်မကြီးကို တွေ့တယ်၊ နောက်တစ် ယောက်ထ ပိတောက်ခြောက်ရောင်ဝမ်းဆက်အရောင်နဲ့ ခက်တာက နှစ်ယောက်စလုံးခြေထောက်တွေမှာ ခြေမကို ပတ်တီးစီးထားတယ်"

"နင်တို့က မမေးခဲ့ဘူးလား"





"မေးခဲ့တယ်"

"ဘာပြောလဲ"

"သူတို့ညီအစ်မကတဲ့ အငယ်မဖြစ်ရင် အကြီးမက လိုက်ဖြစ်ဘယ်တဲ့"

"အဲဒါဆို အပြာရောင်ဝမ်းဆက်နဲ့အစ်မက အငယ်ပေါ့"

"ဟုတ်တယ်"

"ခက်တော့ခက်ပြီ၊ ခြေမမှာကွဲနေတဲ့ဒဏ်ရာပါရင် ကိုသက်ရဲ့အိပ်မက်ချစ်သူ အခုတော့ နှစ်ယောက်စလုံး အိပ်မက်ချစ်သူဖြစ်နေပြီ ဘယ်လိုရွေးမလဲ"

ကျွန်တော်စဉ်းစားရင်း ခေါင်းပူလာတယ်။

အချစ်ဆိုသောအရာဟာ ထိုလောက်ပဲ ပဟေဠိဆန်လား။ ကျွန်တော် သူမကိုတကယ်ချစ်မိသွားတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့အိပ်မက်ချစ်သူဟာ အငယ်လား၊ အကြီးလား။ ဘယ်လိုအဖြေရှာရမလဲ။

ချစ်တီးပြောတဲ့ ရည်းစားရှိသူက အငယ်လား၊ အကြီးလား။

အခုအတိုင်းဆိုရင်တော့ အပြာရောင်နဲ့ ခြေမဒဏ်ရာကရော စပ်လျှဉ်းပြီး အငယ်မဟာ ကျွန်တော့်ရဲ့အိပ်မက်ချစ်သူ ဖြစ်နေတယ်လို့ ယူဆလို့ရတယ်။

အသေအချာတော့ မဟုတ်သေးဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်ထဲကမင်းအရိပ်တွေကို
ငါ့စိတ်ထဲမှာကျောက်ဖြစ်တဲ့အထိ
မှတ်ထားချင်တယ်ကွာ....။

## အိပ်မက်အပိုင်းခွဲ (၆)

သူ

ခြံ

ထဲတွင်

သူ့စပျစ်ပင်တွေကိုကြည့်ရင်း သီးနေသော စပျစ်သီးတွေကိုငေးနေမိသည်။

ခိုင်သစ်က သူနဲ့အတူရှိနေ၏။

သူ့စပျစ်ခြံလေးထိုကဲ့သို့ သာယာဖွံ့ဖြိုးတာ တစ်ခါမှမမြင်ဘူး။ သူ့ခြံထဲသို့ ကားနီတစ်စီးဝင်လာသည်။ သူ့ကို ခိုင်သစ်က ဧည့်သည်ထင်တယ်ဟု လှမ်းပြောသံကြားလိုက်ရ၏။

တယ်ရီနဲ့ရွှန်းနီကားနီလေးကို ထိုးဟောင်နေ၏။

ပွကြီးက ပန်းခင်းထဲမှထွက်လာပြီး ခွေးတွေကိုမောင်း၏။ ကားကလေးတံခါးပွင့်သွားသည်။

ထိုကားနီလေးထဲမှ နတ်သမီးတမျှလှပသော ချစ်သူ ဆင်းလာသည်။ ချစ်သူက အနီဝမ်းဆက်နဲ့။ သိပ်လှတယ်ဆိုတဲ့စကားနဲ့တောင် မလုံလောက်တော့ဘူး။ သူမ သူ့ရဲ့စပျစ် ဥယျာဉ်လေးထဲကိုဖြေးဖြေးလျှောက်လာသည်။ သူက သူမကို ငေးကြည့်ပြီး စပျစ်သီးလေးလိုအိထွေးလှပသော သူမနှုတ်ခမ်းလေးကိုငေးရင်း သူမ ဘာများပြောမလဲလို့။

သူ့အနားသို့ရောက်သောအခါ

“ကိုကို မြို့ထဲကိုလိုက်ခဲ့ဦး”

“ချစ်ကဘယ်ကိုသွားမလို့လဲ”

“မြို့ထဲတင်ပါ”

သူက ခိုင်သစ်ကို ‘ငါ မြို့ထဲခဏလိုက်သွားဦးမယ်’ ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



သူမနဲ့အတူလိုက်ခဲ့သည်။ သူနဲ့ချစ်သူစပျစ်ဥယျာဉ်လေးထဲက ထွက်တော့ သူ့ကို သူ့ရဲ့ခွေလေးတွေက အမြီးနှံ့ပြီးနှုတ် ဆက်လို့။

ချစ်သူကလည်း ခွေးလေးတွေကိုလှမ်းစရင်း ခွေးလေးတွေနဲ့အတူဆော့ကစားနေ၏။ သူ့ရဲ့ခွေးလေးတွေဖြစ်တဲ့ တယ်ရီနဲ့ရွှန်းနီးဟာ ဘယ်လိုကနေဘယ်လို အမွေးစုတ်ဖွား တယ်ရီယာလေးတွေဖြစ်သွားမှန်းမသိသလို သူနဲ့ချစ်သူလည်း ဘယ်လိုကနေဘယ်လို ပြင်ဦးလွင် ရုက္ခဗေဒဥယျာဉ်ထဲ ရောက်သွားမှန်းမသိ။

သိပ်လှတဲ့ပန်းတွေကြားထဲမှာ ချစ်သူရဲ့ မျက်နှာလေးဟာ အပြင်မှာထက်တောင်ပိုလှနေသလိုပဲ။

အဲဒီအချိန်မှာ သူသတိတစ်ခုရလိုက်သည်။

"ချစ်- ဗိုက်ဆာတယ်ကွာ"

"ကိုကို ဘာစားချင်လို့လဲ"

"ပြင်ဦးလွင်မြို့ထဲ ရှမ်းခေါက်ဆွဲသွားစားရအောင်လေ"

"ကောင်းသားပဲ"

ချစ်သူက ကောင်းသားပဲဆိုပြီးပြောသောအခါ သူ သတိတစ်ခု ရလိုက်၏။

"ကိုယ်နဲ့ မနေ့ကမနက်က ကိုယ့်အိမ်ရှေ့မှာတွေ့တာ၊ ဘာကြောင့်မခေါ်တာလဲ"

"ချစ်ကို ကိုကိုကခေါ်မှမခေါ်တာပဲ"

"ကိုကိုခေါ်ရင် ချစ်ကမှတ်မိမှာမို့လို့လား"

"မှတ်မိမှာပေါ့"

"ချစ်က. . . အမှာညီအစ်မထဲမှာ အကြီးလား၊ အငယ်လားဟင်"

"ကိုကို ချစ်ကို ချစ်လား"

"ချစ်တာပေါ့"





"အချစ်စစ်အချစ်မှန်တို့မှန်ရင် ကိုယ့်ချစ်သူရဲ့ ရင်ခုန်သံတော့ ကြားရင်မှတ်မိတယ်တဲ့၊ ကိုကိုအဲ့ဒါယုံလား"

"အချစ်စမ်းတာလား၊ ကိုယ်ကို ချစ်ကအချစ်နဲ့ပတ်သတ်ပြီး ဒွေးချယ်ခိုင်းတာလား၊ ကိုယ်လေ ချစ်ရဲ့အကြိုက်ဆုံး အစွဲအလန်းဆုံး အဖြေကို ရှာဖွေနေတယ်"

သူကချစ်သူဖိနပ်ကိုငုံ့ကြည့်လိုက်၏။

အဲ့ဒါကိုချစ်သူကရယ်ပြီး။

"ဘာလဲ ကြော်ငြာထဲကလို ဖိနပ်ကိုကြည့်တာလား၊ ချစ်တို့ညီအစ်မက စိတ်ပိုင်းဆိုင်ရာကလွဲပြီး တော်တော်များများ ရုပ်ဝတ္ထုတွေအပေါ်မှာ စွဲလန်းတာချင်းတူတယ်"

". . . . ."

သူဘာစဉ်းစားမိသလဲမသိ။

"အချစ်ကလွဲပြီးတော့ ပြီးတော့ရုပ်ဝတ္ထုတွေထဲမှာ လူချွလ်ကလွဲလို့ပေါ့"

သူချစ်သူကိုငေးရီစွာကြည့်ရင်နေသည်။ ချစ်သူက သိပ်လှ နေ၏။

သူဘယ်လိုလုပ်ပြီး အစ်မနဲ့ညီမကိုခွဲမှာလဲ။

"ချစ်ရဲ့နာမည်ကို ကိုယ်မသိရသေးဘူးလား"

သူနဲ့ချစ်သူသည် ပုဂံဘုရားတွင် ညနေဆည်းဆာကို ငေးကြည့်ပြီး ဘုရားခုံလေးတွင်ထိုင်လျက်ဖြစ်နေသည်။

သူကချစ်သူကိုနာမည်မေးနေသည်။

ချစ်သူကမဖြေ။

နေလုံးသည် တဖြည်းဖြည်းမြုတ်သွားသည်။ သူ့ဘေးတွင် အမှောင်သာရှိတော့၏။

သူဗိုက်ပြန်ဆာလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ် ဘယ်မှာလဲဟင်"

သူ့ဗိုက်ကအတော်ကိုဆာနေ၏။ သူလန့်နိုးသွားသည်။ တကယ်သူ့ကိုဆာလောင်မှုက လှုပ်နိုးသွားခြင်းဖြစ်သည်။

ကျွန်

တော်

အိပ်ရာ

က နိုးနိုးချင်းမထဖြစ်သေး။

အိပ်မက်ကို တဖြည်းဖြည်းစဉ်းစားနေသည်။ ကျွန်တော်အခု ထိ ချစ်သူနာမည်ကိုမသိသေး။

ချစ်သူနာမည်ကိုသိချင်နေပြီး ဘယ်လိုသိအောင် ကြိုးစားရ လဲဆိုတာ စဉ်းစားနေသည်။ အိပ်ရာကထလိုက်ပြီး ကျွန်တော် မျက်နှာသစ်လိုက်တယ်။ ဟိုကောင်တွေပဲ အားကိုးလို့မဖြစ်။ ကျွန် တော့်အိပ်မက်ချစ်သူ ဘယ်သူဖြစ်မလဲလို့ သူတို့တောင် တော် တော်လေး ဦးနှောက်ခြောက်နေကြတာ။

သွားတိုက်မျက်နှာသစ်ပြီး ထမင်းစားပွဲထိုင်လိုက်တယ်။

မေမေကကျွန်တော့်ကို မုန့်ဟင်းခါးချက်ထားတယ်။ မုန့် ဟင်းခါးဆို ကျွန်တော်အကြိုက်။

မေမေက မုန့်ဟင်းခါးထည့်ပေးရင်း

"သား ဒီညခြံထဲပြန်အိပ်မှာလား"

"ဒီမှာပဲ ပြန်အိပ်မယ်၊ ဟိုကိုနေ့ခင်းပိုင်းသွားနေမယ်၊ ပန်း တွေက အခုရက်ပိုင်းခူးရမှာ"

"ညစာ ဒီမှာစားမှာလား၊ ပြန်အိပ်ရုံပဲလား"

ကျွန်တော် သဘောပေါက်လိုက်တယ်။ ခြံထဲပြန်မယ်ဆို စားတွေကို အဲ့ဒီလို ကိုးလို့ကန့်လန့်ပြောနေကြ။ အခုလည်းကြည့် ကျွန်တော်ကိုရွဲ့ပြီးပြောနေတာ၊ အိပ်ရုံပဲလားတဲ့။

"ခြံထဲမှာ လုပ်စရာရှိတာလေးလိုတာလေးတွေ စီစဉ်ရုံပါပဲ၊

www.burmeseclassic.com



အပင်တွေကိုကြည့်ဦးမှပေါ့မေမေရဲ့၊ ဟိုကောင်တွေနဲ့ စိတ်ချရတယ် ဆိုပေမဲ့ ကိုယ်ကပစ်ထားလို့မဖြစ်ဘူး"

ကျွန်တော်ပြောတဲ့စကားကို မေမေကမဲ့ရွဲ့နားထောင်ပြီး

"အေးပါ၊ ကိုတတ်ပကြီးရယ်"

"မေမေကလည်းလုပ်ပြီ၊ ဒါနဲ့မေမေ ဂွဘက်ကို သားမှာ ထားတဲ့ မျိုးကွမ်းသီးတွေရမလား"

"မညွန့်ကတော့ပြောတယ်၊ အခုအပတ်အတွင်းရမယ်တဲ့"

"အဲဒါဆိုရင် ကွမ်းသီးပင်စိုက်ဖို့နေရာတွေ လုပ်ရဦးမယ်"

ကျွန်တော်က ထိုသို့ပြောပြီးမုန့်စားနေရင်းမှ ခြံထဲသို့ ကောလက် ဖြင့် ခိုင်သစ်ကိုလှမ်းခေါ်လိုက်တယ်။

ကောလက်ကိုပွကြီးလာကိုင်တယ်။ ခိုင်သစ် ကျွန်တော်ဆီ ထွက်သွားပြီတဲ့။ အဲ့ဒါဆိုလည်းပြီးရောဆိုပြီး ကောလက်ကိုပိတ် လိုက်ရုံရှိသေးတယ်၊ ဟိုကောင်ခိုင်သစ်က အိမ်ရှေ့ရောက်လာပြီ။

သီရိအောင်က မုန့်ပွဲပြင်ပြီး ကျွန်တော်နဲ့ဝင်ထိုင်စား၍

"လေးလေး"

"ဘာလဲ အင်တာနက်ကိစ္စလား၊ ငါစဉ်းစားနေတုန်းပဲ"

အိမ်ရှေ့ဘက်မှာ မေမေနဲ့ခိုင်သစ် စကားပြောနေတယ်။ မဟုတ်မှလွဲရော ပန်းအိုးထဲမှာ မေမေအသစ်ရလာတဲ့ ယိုးဒယား ရွက်လှပန်းအကြောင်းဖြစ်ရမယ်။ ဟိုကောင်ခိုင်သစ်က အရင်ဘဝက ရုက္ခစိုးလားမသိဘူး။ သစ်ပင်နဲ့ပတ်သက်လာရင် ထမင်းဟင်းမေ့။ ဒါတင်ဘာဟုတ်သေးလဲ။ မိသားစုထက် ပိုချစ်တယ်လို့ ပြောရမှာ။

အဖေါ်မရှိလည်း သစ်ပင်တွေနဲ့ စကားပြောချင်ပြောနေ တာ။

သီရိအောင်က ကျွန်တော့်ကိုထပ်၍ခေါ်ပြန်တယ်။





"လေးလေး"

"ဘာလဲ. . . ငါပြော. . . "

ကျွန်တော့်စကားမဆုံးခင် သီရိအောင်ကထပ်ပြီး

"လေးလေးတို့ လူပျိုကြီးတွေ အဲဒါခက်တာ"

"ဘာခက်တာလဲ ညည်းကပဲ ကြီးကြီးကျယ်ကျယ်၊ ဆိုစမ်း ပါဦး"

"လေးလေးရဲ့အိပ်မက်ချစ်သူကိစ္စ ဘယ်လိုအခြေအနေလဲ၊ သမီးတို့ အန်တီလေးရတော့မှာလား"

မေလွင်စိုးလက်ချက်ပဲဖြစ်ရမယ်။ မေမေကိုလှမ်းကြည့်၍

"ညည်း ကိုဘယ်သူပြောလဲ မေလွင်စိုးလား"

"မကြီးပြောတာမဟုတ်ပါဘူး၊ မနေ့က မဖျူတို့နဲ့ အကြော်စား ရင်း သူတို့တိုင်ပင်နေတာကြားလို့"

"မပြေသေးပါဘူးဟာ၊ အခုထိဘယ်လိုပြောရမှန်းမသိဘူး ဖြစ်နေတယ်"

"သြော်"

"ကဲ စားမှာစား၊ လူကြီးတွေကိစ္စဝင်မပါနဲ့"

"ဟာ လေးလေးကလည်း သမီးပြောတာ နားထောင်ပါဦး၊ သမီးလည်း လက်နက်ကြီးနဲ့ကူပစ်ပေးမယ်လေ"

ကျွန်တော့်တူမက ကျွန်တော်ကိုစကားရောဖောရောနဲ့ ဝင်ပြီးဖားနေတာ။ ကွန်ပြူတာကိစ္စအတွက် သူကချက်ချင်း လာဘ် ခြင်တယ်။

"ရပါတယ်သမီးရာ"

"နာမည်သိပလား လေးလေး"

"မသိသေးဘူး၊ အမွှာဆိုတော့ခက်နေတယ်"

"ဟိုဈေးထဲက ကုန်စုံဆိုင်ကအပျိုကြီးအမွှာမို့လား"

www.burmeseclassic.com



"ဟုတ်ပ ညည်းကသိလို့လား"

"သိတယ်၊ အဲ့ဒီဆိုင်ဘေးကစက်ဆိုင်က သမီးနဲ့သိတယ်၊ အဲဒီဆိုင်ကို ခဏခဏရောက်တော့ နာမည်တွေက ခပ်ဆန်းဆန်းတွေ"

"ဟုတ်လား၊ အဲ့ဒါဆိုရင်လုပ်စမ်းပါဦး"

"သမီးကိုကွန်ပြူတာနဲ့အင်တာနက်ချိတ်ပေးနော်"

"အပေးအယူက လုပ်ရသေးတယ်၊ မပြောလဲငါက သိမှာ"

သီရိအောင်မျက်နှာနည်းနည်းပြောင်းသွားတယ်။

"မဟုတ်ပါဘူးလေးလေးရယ် စတာ၊ အကြီးအငယ်တော့ မခွဲတတ်ဘူး။ အကြီးက ပန်တြာစမ်းရည်၊ အငယ်က ပန်တြာနှင်းရည်တဲ့၊ သူတို့နှစ်ယောက်ကို မမစမ်းနဲ့ မမနှင်းလို့ ခေါ်ကြတယ်။ ဘယ်သူ့ကို ခေါ်လဲတော့မသိဘူး၊ အကြီးအငယ်ခွဲဖို့တော့ တော်တော်ခက်တယ်တဲ့"

"ဟေ ဟုတ်လား"

"ဟုတ်တယ်လေးလေး၊ အဲ့ဒီထဲက အကြီးလား အငယ်လား တော့မသိဘူး၊ GTC ကဆရာတစ်ယောက်နဲ့ ရည်ငံနေတယ် တဲ့"

"သီရိအောင် စာလိုမပြောနဲ့၊ ကြိုက်နေတယ်ဆိုရတယ်"

"ဟုတ်ကဲ့ပါလေးလေးရာ ကြိုက်နေတယ်"

"အဲ့ဒီဆရာနင်သိလား"

"ရင်းတော့မရင်းနီးဘူး၊ ဒါပေမဲ့ ဆရာနဲ့တွဲတဲ့သူကို အားလုံး က စမ်းစမ်းလို့ခေါ်တာပဲ"

မေမေ အိမ်ထဲပြန်ဝင်လာတယ်။ ခိုင်သစ်လည်း ပါလာ တယ်။





ကျွန်တော်ကို ခိုင်သစ်အား မုန့်ထည့်ကျွေးဖို့လှမ်းပြောတယ်။ ဟိုကောင်ကတော့ မစားတော့ဘူးလို့ပြောနေသား။

ကျွန်တော်က သီရိအောင်ကို သမီးမုန့်ထည့်ပေးလိုက်ဦးလို့ ပြောလိုက်တယ်။ လာဟော့ကောင် တစ်ခါတည်းဝင်စားလိုက်လို့ ခေါ် လိုက်တယ်။ ခိုင်သစ်က ကျွန်တော်မုန့်စားနေတဲ့ နားဝင်ထိုင်ပြီး

"မင်း ဒီနေ့ခြံထဲပြန်မလို့ဆို"

"အေး ဟုတ်တယ်၊ ကွမ်းသီးပင်အတွက်ပါ စိုက်ဖို့နေရာတွေ လုပ်ဖို့"

"ရတယ်လေ၊ ငါလုပ်ထားလိုက်မယ်၊ မင်းဒီမှာနေချင်ရင် နေဦး"

မေမေက ဝင်ပြောတော့သည်။

"ပြောမရဘူး ခိုင်သစ်ရေ့ ခြံထဲကိုဆိုတာချည့်ပဲ"

"ခဏပါမေမေရ"

သီရိအောင်က မုန့်ပွဲပြင်ပြီး ခိုင်သစ်ရှေ့ချပေးကာ

"လေးခိုင်သစ် စား"

"ဆာတော့မဆာဘူး"

"စားလိုက်ဟေ့ကောင် တော်ကြာ မေမေပြောနေဦးမယ်၊ မုန့်မြန်စား ပြီးရင် ဈေးသွားဝယ်ရဦးမယ်"

"ဘာစိတ်ကူးပေါက်ပြီး ဈေးဝယ်ရတာလဲ၊ ငါသွားဝယ် မယ်"

မေမေ့ကို ဘယ်လိုပြောရမှန်းမသိ။ ကျွန်တော်က ကျွန်တော့် အကြောင်းနဲ့ကျွန်တော်။ သီရိအောင်ကို လှမ်းကြည့်လိုက်တယ်။ သီရိအောင်က ကျွန်တော်အစီပွါယ်ကို သဘောပေါက်စွာဖြင့်-

"ဘွားလေး မမွှောဒယကျောင်းကို ဆွမ်းသွားကပ်ဦးမယ် ... မုန့်ဆွမ်းသွားကပ်မလို့ဆို၊ မကြီးတောင်နောက်ဈေးမှာ ပြင်



www.burmeseclassic.com

www.burmeseclassic.com

ဆင်နေပြီ"

"သြော်အေးဟုတ်သားပဲ"

ကျွန်တော်နဲ့ခိုင်သစ် မုန့်စားပြီးသောအခါ၊ ဈေးဝယ်ဖို့ ပြင်ဆင်လိုက်တယ်။ သီရိအောင်ကိုလှမ်း၍

"သမီးရေ သီရိအောင်လေးလေးကို ခြင်းတောင်းပေးဦး"

"သမီးပါလိုက်ခဲ့မယ် လေးလေး"

"အိမ်မှာဘယ်သူမှ မရှိပဲနေဦးမယ်"

"မကြီးမေလွင်စိုးရှိတယ်"

မျက်စိမှိတ်ပြီး စကားကိုဆက်ပြောတယ်။

"ဘွားလေးက နဝင်းနဲ့သွားမှာ"

"အဲ့ဒါဆိုလည်း လိုက်ခဲ့လေသွားရအောင်"

ခြံပြင်သို့ရောက်သောအခါ-

"လေးလေး ဟို အမ္ဘာဆိုင်ကိုသွားရှိုးမလို့ မဟုတ်လား"

"ဟုတ်တယ်လေ"

"အခုချိန်ဆိုဈေးဝယ်ပြီး ပြန်တော့မှာ၊ လာ မြန်မြန်သွားမယ် လေးလေး၊ အဲ့ဒီဆိုင်မှာဈေးဝယ်ကြမယ်"

ခိုင်သစ် ဘုမသိဘမသိ ပါလာတယ်။

ကျွန်တော်တို့ တူဝရီးကိုကြည့်ပြီး

"ကိုသက် သီရိအောင်- ညည်းတို့တူဝရီး ဘာတွေမဟုတ် မဟုတ်ကြဲနေလဲ၊ တော်ကြာ ငါပါပြေးပေါက်မှားနေဦးမယ်"

ကျွန်တော်က အဲ့ဒီတော့မှ ခိုင်သစ်ကိုရှင်းပြလိုက်တယ်။ အိပ်မက်ဆိုတော့ ဒီကောင်လည်းတွန့်သွားသေးတယ်။ သီရိအောင် ဝင်ပြောမှ နည်းနည်းသဘောပေါက်သွားတာ။

"အဲဒါဆို သမီးလေးလေးလည်း သမီးဦးလေး အိပ်မက်ချင်သွ စစ်ဆင်ရေးထဲ ပါလာရပြီပေါ့"

ဒွေး_စာပေ



"ဟုတ်တယ်လေ"

"ဟား ဟား မင်းသာ ဒီလိုကလေးကလားလုပ်နေတာ၊ မှိုင်းမှိုင်း သာသိရင်တော့ အူတက်တောင်သေလိမ့်မယ်၊ ရယ်မှာ"

"အဲဒီလောက်ပုံပျက်နေလို့လားကွ"

ကျွန်တော့်ကိုကြည့်ပြီး ခိုင်သစ်ကထပ်ရယ်၏။

"မဖြစ်ပဲနေမလားကွ၊ စဉ်းစားကြည့် တူမကပါဝင်ပြီး လူဖို့ ကြီးဦးလေးအတွက် ကြိုးစားပေးနေရတယ်ဆိုတော့ ဟား ဟား ဟား"

စကားမဆုံးသေးဘူးထပ်ရယ်ပြန်တယ်။

"ထားဝေဆိုရင်တော့ ဖြစ်မှဖြစ်ရလေသက်ရယ်၊ ငါ့ထက် ဘယ်လောက်ပိုလှလို့လည်းလို့မေးမှာ"

"ထားပါကွာ၊ ထားပါ၊ တော်မရှက်၊ ငိုက်မရှက်၊ ကြိုက်မရှက် ဆိုသားပါတော့၊ ဒါပေမဲ့ အခုထိအဖြေက မသေချာသေးဘူး"

ကျွန်တော် ဘာ့ကြောင့်မှန်းမသိ၊ သက်ပြင်းတွေသာမှုတ် ထုတ်နေမိတော့တယ်။

အချစ်ရယ်

ဒီဝေဒနာက

ကိုယ့်ကိုနာနာထနေပြီလား။

www.burmeseclassic.com

www.burmeseclassic.com

သူတင်တဲ့အပြစ်ကို

ကရုမထားတတ်သူမရဲ့အပြုံးနဲ့တင်

ကျွန်တော်ဟာမိုးခေါင်းပန်းလိုပန်းလျှက်ပင်

ထဲ

ကို

ရောက်တော့ ကျွန်တော့်ရင်ခုန်သံတွေ

ခုန်နေ တယ်။ အရမ်းကိုမြန်နေတယ်။ တစ်ခါမှအဲဒီလိုရင်မခုန်ဘူး။ ကျွန်တော်နဲ့ခိုင်သစ် ကျွန်တော့်တူမ သီရိအောင်နောက်ကနေ လိုက်လာမိတယ်။

သီရိအောင်က ကျွန်တော့်ကိုလှည့်၍ပြောတယ်။

"လေးလေး ဒီကနေဘယ်ဘက်ကိုချိုးလိုက်ရင် လေးလေး ရဲ့ အိပ်မက်ချစ်သူ ဆိုင်ကိုရောက်ပြီ၊ ဘယ်နှစ်ရက်စာဝယ်မှာလဲ လေးလေး"

"တပတ်စာဝယ်ဟာ"

"ဟာ တော်တော်တုံးတဲ့ကောင်ပဲ၊ ခဏခဏလာချင်ရင် ဝယ်ရတယ်ကွ၊ သီရိအောင်၊ သမီးတစ်ရက်စာပဲဝယ်"

"ဟုတ်တယ်၊ လေးခိုင်သစ်ပြောတာသမီး သဘောပေါက် ပြီ၊ တရက်စာပဲဝယ်လိုက်မယ်၊ ကျန်တဲ့အသားငါးတွေကိုတော့ ဝယ်တာပေ့ါလေးလေး"

"သီရိအောင်"

"ရှင် ဘာလဲလေးခိုင်သစ်"

"ကုန်ခြောက်ပစ္စည်းတွေကိုသာဝယ်၊ အသားငါးက တို့ခြံ ထဲက အကုန်အဆင်ပြေတယ်"

ကျွန်တော်တို့သုံးယောက် သူမဆိုင်ရှေ့ ရောက်လာခဲ့တယ်။ ဆိုင်ဆုံး အနီရောင်ဝတ်စုံနဲ့သူမကိုတွေ့ရတယ်။ သိပ်လှတာပဲလို့

www.burmeseclassic.com


ကျွန်တော်တွေးနေစဉ်မှာပဲ၊ နောက်ထပ် အနီရောင်ဝတ်စုံနဲ့ နောက်တစ်ယောက်ကိုထပ်တွေ့တယ်။

ခိုင်သစ်က တအံ့တသြနဲ့ နှစ်ယောက်စလုံးကို တစ်လှည့်စီကြည့်လို့၊ ကျွန်တော်ကိုယ်တိုင်ဘယ်သူက ဘယ်သူလဲဆိုတာ မသိတော့ဘူး။

သူမတို့နှစ်ယောက်ကိုသေချာကြည့်တော့ ခေါင်းစည်းကြိုးလေးတွေအရောင်မတူဘူး။

သီရိအောင်က ဆိုင်ရှေ့ရောက်သောအခါ

"လေးလေး ဘာတွေဝယ်မှာလဲ"

"အကုန်ဝယ်လေ"

ကျွန်တော့်စကားကို တူမဖြစ်သူက မျက်စောင်းလှမ်းထိုးရင်းထပ်ပြောတယ်။

"အကုန်ဝယ်မှာတော့ ဟုတ်တယ်၊ ဘာတွေဝယ်မှာလဲလို့မေးတာ"

တူမဖြစ်သူကပြောမှ ကျွန်တော်နည်းနည်းသဘော ပေါက်သွားတယ်။

"ဟော့ကောင်ခိုင်သစ် လိုတာလေးတွေ မင်းကပြောလိုက်လေ"

ဈေးဝယ်သူတွေက သူတို့ဆိုင်မှာပြည့်နေတယ်။ သူတို့ညီအစ်မအပြင် တခြားကောင်မလေးနှစ်ယောက်လည်း ရှိတယ်။

သီရိအောင်နဲ့က မျက်မှန်းတန်းမိပြီးသိနေပုံပဲ။ ခေါင်းစည်းကြိုးအပြာနဲ့တစ်ယောက်က

"ညီမလေး ဈေးလာတာလား၊ ဘာယူမလဲ ဟိုတစ်ယောက် ညီမလေးကိုလုပ်ပေးလိုက်ဦး"

"သမီး ကြက်သွန်အဖြူအနီနဲ့ငြုပ်သီး ကျန်တာတွေ ကြည့်





ယ်ဟာ"

ခိုင်သစ်က သီရိအောင်ကို အဲ့လိုပြောလိုက်တော့၊ အဝါရောင် ခေါင်းစည်းကြိုးနဲ့တစ်ယောက်က။

"ကြက်သွန်အဖြူအနီ တပိဿာလား"

သီရိအောင်က

"မလုပ်ပါနဲ့ အန်တီလေးရယ်၊ သမီးဦးလေး လူပျိုကြီးကတစ်ယောက်တည်းဆိုတော့ တစ်ပိဿာဘယ်ကုန်မလဲ၊ ဈေးမဝယ်တတ်လို့လိုက်ဝယ်ပေးရတာ"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ ဘာဝယ်မလဲအစ်ကို"

သီရိအောင်ကို ကျွန်တော်ကလှမ်းကြည့်ပြီး သမီးကြည့်ယ်လေ၊ လေးလေးမဝယ်တတ်ဘူးလို့ ပြောလိုက်တယ်၊ သီရိအောင်က သူ့ဟာသူအစုံဝယ်နေတာပဲ။ ခိုင်သစ်က လိုတာလေးတွေ ဖြည့်ပြောတယ်။

ကျွန်တော်က သူတို့ညီအစ်မနှစ်ယောက်ထဲမှာ ဘယ်သူက ကျွန်တော့်အိပ်မက်ထဲကို ရောက်လာတာဖြစ်မလဲလို့ စောင့်ကြည့်ပြီး အကဲခတ်နေတယ်။ နှစ်ယောက်စလုံး စကားသံလေယူလေသိမ်းအစ အတော်တူတယ်။ သူတို့ထဲက တစ်ယောက်ရဲ့ချစ်သူလို့ပြောတဲ့ GTC ကျောင်းဆရာကို ချီးကျူးမိတယ်။ သူ့ချစ်သူကို ဘယ်လိုခွဲခဲ့ပါလိမ့်။

သူတို့နှစ်ယောက်ထဲက တစ်ယောက်ဟာ ကျွန်တော့်ချစ်သူဖြစ်လိမ့်မယ်။ သေချာတာကို သူတို့နှစ်ယောက်မျက်လုံးတွေထဲမှာ ကျွန်တော့်ကိုသိနေတဲ့ အဓိပ္ပါယ်တွေရှိနေတယ်။

ဈေးဝယ်သူစည်ကားတဲ့အချိန်ဆိုတော့ ကျွန်တော် ငေးငိုက် ကြည့်နေတာကို နှစ်ယောက်စလုံး သတိပြုမိပုံမပေါ်ဘူး။

ဒါပေမဲ့ သူတို့နှစ်ယောက်မျက်ဝန်းထဲမှာတော့ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com

ကို သိနေတဲ့အမိပ္ပါယ်တွေကို တွေ့လိုက်ရတယ်။

"လေးလေး သွားရအောင်"

ကျွန်တော့်အတွေးစပြတ်သွားပြီ။

အမှာညီအစ်မထဲက အဝါရောင် ခေါင်းစည်းကြိုးစည်းထား တဲ့တစ်ယောက်နဲ့ခိုင်သစ်က စကားတွေဘာတွေတောင် ပြောလို့ ခိုင်သစ်နဲ့ စကားပြောတဲ့ အမျိုးသမီးကပဲ

"နောက်လည်း လာအားပေးဦးနော်"

သူမတို့ဆိုင်ကနေ ကျွန်တော်တို့သုံးယောက် ပြန်လာ တယ်။

လမ်းမှာ သီရိအောင်က

"လေးလေး အိပ်မက်ချစ်သူက ဘယ်သူဖြစ်မလဲ"

"မသေချာသေးဘူး သမီးရဲ့ နှစ်ယောက်ထဲက တစ်ယောက် ဆိုတာတော့ သေချာတယ်"

"လေးလေးဈေးပြန်စောင့်ဦးမှာလား"

"မစောင့်လို့ဖြစ်မလား၊ ခဏတော့စောင့်ကြည့်ဦးမယ်"

ထိုမနက်က ဘာရယ်မဟုတ်၊ အိမ်ရှေ့ခန်းလေးပေါ် သူမအပြန်ကို စောင့်ကြည့်နေမိတယ်။

ဈေးခြင်းတောင်းလေးဆွဲပြီး အနီရောင်ဝမ်းဆက်နဲ့ သူမ လာပါပြီ။ သိပ်လှလွန်းတယ်။ ခေါင်းစည်းကြိုးကိုကြည့်လိုက်တော့ အဝါရောင်ခေါင်းစည်းကြိုးနဲ့။ ကျွန်တော်ဒန်းပေါ်ကနေ ကြည့်နေ တာကို သူမသိနေတယ်။

အိန္ဒြေကြီးစွာနဲ့ လမ်းလျှောက်လို့။

မော်ဒယ်တစ်ယောက် Cat Walk လျှောက်သလို ခက်တာက အပျိုကြီးစတိုင်အပြည့်။ ကျွန်တော်သူမကို ဘယ်လိုနှုတ်ဆက် ပြီး ရည်းစားစကားပြောရမလဲ။ သူမက ကျွန်တော်ကြည့်နေတာ





သိသော်လည်းသူ့လမ်းသူသာ လျှောက်နေတယ်။

ကျွန်တော့်အနားတွင်ရှိသော ခိုင်သစ်က

"ကိုသက် အဲ့ဒါ ငါနဲ့စကားပြောတဲ့ အမျိုးသမီးမို့လား"

"အေး ဟုတ်တယ်"

"ငါလှမ်းပြီး နှုတ်ဆက်ရင်ကောင်းမလား"

ခိုင်သစ်က နှုတ်ဆက်မယ်လို့ တကဲကဲလုပ်နေတာကို တား ပြီး ကျွန်တော်နှုတ်ဆက်လိုက်တယ်။

"ဟို ဈေးကပြန်တာလား"

သူမက ကျွန်တော့်ကိုတချက်ကြည့်ကာ 'ဟုတ်ကဲ့' ဆိုပြီး ဆက်လျှောက်သွားတယ်။ ကျွန်တော်ဘာထပ်ပြောရမလဲ စဉ်းစား ရတော့။

စပါးကြီးမြွေညှို့ထားသော သားကောင်ကဲ့သို့ ကျွန်တော် ဆွဲ့အသွားတော့တယ်။

သူမ ခပ်ဝေးဝေးရောက်သွားမှ ကျွန်တော့်ကိုခိုင်သစ်က ဆဲတော့တယ်။ ပြီးတော့ အပြစ်တွေလွှတ်တင်ပါရောလား။ သူ ကင်တဲ့အပြစ်ကို ဂရုမထားဘဲ သူမရဲ့အဖြေနဲ့တင် ကျွန်တော်ဟာ ဒီးဆမ်းပန်းလိုလန်းလျှက်ပင်။

"လာဟေ့ကောင် ဟိုကောင်တွေဆီသွားရအောင်"

"ခြံထဲပြန်မယ်လေကွာ"

"ပြီးမှပြန်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

သိမ်မွေ့ပြီးသိပ်တူတဲ့အမွှာညီအစ်မကို
ကြိုက်ရတဲ့ချစ်သူတွေရဲ့
ဦးနှောက်ခြောက်မှုကို
ကျွန်တော်နည်းနည်းစာနာလာမိတော့တယ်။

ပြည့်

ဖြိုး

ဇော်

စာအုပ်ဆိုင်သို့ရောက်သောအခါ ပြည့်ဖြိုးဇော်က ရောက်ရောက်ချင်းလှမ်း၍ ပက်တော့တယ်။

"ကိုသက်ရာ ဘာတွေလုပ်နေလို့ ဒီလောက်ကြာနေတာလဲ၊ ဘဲ့ကောင်အောင်မျိုးဝင်းတောင် ဆိုင်ကယ်အဝယ်လာလို့ မေ့လက်ရာ သွားတယ်"

ကျွန်တော်နဲ့ခိုင်သစ် ဆိုင်ထဲရောက်သောအခါ ခိုင်သစ်က

"မင်းတို့လူပျိုကြီး ဝိုင်းကြီးပတ်ပတ်ဒူဝေဝေလုပ်နေလို့ ကြာနေတာ"

"ဘာတွေဝိုင်းကြီးပတ်ပတ်ဒူဝေဝေလုပ်နေလို့ ကြာနေတာလဲ လုပ်ပါဦးခိုင်သစ်ရ"

"ဈေးထဲသွားတယ်"

"ဟာ ကျွန်တော့်တို့တောင်မခေါ်ဘဲ သွားတယ်"

"တူမတော် သီရိအောင်နဲ့လေကွာ၊ ဒီကောင်လိုဇီဇာကြောင်တဲ့ကောင် တမျိုးလုံးတဆွေလုံး ဝိုင်းကူမှရတော့မှာ"

"မင်းကလည်းကွာ ငါက အဲ့ဒီလောက်မဟုတ်သေးပါဘူးကွာ၊ အဖြစ်ရှိပါသေးတယ်။ မင်းရှေ့မှာတင် သူဈေးက ပြန်လာတာကို ဈေးကပြန်လာတာလားလို့မေးသားပဲ။"

ကျွန်တော်စကားကို ခိုင်သစ်နဲ့ပြည့်ဖြိုးဇော် ရယ်ကြတယ်။ ပြည့်ဖြိုးဇော်က

"ကိုသက် အဲ့ဒီလိုမေးတော့ ဟိုကဘာပြန်ပြောသွားလဲ"



www.burmeseclassic.com

www.burmeseclassic.com


ခိုင်သစ်က အရယ်မရပ်သေး။ ကျွန်တော်က ခိုင်သစ်ပါးစပ်ကို လက်ဖြင့်ပိတ်ပြီး

"ဟုတ်ကဲ့လို့ပြောသွားတယ်ကွ"

"ပြီးတော့ ကိုသက်က ဘာဆက်ပြောလိုက်သေးလဲ"

"ဒါပဲလေကွာ"

ခိုင်သစ်နဲ့ပြည့်ဖြိုးဇော်နှစ်ယောက်စလုံး ထိန်းမနိုင်သိမ်းမရ ရယ်တော့သည်။ လမ်းသွားလမ်းလာတွေက လှည့်ကြည့်လို့၊ နှစ်ကောင်စလုံးရယ်တာ မျက်ရည်တောင်ကျတယ်။

"ကိုသက်ရယ် နည်းနည်းပါးပါးဆက်ဖောရမဲ့ကိစ္စကို ဒီနေရာတင် ရပ်ထားရတယ်လို့"

"မင်းတို့ပြောလဲခံရမှာပဲ၊ ငါကိုက ဘာဆက်ပြောလို့ပြောရမှန်းမသိတာ၊ လာကွာ လက်ဖက်ရည်ဆိုင်ထိုင်ရအောင်"

"ဆိုင်မှာလူမရှိဘူးဗျ"

"ဒီဂန္ဓဝင်တင်ပါကွ"

ကျွန်တော်အတင်းဆွဲခေါ်လို့ ပြည့်ဖြိုးဇော် လက်ဖက်ရည်ဆိုင်ကိုပါလာတယ်။

"ကိုသက် မနက်ဖြန်ကြရင် ဈေးသွားဦးမှာလား"

"သွားမှာပေါ့ကွ"

"ဒါဆို မနက်ဖြန်ဈေးသွားရင် ကိုခိုင်သစ်ကိုမခေါ်နဲ့တော့"

"ဘာလို့လဲကွ"

"ကြိုက်တာ အစ်ကိုဆိုတာသိဖို့ လူလဲနဲ့သွား၊ ဒါမှမဟုတ် သိရှိအောင်၊ မေလွင်စိုးတို့နဲ့သွား"

"အဲ့ဒီနှစ်ယောက်က ကျောင်းတက်နေတဲ့ဟာ မင်းကလဲ"

"တစ်ယောက်တည်း မသွားရဲသေးဘူးလား"

"အဲဒီသတ္တိကိုတော့မွေးယူရမှာပေါ့"





လက်ဖက်ရည်ဆိုင်ရောက်တော့ အောင်မျိုးဝင်း တပည့်ချစ်တီးကိုတွေ့ရတယ်။ ကျွန်တော်တို့ လက်ဖက်ရည်မှာသောက်ပြီးသောအခါ ချစ်တီးကကျွန်တော့်နားကပ်၍

"ကိုသက်"

"ဘာတုန်းကွ"

"ဟိုရှေ့အစွန်က စတစ်ကော်လံနဲ့ ဆံပင်တိုတိုလူက ဟိုအမွှာထဲက တစ်ယောက်ရဲ့ရည်းစားပဲ"

"GTC ကျောင်းဆရာဆိုတာလား"

"ဟုတ်တယ်"

GTC ကျောင်းဆရာဆိုတဲ့သူကို ကျွန်တော်လှမ်းကြည့်လိုက်တယ်။ လူတော့လူချောပဲ။ ကျွန်တော်နဲ့မယှား ညီအစ်ကိုတော်နဲ့သူဆိုတော့ မလေ့လာလို့မရဘူး။ ကျွန်တော့်ကောင်မလေး မှားနဲ့သွားရင်မလွယ်ဘူးလေ။ ဒါပေမဲ့ သူ့မှာစွဲတဲ့နည်းတော့ရှိတယ်။

ကျွန်တော်က လက်ဖက်ရည်တစ်ငုံငုံပြီး ချစ်တီးအားမေးကြည့်တယ်။

"ဟေ့ကောင်ချစ်တီး သူတို့ကြိုက်တာကြာပြီလား၊ သူ ကြိုက်တာ အကြီးလား အငယ်လား"

ကျွန်တော့်စကားကို ချစ်တီးခဏစဉ်းစား နေတယ်။

"ကြိုက်တာတော့ နည်းနည်းကြာနေပြီ၊ ဒီလူနဲ့ကြိုက်တာ အငယ်ဖြစ်ဖို့ပိုများတယ်။ ဘာလို့လဲဆိုတော့ တစ်ခါတုန်းက ဆိုင်မှာ ဘယ်သူရှိလဲလို့သူက အမွှာထဲကတစ်ယောက်ကိုမေးတော့ အကြီးရှိတယ်တဲ့"

"သေချာလား ချစ်တီး"

"သေချာတယ် ကိုသက်၊ ဒီထက်သေချာချင်ရင် ကျွန်တော် အဲ့ဒီသူ့ကို သွားမေးလိုက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မလုပ်နဲ့"

ခိုင်သစ်နဲ့ပြည့်ဖြိုးဇော်က ကျွန်တော့်ပုံစံကိုကြည့်ပြီး ရယ်နေကြတယ်။ ချစ်တီးဆိုတဲ့ကောင်က လွယ်တာမဟုတ်ဘူး။ ခေါင်းငြိမ့်ကြည့်ပါလား။ မေးပြီးသားဖြစ်သွားမှာ။ ဟိုနှစ်ကောင်ရယ်တာတော်တော်ကျယ်သည်။ ကျွန်တော်တို့ ဝိုင်းကို GTC ကျောင်းဆရာမြင့်မိုးလတ်ဆိုတဲ့ သူကပါ လှည့် ကြည့်သည်။ ဘာကြောင့်မှမဟုတ်ဘဲ ကျွန်တော်နည်းနည်းတော့ ရှက်သွားတာပေါ့။

"ကျေးဇူးပဲချစ်တီး လက်ဖက်ရည်သောက်ပြီးပြီမို့လား၊ ရှေ့ည ဘီယာသောက်ဖို့"

ချစ်တီးအိတ်ထဲကို တစ်ထောင်တန်သုံးရွက် ကျွန်တော်ထည့်ပေးလိုက်တယ်။ ချစ်တီးက ညနေအတွက် ဘီယာဖိုးရပြီဆိုတော့ ပျော်သွားပြီးပြန်တော့မယ်ဆိုကာ ထွက်သွားတယ်။ ကျွန်တော်လည်း ခဏကြာတော့ လက်ဖက်ရည်ဖိုးရှင်းပြီး ထွက်လာခဲ့တယ်။ ဆိုင်ထဲမှာတော့ မြင့်မိုးလတ်ဆိုတဲ့လူ ကျန်နေတုန်း။ မပြန်သေးဘူး။ ခိုင်သစ်နဲ့ကျွန်တော် စိုက်ပျိုးရေးဆေးဆိုင်သွားပြီး လိုအပ်တဲ့ ဆေးတချို့ဝယ်ကာ ခြံထဲကိုပြန်လာတယ်။ လမ်းမှာ ထိုကျောင်းဆရာ မြင့်မိုးလတ်ဆိုတဲ့သူနဲ့ အမွှာထဲက တစ် ယောက်ကိုတွေ့လိုက်ရတယ်။ ကျွန်တော်ကအလျှင် အမြန်ပဲ ခေါင်း စည်းကြိုးကို ကြည့်လိုက်တော့ အပြာရောင် ခေါင်းစည်းကြိုးနဲ့။

ဟုတ်ပြီ။

ကျွန်တော်နှုတ်ဆက်လိုက်တဲ့ အဝါရောင်ခေါင်းစည်းကြိုးကောင်မလေးဟာ အကြီးပဲဖြစ်ရမယ်။ ဒုတိယတွေ့တုန်းက စတိုင်နဲ့တိုက်မိတော့မလိုဖြစ်သွားပြီ၊ ခြေမကွဲသွားတာ အငယ်။ သိမ်းလို့သိပ်တူတဲ့ အမွှာညီအစ်မကို ကြိုက်ရတဲ့ချစ်သူ တွေရဲ့ဦးနှောက်ခြောက်မှုကို ကျွန်တော်နည်းနည်း စာနာလာမိတော့တယ်။



ထဲ

ဝင်ဝင်

ချင်း စူပါကတ်အစိမ်းလေးကို လှမ်းမြင်ဘာသည်းက ခိုင်သစ် သူ့ဆိုင်ကယ်ပေါ်ကနေ ကျွန်တော့်ကို လှမ်းပြောတယ်။

"ကိုသက် ဆရာကြီးခွေးဂျပုတော့ရောက်နေပြီ"

ကျွန်တော်ပြုံးမိတယ်။

ဇော်ဇော်နဲ့ခိုင်သစ်က မျက်နှာချင်းဆိုင်ရော ကွယ်ရာရော တစ်ယောက်နဲ့တစ်ယောက် ဘယ်တော့မှ အကောင်းမပြော။ ငြင်းခုန်ရင်းအမြဲတမ်းစကားများတယ်။

ရန်ဖြစ်တယ်လို့တော့မရှိ။ စကားမပြောခဏရယ်။

ကျွန်တော်တို့ရောက်ရောက်ချင်းရှိသေးတယ်။ ခိုင်သစ်မိန်းမ မိုးမိုးက

"ငါမပြောဘူးလား၊ နင့်ကိုစောင့်နေပါလို့ လာပါပြီ"

ကျွန်တော် ဆိုင်ကယ်ကိုဒေါက်ထောက်ပြီး ဝယ်လာတဲ့ပစ္စည်းတွေထုတ်လိုက်တယ်။ ဘန်ဂလိုပေါ်ကဆင်းလာတဲ့ ခိုင်သစ်သမီးအကြီး မယဉ်မိုးဦးကိုပေးလိုက်တယ်။

ခိုင်သစ်က ဇော်ဇော်ကို မင်းဘာလာရှုပ်ပြန်ပြီလဲ ဆိုတဲ့အကြည့်နဲ့ မှုကုတ်ကုတ်ကြည့်နေတယ်။ ခိုင်သစ်က သူ့ဘွန်ဆိုင်းပင်သေး သေသွားတဲ့ကိစ္စအခုထိ ကျေနပ်ပုံမပေါ်ဘူး။

"ဟော့ကောင် ကိုသက် မင်းကကွာ အလုပ်ကိုမလေးစားဘဲ ပျောက်သွားနေတဲ့ကောင်တွေမှ ခြံအပ်ခဲ့ရတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဇော်ဇော်ဂျပုမင်းပေါက်တတ်ကရလျှောက်ပြောနဲ့ အလုပ်ကိစ္စနဲ့သွားတာကွ"

"မင်း ငါ့ဘာပြောလို့လဲ"

"မင်းစောင်းပြောနေတာမို့လား"

ကျွန်တော်ဝင်ထိန်းလိုက်ရတယ်။ နှီမို့ဆိုနှစ်ကောင်သား ဆဲတာဆိုတာတွေလာတော့မှာ။ မိုးမိုးကတော့ ခါတ်သိဆိုတော့ရယ်လို့ ဒီနှစ်ကောင်ရန်ဖြစ်တာအထူးအဆန်းမှမဟုတ်တာ။

"ဟိုကောင်ပွကြီးရောမိုးမိုး"

"စောစောကပဲ အခုဘက် ဘာမျိုးဆိုလည်း သွားယူဖို့ထွက်သွားတယ် ကိုသက်၊ နင်ဒီမှာထမင်းစားမှာမို့လား"

"အေးစားမှာ ဟော့ကောင်ဇော် မင်းရော အေးအေးဆေးဆေးပဲမို့လား၊ ဒီမှာထမင်းစားပြီးမှပြန်ပေါ့၊ မိုးမိုး ငါ ငါးသေတ္တာတွေဝယ်လာတယ်၊ ချက်ဟာ"

"ငါဝက်သားချက်ထားတယ်ဟ"

ဇော်ဇော်က ဝက်သားဆိုရင်တော့ ထမင်းစားပြီးမှ ပြန်မှာလို့ဝင်ပြောတယ်။ ဒါကိုခိုင်သစ်က ပြုံးစိစိဖြင့် ရယ်သံတဝက်ဖြင့်

"မင်းကိုဘယ်သူက ကျွေးမယ်လို့ပြောသေးလို့လဲ"

"မိုးမိုးကျွေးရင်စားမှာပဲ"

"ခွေးကောင်"

ခိုင်သစ်တို့လင်မယားနှစ်ယောက်စလုံး ထ ဆဲတာ။

"ဟော့ကောင် ကိုသက် ထားဝေဆီကဖုန်းရသေးလား"

"မရဘူးကွ"

"မင်းရောဆက်ဖြစ်သေးလား၊ မင်းမင်းထွန်းနဲ့မင်းက ပြန်ချိတ်ပေးတာဟုတ်တယ်၊ မနေ့က မင်းမင်းထွန်းငါ့ကိုပြောတယ်။ သူ ဖုန်းဆက်တာ မရလို့တဲ့"





ခိုင်သစ်က ဝယ်လာတဲ့ပစ္စည်းတွေကိုစစ်နေတယ်။ မိုးမိုးတာ ကျွန်တော်တို့နားဝင်ထိုင်ပြီး မိုးမိုးက

"ကိုသက်"

"ဘာလဲ မိုးမိုးပြော"

"နင်အမှန်အတိုင်းပြောနော်၊ နင်နဲ့ထားဝေနဲ့တကယ် မချစ်ခဲ့ကြဘူး ဟုတ်လို့လား၊ စောစောကပဲငါနဲ့ဇော်ဇော် နင်တို့အကြောင်းပြောနေသေးတယ်"

ကျွန်တော် ရယ်မိတယ်။ ဘာ့ကြောင့်မှန်းတော့မသိဘူး၊ ခိုင်သစ်က မိုးမိုးကို 'နင်ကလည်း ဇာတ်လမ်းပြီးသွားပါပြီဆိုမှ ချိုးချောက်ပြန်ပြီး ရေနှူးနေသေးတယ်' ဟုဝင်ပြော တယ်။ ဇော်ဇော်က ခိုင်သစ်ကို

"မင်းကလည်း မရှင်းလို့မေးရတဲ့ကိစ္စကို"

အဲ့ဒီမှာပွကြီးက ခွေးနှစ်ကောင်နဲ့ပြန်လာပြီ။ ကျွန်တော်က အဝေးကိုငေးလျှက် လေးနက်စွာတစ်ခုခုကို ပြောဖို့ချောင်းဟန့်လိုက်တယ်။

"ငါနဲ့ထားဝေနဲ့ ဖွင့်မပြောဘဲ နှစ်ဦးသိနားလည်မှုဆိုတဲ့ ရပ်ဝန်းဘစ်ခုမှာ သူငယ်ချင်းပုံစံထက်ကျော်ပြီး ချစ်သူ့ရပ်ဝန်းတစ်ခုကိုရောက်သွားခဲ့ဖူးတယ်ကွ။ ဒါပေမဲ့ အဲ့ဒီထဲက သူနဲ့ငါ့မှာ အယူအဆတော့တာတွေများတယ်။ သူရောငါရောပေါင်း မရဘူးဆိုတာ သိကြတယ်။ သူကတော့ ငါ့ကိုတင်းနေမှာပေါ့၊ ဒါပေမဲ့ သူ ငါ့ကိုကြာရင်မေ့သွားမှာပါ။ အဲဒီကတည်းက လမ်းခွဲဖို့ပဲ။ ဒါပေမယ့် အပျိုကြီးအားကြီး ရှိပါစေဆိုပြီး ငြိမ်နေလိုက်တာ။ တလောက မင်းမင်းထွန်းနဲ့သူ့ကိုပြန်ချိတ်ပေးလိုက်တယ်။ ငါ သူ့ကို စိတ်ချမ်းသာစေချင်ပါတယ်"

ကျွန်တော့်က ရေနွေးတစ်ခွက်ကို မော့သောက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ရေနွေးပုဂံထဲကို ရေနွေးထပ်ငှဲ့လိုက်တယ်။ ပြီးမှ စကားကို ပြန်ဆက်တယ်။

"သူငယ်ချင်းတစ်ယောက်အနေနဲ့ ငဲ့ညှာပြီးထားဝေကို စဉ်းစားသေးတယ်။ အဲ့ဒီမှာ လုံးဝအိမ်ထောင်ဘက်အဖြစ်ရွေးလို့မရဘူး။ ငါ့စိတ်ကိုက ထားဝေကိုသူငယ်ချင်းထက်ပိုမရတာပဲ"

ဇော်ဇော်က ခိုင်သစ်နဲ့မိုးမိုးကိုကြည့်ကာ

"ဒီနှစ်ယောက်နဲ့တော့ကွာပါ့ကွာ"

"မင်းကရော ဘာထူးလဲ၊ သီတာဦးဆယ်တန်းတောင် မဖြေရသေးဘူး၊ ခိုးပြေးတော့တာ"

"နေပါဦးဟ၊ နင်တို့နှစ်ယောက်ကလည်း ဒီမှာစကားကောင်း ပြောနေတဲ့ဟာကို"

ကျွန်တော့်စကားကိုဆက်လိုက်တယ်။

"ထားဝေမှာလည်း အဲ့ဒီလိုပဲကွ၊ မင်းတို့ငါနဲ့အတူ ညစာ မစားခင် ထားဝေနဲ့ငါ မနက်ထဲကတွေ့ပြီးသားကွ၊ သူလည်း အား ကိုးရှာတာပေါ့၊ အိမ်ထောင်ပြုမှုဖြစ်မယ်ဆိုတာ သူ့ ခေါင်းထဲမှာ ရှိနေတယ်။ ငါကသူ့ကိုနှစ်နှစ်ကာကာချစ်မဲ့လူ သည်းညည်းခံမဲ့လူ က မင်းမင်းထွန်းပဲရှိတယ်ဆိုပြီး သူ့နှလုံးသားကို သတိပေးလိုက် တာ"

"အဲ့ဒါနဲ့အပျိုကြီး မင်းအကြံပေးတာကို လက်ခံသွားရော လား"

"အဲ့ဒါတော့မသိဘူးကွ၊ အပျိုကြီးဆိုတော့ နည်းနည်းတော့ လက်ပေါက်ကပ်မယ်ထင်တယ်"

ကျွန်တော်ပြောပြီးရယ်မိတယ်။

ပြီးတော့ စားပွဲဝိုင်းမှထကာ စပျစ်ခြံထဲလှည့်ကြည့်တယ် အပင်တွေကတော့ တော်တော်လေးဟုတ်နေပြီ။ ခိုင်သစ်နဲ့ဇော်ဇော်





လည်း ပါတယ်။ ဇော်ဇော်က ကျွန်တော့်အပင်တွေကိုကြည့်ပြီး

"မင်းအပင်တွေ သုံးနှစ်အတွင်းသီးနိုင်တယ်ကွ"

"ဟုတ်တယ်၊ သီးတာထက်အောင်မြင်ဖို့ပဲကွ"

"အောင်မြင်တာကတော့ ငါတို့ကြိုးစားမှုနဲ့ ဆေးဝါးတွေနဲ့ ဘွင်မကဘူး၊ ရာသီဥတုအပေါ်လည်း မူတည်တယ်ကွ"

"ခိုင်သစ်ကလည်း ရာသီဥတုကတော့ ဘယ်တတ်နိုင်မလဲ ကွာ၊ ဒီကောင်တွေရှင်တော့ရှင်သွားပြီကွ၊ အပွင့်လိုက်ဖို့နဲ့ သီးဖို့ပဲ ဆိုတော့မယ်"

"ခိုင်သစ် ပော့ကောင် မင်းတို့ ဒီခြံကိုထွင်းထားတာ၊ ဘယ် လောက်ကြာပြီလဲ"

"ကိုသက် မင်းဘိုးတော်ဆုံးတာ တနှစ်မပြည့်သေးဘူးနော်"

ကျွန်တော်က အေးလို့ ပါးစပ်ကပြောပြီး ခေါင်းငြိမ့်ပြလိုက် တယ်။

"ရှစ်လလောက်တော့ရှိပြီကွ"

"အဲ့ဒါဆို မင်းတို့ ဒီကောင်တွေစိုက်တာ သုံးလပဲရှိသေး တယ်ပေါ့"

"အေး"

"ဒါဆိုအောင်မြင်တယ်လို့ပြောရမှာပဲ"

"မင်းမြင်ဘာဟုရ်ဘက်က သရက်ခြံရောဘယ်နှလဲ"

"မဆိုးပါဘူး ကောင်းတယ်၊ ဒီနှစ် ငါ ကော်ဖီစိုက်ကြည့်ဦး မယ်"

"ဖြစ်ပါ့မလားဟင်"

"ဘာလို့မဖြစ်ရမှာလဲ ကိုသက်ရ၊ ငါကခိုင်သစ်လိုကောင်မျိုး မဟုတ်တာ"

နှစ်ကောင်သားဖတ်ဖူးတဲ့ ဟာတွေငြင်းတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖိစစ်တွေရော၊ ပထဝီ နိုင်ငံရေးနဲ့ အနုပညာစုံလို့။ ဒီကောင်နှစ်ကောင်က တစ်ယောက်နဲ့တစ်ယောက် ရန်မထောင်ဘူးဆိုရင် သူတို့ငြင်းတာ နားထောင်လို့ကောင်းတယ်။

ဒါပေမဲ့။

ခိုင်သစ်ဆိုတဲ့ကောင်က တစ်လက်မမှ နောက်မဆုတ်တဲ့ကောင်။ ဇော်ဇော်ဆိုတဲ့ ဂျပုကလည်း ငါသိငါတတ်သမားဆိုတော့ ဆဲဟယ်ဆိုဟယ်အထိမရောက်ဘဲ စကားဝိုင်းကမသိမ်းဘူး။

ဇော်ဇော်နဲ့ခိုင်သစ်ကိုထားခဲ့ပြီး ပွကြီး ပန်းခင်းဘက်ရောက်ခဲ့တယ်။ ပွကြီးက

"ကိုသက် မနက်ဖြန် တစ်သုတ်ချိုးမယ်၊ ပွဲစားနဲ့ပြောပြီးပြီ"

"ညနေချိုးမှာလား"

"ဟုတ်ကဲ့ ဟိုကောင်ခိုင်သစ် ကျွန်တော်ဝယ်ခိုင်းတဲ့ ဆေးဝယ်တယ်မို့လား"

"ဝယ်တယ်လေ"

"အဲဒါဆိုနေအေးမှ ကိုင်တာပေါ့"

"ငါပြန်အိပ်မှာ မှောင်ရင်စလိုက်တွေဖွင့်၊ မြွေပါးကင်းပါး မီးမလာရင် မီးစက်နှိုး"

"ဟုတ်ကဲ့ ဟိုကောင်လည်းမှာခဲ့ဦး၊ ညနေမှ ကိုသက် ပြန်[illegible]လား"

"အေး"

"ဒါဆို အန်တီမြဖို့ ပန်းယူသွားဦးလေ"

"ပြန်ရင်ငါပြောမယ်လေ ချိုးပေးလိုက် ဒါနဲ့နေဦး ပွကြီး"

"ဘာလဲကိုသက်"

"မနက်ဖြန် မင်းကွမ်းသီးပင်စိုက်ဖို့အတွက် နေရာ[illegible]





[illegible]မယ်။ အခုမင်းလူဘယ်နှစ်ယောက်ခေါ်ထားလဲ"

"ကျွန်တော်တို့ နှစ်ယောက်ရှိတယ်လေ"

"နေရာချဖို့က ဟိုကောင့်ဆီမှာရှိတယ်၊ နောက်သုံးယောက်[illegible]လောက်ထပ်ခေါ်လိုက်ဦး"

"ဒီလူနဲ့မရဘူးလား"

"ပင်ပန်းမှာစိုးတာရယ်၊ တစ်ရက်ထဲပြတ်တော့ ပိုကောင်း[illegible]ပေါ့၊ သီဟိုဠ်နဲ့အုန်းကြားမှာတစ်တောင် ပတ်လည်သာတူး[illegible]ကွာ နော်၊ ငါဆယ်နာရီလောက်မှ ရောက်မှာ"

"စိတ်ချ ကိုသက်"

ထိုနေ့ ထမင်းဟင်းစားပြီး နေ့လည် တစ်နာရီခွဲလောက်မှ [illegible]ဇော်နဲ့အတူ မြို့သစ်အိမ်ကိုပြန်တယ်။ လမ်းကြုံမှ ဇော်ဇော်ကို [illegible]နေ့ ဘစ်ဆိုင်ဆိုင်သွားရအောင်လို့ ချိန်းလိုက်တယ်။

ဘာလို့လဲဆိုတော့ ကျွန်တော့်ရင်ထဲမှာ အိမ်မက်နဲ့ ပတ်[illegible]ပြီး ပြောစရာတွေရှိသေးတာကို။ ဒီကိစ္စမှာ ဇော်ဇော်က နည်း[illegible]စိမ်းပြီး ဖြစ်ကြောင်းကုန်စင်ကို မသိသေးတဲ့သူဆိုတော့ ပြောရ[illegible]တာကောင်းမလားလို့။

ဘာပဲပြောပြော ဇော်ဇော်ဆီက အကြံဉာဏ်လည်း လိုအပ်[illegible]

အိမ်ရောက်တော့ အခန်းထဲမှာခဏလှဲရင်း ကျွန်တော့်ကိုယ်[illegible]တော်တွေးမိတယ်။ အသက် -၃၅နှစ် အရွယ် ငါလိုလူပျိုကြီးက [illegible]ပြန်လာတဲ့ကောင်မလေးတစ်ယောက်ကို ရည်းစားစကားလိုက်[illegible]လို့ သင့်တော်ပါ့မလားလို့။

ချစ်ရင် ဘာလည်း ကျမဲ့သိက္ခာကို သိသိနဲ့ ချနင်းရတာပဲ။ [illegible]ထဲမှာ ရည်းစားစကားလိုက်ပြောလို့တော့မဖြစ်။ စာလိုက်ပေး[illegible]တား၊ မလွယ်လှ။ မထူးပါဘူး။ ဈေးထဲမှာ သူ့ဆိုင်ရှိတာပဲ ဈေး



www.burmeseclassic.com

www.burmeseclassic.com

ခဏခဏဝယ်ဖို့ပဲရှိတော့တယ်။

ရှေ့မျက်နှာနောက်ထားရမှာလား။

နောက်မျက်နှာရှေ့ထားရမှာလား။

ကျွန်တော့်ရဲ့အိမ်မက်ချစ်သူ အိပ်မက်မေဟာ အကြီး... တော့ သူမနာမည်က ပန်ဒွြာစမ်းရည်။

ချစ်ရပါသော မပန်ဒွြာ။



## အိပ်မက်အပိုင်းခွဲ (၇)

အငွေ့လေးတောင်မကျန်တော့တဲ့

လန်နီနီးခြင်းအတွက်

မင်းနဲ့ငါကြား

ဘာကြောင့်အိပ်မက်တွေခြားနေတာလဲ။

သူနဲ့သူ့ချစ်သူ ပုဂံမြို့အနှံ့လျှောက်လည်နေတာ။ ချစ်သူက သူ့ကိုယွန်းပန်းချီကားလေးတစ်ခုဝယ်ပေးသည်။ သိပ်လှလွန်းလှ၏။ ...န်းချီကားလေးထဲတွင် ပန်းချီဆရာက လက်ရာမြောက်စွာ ကိန္နရီ ...ိန္နရာကနေပုံလေးဆွဲထားသည်။

ချစ်သူက သူ့ကို ကိန္နရီ ကိန္နရာရုပ်ကလေးကဟန်ကို ...က်ညှိုးထိုးပြ၍

“ကိုကိုနဲ့ချစ် ဒီအတိုင်း ကနေတဲ့ပုံလေး ဓါတ်ပုံရိုက်ချင် ...ယ်”

“ချစ်ကလည်း မဟုတ်တာ”

သူက အဲ့ဒီလိုပြောတော့ ကိုကိုရှက်လို့မဟုတ်လားဟု သူက ...ရော် ကရော်ဆိုပြီး လုပ်ပြနေသည်။

သူနဲ့ချစ်သူ ပုဂံမြို့အနှံ့ကို မြင်းလှည်းလေးနဲ့လည်နေတာ။

မြင်းလှည်းဆရာကြီးက သူတို့ငယ်ငယ်ကတတက်ခဲ့တဲ့ ကျောင်း ...င့်ကကွမ်းယာဆိုင်က ဦးကျုတ်ကြီးနဲ့အတော်တူတယ်။ မဲမဲဝဝ ...ပြီး ပါးစပ်ထဲကသွားတွေက မဲပြောင်နေသည်။

“ချစ် ကိုယ်တို့ အခုဘယ်ဘုရားကိုသွားနေတာလဲ”

“အာနန္ဒာစေတီလေ၊ ကိုကိုရဲ့၊ အဲ့ဒီကနေ ညနေဆည်းဆာ ...ည့်ရင် သိပ်လှတာကိုကိုရဲ့”

သူက ထိုနေရာကိုခဏခဏရောက်ဖူးသည်။ တကယ်ဆိုသူ ...နဲ့သူဆို မသွားချင်။ သို့သော်လည်း ချစ်သူ၏အလိုကိုလိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



သူခွင့်လွှတ်နားလည်ခဲ့ရသည်။

အာနန္ဒာဘုရားကို ဝေးဝေးမှလှမ်းမြင်နေရသည်။

"ကိုကို"

"ဘာလဲချစ်"

"ဒဏ္ဍာရီ ရုပ်ရှင်ကားက ဒီမှာရိုက်တာဆို"

"ဟုတ်တယ်လေ၊ ချစ်မကြည့်ဖူးဖူးလား၊ ဒီလောက် အော မြင်တဲ့ ရုပ်ရှင်ကားကို"

"ငယ်ငယ်ကပဲ ကြည့်ဘူးတာ၊ သိပ်မမှတ်မိဘူး"

"သိပ်ကောင်းတဲ့ရုပ်ရှင်ကားပေါ့။ ကိုယ်ဆို သိပ်ကြိုက်တာ လူကြီးနဲ့လူငယ်ကြားမှာရှိနေတဲ့ နားလည်သဘောပေါက်မှု၊ လေးစ ရှိသေမှုတွေကို အချစ်နဲ့အမွှန်းတင်ထားတာ"

"ချစ်ကြည့်ချင်လိုက်တာကိုကိုရယ်"

"ကြုံမှာပါ၊ ကိုယ့်သူငယ်ချင်းအောင်ဆူးနှစ်ဆီမှာ တိ ကနေ VCD ကူးထားတာရှိတယ်"

"ဟင် ဟုတ်လား၊ ချစ်ကိုငှားပေးနော်"

"ငှားပေးမယ်"

"အဲဒီ ကိုအောင်ဆူးနှစ်က ဘာ့ကြောင့်အဲ့ဒီခွေကို သိ ထားရလောက်အောင် ကြိုက်တာလဲ"

"သူ့မှာ အဲ့ဒီလို ဇာတ်လမ်းတစ်ပုဒ်ရှိလို့ပေါ့"

ဦးကျုတ်ကြီးနဲ့တူသော မြင်းလှည်းဆရာက သူတို့စီး သောမြင်းလှည်းကို ဒိုင်းခနဲ ဘရိတ်အုပ်လိုက်သည်။

"ကဲ ရောက်ပြီသက်ကြီး"

သူထင်တာ ဦးကျုတ်ကြီးနဲ့တူသည်ဟု ထင်ခဲ့တာ။ ယခု အထင်မဟုတ်။ တကယ့်ကိုဟုတ်နေတာ။ သူအံ့သြ သွားသည်။ ကျုတ်ကြီးကသူ့ကိုကွမ်းဂျိုးတက်နေသော မဟူရာသွားဖြင့် ကြေ





မက်ဖွယ်ရာ ပြုံးပြသည်။

သူကလည်း ဦးကျုတ်ကြီးကို တလှည့်ပြုံးပြ၍ ချစ်သူနောက် သို့ အပြေးလိုက်ခဲ့သည်။ ချစ်သူက သူ့ကိုစောင့်နေ၏။

"ကိုကိုချစ်နာမည်ကိုသိပြီလား"

လှေခါးထစ်တွေကို တက်ရင်းမေး၏။

"ကိုယ်ပဲ မသိဘဲနေမလား၊ ချစ်ရဲ့ ချစ်တို့အမွှာညီ အစ်မ နာမည်က ပန်ဒွာစမ်းရည်နဲ့ ပန်ဒွာနှင်းရည်လေ ချစ်ကအကြီး ပန်ဒွာစမ်းရည်မို့လား"

"ကိုကို သိပ်တော်တာပဲ"

သူတို့နှစ်ယောက် လှေခါးတွေက တော်တော်တက်ရသည်။

သူထင်သည် အာနန္ဒာဘုရားမဟုတ်တော့၊ တရုတ်ပြည်က ဟာတံတိုင်းကြီးဖြစ်နေသည်။ ဘယ်လိုလုပ်ရောက်သွားတာလဲ ဆို တာ သူမစဉ်းစားအား။ ဒီလိုတံတိုင်းကြီးကို တည်ဆောက်ခဲ့သော ဘုရင်၏စိတ်ကူးကိုပဲ သူလေးစားမိသည်။ ဂရိတ်ဝေါဒဏ်ကြေလိမ်း ဆေးကြော်ငြာထဲက တံတိုင်းကြီးပဲဟုသူ တွေးခဲ့သည်။

သူကချစ်သူလက်ကိုမြဲစွာကိုင်ထားသည်။

ချစ်သူက အတော့်ကိုပျော်နေ၏။ သူ့စိတ်ထဲတွင် မဟာတံ တိုင်းကိုဖောက်ပြသော ပဥ္စလက်မျက်လှည့်ပညာရှင် ဒေဖစ်ကောပါး ီး သွားသတိရမိသေးသည်။

"ကိုကို တိုင်တန်းနစ်ရုပ်ရှင်ကားကို ကြည့်ဖူးလား"

သူက ခေါင်းငြိမ့်ပြလိုက်သောအခါ

"အဲဒါဆို လီယိုနာဒိုနဲ့ကိတ်ဝင်းစလက်စ်တို့ပုံမျိုး လုပ်ရ အောင်ကွာ"

"ဟာ ချစ်ရယ် မလုပ်ပါနဲ့ ရှက်ဖို့ကောင်းတယ်"

"ကိုကိုကလည်း ဘာရှက်စရာရှိလို့လည်း အိပ်မက်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ”

ချစ်သူပြောတာဟုတ်တော့ဟုတ်သည်။ သို့သော် သူ ထိုကဲ့သို့အရှုံးမထရဲ။

“ကိုကို ပန်ဒွာကိုမချစ်ဘူးလား”

“ကိုယ် စမ်းရည်ကိုချစ်တယ်”

“ကိုကိုရာ နောက်နေပြန်ပြီ လာကွာ”

သူငြင်းမရတော့။

ချစ်သူပြောသလို လုပ်လိုက်ရသည်။

သူက လီယိုနာဒို ချစ်သူကို ကိတ်ဝင်းစလက်စ်ပေ့ါ။ ဘာပဲပြောပြော စိတ်ပျော်ရွှင်ဖို့တော့ကောင်းသည်။

သူတို့နှစ်ယောက် တကယ်ပဲတိုင်တန်းနစ် သင်္ဘောကြီးပေါ် ရောက်သွားသည်။ သူထိုသို့ မရောက်ချင်။ တော်ကြာ သင်္ဘောမှောက်တော့မည်။ သင်္ဘောမှောက်မှာကို သူဘာ့ကြောင့် ကြိုသိနေတာလဲ။

သူ့နားထဲ၌ တိုင်တန်းနစ် နောက်ခံတီးလုံးလေးပါကြားနေရ၏။

သူသိပ်ပြီးမသာယာရဲ။ တော်ကြာ ရေခဲတုံးကြီးကို ဝင်တိုက်၍ သင်္ဘောဝမ်းဗိုက်ကွဲကာ သင်္ဘောမှောက်တော့မည်။

“ချစ် တော်ပြီကွာ တော်ကြာသင်္ဘောမှောက်တော့မယ်”

ချစ်သူက သူ့ကိုကြည့်ပြီး ဟက်ဟက်ပက်ပက်ရယ်သည်။

ချစ်သူက တော်တော်ကိုလှနေသည်။ ပန်းနုရောင် ဝမ်းဆက်လေးကို ဝတ်ထားသည်။ သစ်ရွက်ဝါလေးတွေလည်း ပါသည်။ ချစ်သူခေါင်းတွင် သဇင်ခက်လေးကိုပန်ထားသည်။ ချစ်သူ့ခေါင်းမှာ ဝက်ဝံရုပ်ကလစ်ကလေးတစ်စုံက သူမနာလို စရာကောင်းအောင် နေရာယူထား၏။





“ချစ်အရမ်းလှတာပဲ”

“ကိုကို ချစ်ကိုချစ်လားဟင်”

“ဘာလို့မေးတာလဲအချစ်ရယ်”

သူ့ရင်ခွင်ထဲမှာ ချစ်သူကရှိနေသည်။ သူကချစ်သူကို သိမ်းပိုက်ထွေးကာ ကျစ်ကျစ်ပါအောင်ဖက်ထားသည်။

“ချစ်ကိုမချစ်တော့မှာစိုးလို့ပါ”

“ကိုယ်က ချစ်ကိုဘာလို့မချစ်ရမှာလဲ”

“ချစ်ဘဝမှာလဲ ကိုကို မချစ်ပဲမုန်းသွားမှာကို အကြောက်ဆုံးပဲ”

“ကိုယ်လေ ချစ်သူကိုဘယ်တော့မှ မမုန်းပါဘူး၊ ကိုယ့်နှလုံးသားကို နားထောင်ကြည့် ချစ်သူ့နာမည်နဲ့ ရင်ခုန်နေတာ”

“ဟွန်း အပိုတွေ”

ချစ်သူက ထိုသို့ပြောပြီး သူ့ရင်ခွင်ထဲက တွန်းခွာလိုက်၏။ ပြီးတော့

“ဘယ်မှာလဲချစ်ပေးတဲ့ ယွန်းပန်းချီကားလေး”

သူတချက်စဉ်းစား၍ သူ့လွယ်အိတ်ထဲသို့ နှိုက်ယူလိုက်သည်။ ယွန်းပန်းချီကားလေးကို ချစ်သူ့အားထုတ်ပြလိုက်သည်။

အဲ့ဒီအချိန်မှာ သူရောချစ်သူပါ ပန်းခင်းထဲတွင် ပျံ့ဝဲနေသော ယိပ်ပြာလေးတွေ ဖြစ်သွားတာ သူဂရုမထားဖြစ်။

သူ့စိတ်နဲ့အတူ သူပျံ့ဝဲနေတယ်ဆိုတာ သိလိုက်ရသောအခါ သူဟာ လိပ်ပြာတစ်ကောင်ဖြစ်နေမှန်း သူသိလိုက်ရသည်။ သူ့အတောင်ပံတွေကို ရှန်း၍သူ့ချစ်သူနောက်ကို ပျံလိုက်သည်။ ချစ်သူ ဝေးဝေးသွားသည်။ သူက လိုက်နေသည်။

မမှီတော့။

အဲ့ဒီအချိန်မှာ သူ့ကိုလေပြင်းတစ်ချက် ဝင်မွှေတာခံလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူနောက်ဆုံး သိလိုက်ရတာကသူနဲ့ ချစ်သူဟာ ကိန္နရီ ကိန္နရာမောင်နှံလို ရက်ပေါင်း (၇၀၀) ငိုကြွေးရ ဦးမှာလားဆိုတဲ့ အတွေးကိုတွေးမိတာ။

ကျွန်

တော့်

အတွေး

စဟာ ကျွန်တော်နိုးတဲ့အထိ ခေါင်းထဲမှာ ဘန်းလန်းကြီးကျန်နေတယ်။ ကျွန်တော်ဟာ အိပ်မက်ထဲမှာလို လိပ်ပြာတစ်ကောင်လိုပဲလားလို့ အရင်ကြည့်မိတယ်။

တော်သေးလို့။

ပြီးတော့ ကျွန်တော်ကိုယ်ကျွန်တော် ရယ်ချင်လာတယ်။

ဘာ့ကြောင့်ရယ်ချင်စိတ်ဖြစ်သွားတာလဲဆိုတော့ ကျွန်တော် ဟာအိပ်မက်ထဲကလို လိပ်ပြာလေးဖြစ်နေရင် အိပ်မက်ချစ်သူ အိပ် က်မေဆီသွားပြီး ဘယ်သူအကြီးလဲ အငယ်လဲဆိုတာ စုံစမ်းဖို့အကြံ ပါ လို့ပါ။

နာရီကိုကြည့်လိုက်တော့ (၇) နာရီခွဲပြီ။

မျက်နှာသစ်ပြီး အိမ်အောက်ထပ်ကိုဆင်းခဲ့တယ်။ အိမ် အောက်ထပ်က ဘီဒိုနဲ့မှန်မှာ ကျွန်တော့်ကိုယ်ကျွန်တော် ကြည့်ရင်း ... ၃၅ နှစ်လူပျိုကြီးက လူငယ်လိုနေပြီး ငါချစ်မိနေတဲ့ ကောင်မ ...က ဘာ့ကြောင့်အပျိုကြီးစတိုင် ဖမ်းနေရတာလဲလို့ပါ။

ကျွန်တော့်ကိုတူမဖြစ်သူ သီရိအောင်က ခြေဆုံးခေါင်း ...ကြည့်ပြီး

"လေးလေး ဈေးထဲကိုစစ်ဆင်ရေးထွက်မလို့လား"

ကျွန်တော်ခေါင်းငြိမ့်ပြလိုက်တယ်။ ပြီးမှ

"နင့်ဘွားလေးရော"

"ဈေးသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုက်ဒုက္ခပဲ"

"လေးလေးက အိပ်ပုတ်ကြီးနေတာကို၊ ဘွားလေးက ၆ နာရီခွဲဆိုရင် ဈေးထဲရောက်နေတဲ့ဟာကို"

ကျွန်တော့်ဦးနှောက်ကို အလျှင်အမြန် အလုပ်လုပ်လိုက်ရ တယ်။ ဟုတ်ပြီ ကျွန်တော်အကြံနဲ့ ကျွန်တော်အတော်လေးကို အဆင်ပြေနေတယ်။ ဒီလိုအတွေးအခေါ်မျိုး တွေးခေါ်မိတဲ့ ကျွန် တော့်ဦးနှောက်ကို ရွှေချထားဖို့ကောင်းတယ်။

"သမီးလေးလေးသွားလိုက်ဦးမယ်"

"ဈေးထဲပဲလား"

"အေး. . ."

"ဘွားလေးလဲ ဈေးထဲမှာနော်၊ သိရင်တော့ဘာမှ မဖြစ် ပါဘူး၊ လေးလေးအဖြစ်အပျက်က ရှက်စရာဖြစ်နေမှာစိုးလို့ပါ"

"အေးပါ နင်ငါ့ကို မဆုံးမပါနဲ့၊ ငါ့အကြောင်းငါသိပါ တယ် ဒေါ်လေးရဲ့"

ကျွန်တော့်ကိုတူမက ပြန်ပြီးလက်ချာရိုက်နေတာ။ အိမ်က ထွက်လာပြီးအောင်မျိုးဝင်းအိမ်ဝင်တော့ ဒီကောင်က ဂျာနယ်ထိုင် ဖတ်နေတယ်။

"ဟေ့ကောင် လာသွားရအောင်"

"ဘယ်ကိုသွားမှာလဲ ကိုသက်"

"ဟေ့ကောင်သိရဲ့သားနဲ့ လျှောက်မေးမနေနဲ့၊ စစ်ဆင်ရေး လေကွာ"

အောင်မျိုးဝင်းက ပြုံးစိစိစပ်ဖြဲဖြဲလုပ်နေတယ်။ ကျွန်တော် လာသွားမယ်ကွဆိုပြီး အတင်းခေါ်လာတယ်။

ဈေးထိပ်တင် မေမေက ဈေးကပြန်လာတာနဲ့တိုးတယ်။

"အံမယ် ကြားသားမိုးကြိုး ငါ့သားလေးက အမေတို့ဆီ





ကြိုတာ ရော့"

သွားပြီ။

မေမေက ကျွန်တော့်ကို ဆွဲခြင်းထိုးပေးတော့တာပဲ။ စစ် ဆင်ရေးကစားကွက်ပေါ်မှာ အရုပ်တွေ ခေါင်းထဲပြေးနေတယ်။ ချက် ချင်းပဲ အတွေးက မီးလုံးလေးလင်းသွားတယ်။

သူသူကလည်း ကျွန်တော်တို့တိုက်လမ်းထဲ ဝင်လာတာ ကို၊

"သူသူ နင့်အန်တီကို အိမ်လိုက်ပို့လိုက်ဦး၊ ငါတို့ နှစ်ကောင် ဈေးထဲလျှောက်ပြီးမှ အိမ်လာခေါ်မယ်။ ပြီးရင် Day and Night ကိုသွားမယ်ဟာ"

မေမေမမြင်အောင် မျက်စိကလည်း မှိတ်ပြရသေးတယ်။

"အန်တီမြ ပေး သမီးလိုက်ပို့မယ်"

"နင်တို့နှစ်ယောက်က ဈေးထဲကို ဘာသွားလုပ်မှာလဲ"

ကျွန်တော် ဘယ်လိုဖြေရမှန်းမသိ။ မေမေကလည်း ဆက် မေးတော့မှာ။ အဲဒီအချိန်မှာ အောင်မျိုးဝင်းကတော်တယ်။

"ဟိုအန်တီမြ၊ ခမဲ ခမဲ ခမဲသွားရှာမလို့"

မေမေဘယ်လိုသဘောပေါက်သွားတယ်မသိ။

မေမေသွားတော့မှ သက်ပြင်းချပြီးအောင်မျိုးဝင်းကို မဟာကယ်တင် ရှင်တစ်ဦးအဖြစ် ကျေးဇူးတင်စွာကြည့်မိတယ်။

"ကဲ လာ ကိုသက် ခမဲသွားရှာရအောင်"

"ဟာကွာ မင်းကလည်း"

နှစ်ယောက်သား ပြိုင်တူရယ်မိတယ်။ ဖြစ်ပုံက

ဈေးထဲရောက်တော့ အရင်ရက်လိုမဟုတ်ဘူး၊ ပိုပြီး လန်း လန်းဘက်ကြွနေတယ်။ သူမဆိုင်နားရောက်တော့ ထုံးစံအတိုင်း ကော်ဘာခုန်တာပေါ့။ ဒီနေ့ကြတော့ သူတို့ဆိုင်မှာ လူနည်းနည်း

www.burmeseclassic.com

ရှင်းနေတယ်။

ခြေလှမ်းတွေက မေ့ဆေးမိနေသလိုပဲ သိပ်မသွားချင်ဘူး။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ်နှစ်သိမ့်အားပေးပြီး ဆိုင်ရှေ့ရပ်လိုက်တယ်။ ကျွန်တော့်ပါးစပ်ထဲရှိတာတွေမေးပြီး တော်တော်လေးဝယ်လိုက်တယ်။ အောင်မျိုးဝင်းက ဘေးကနေ ပါးစပ်အဟောင်းသားနဲ့။

ဒီနေ့တော့ ညီမနှစ်ယောက် အကျီဆင်တူမဟုတ်ဘူး။

သူမက ကျွန်တော့်အိပ်မက်ထဲက အတိုင်းပဲ။ ဘာရယ်မဟုတ်ဘူး။ အိပ်မက်ထဲကလို နှစ်ယောက်စလုံး လိပ်ပြာလေးတွေဖြစ်ပြီး ဈေးထဲပျံဝဲနေရရင်။ စိတ်ကူး ယဉ်မိတာပါ။

ဝယ်ထားတွေရှင်းလိုက်တော့ သုံးထောင်နဲ့ရှစ်ရာဖိုး။ ပိုက်ဆံရှင်းပြီး အောင်မျိုးဝင်းနဲ့ သူမဆိုင်ရှေ့ကပြန်လာတယ်။ သူ့ခေါင်းပေါ်က ဝက်ဝံရုပ်ကလစ်လေးနှစ်ခုက ပြုံးပြလို့။ ချစ်သူအရမ်းလှနေတယ်။ အောင်မျိုးဝင်းကတော့ ဝယ်လာတဲ့ ပစ္စည်းတွေကိုကြည့်ပြီး ဒါတွေဘယ်လိုလုပ်မှာလဲတဲ့။ ကျွန်တော်က စိတ်မပူပါနဲ့ကွာလို့ အမူအရာနဲ့လုပ်ပြလိုက်တယ်။

ဒီပစ္စည်းတွေအတွက် ကျွန်တော်ကသိပ်မပူဘူး။ ကျွန်တော်တို့လမ်းဒေါင့်နားမှာ ကိုကျော်မင်းလှိုင်နဲ့မငွေး ကုန်စုံဆိုင်ရှိတယ်။

ဘာခက်သေးလဲ အဲ့ဒီမှာ ပြန်သွင်းရုံပေါ့။

ကျွန်တော်လုပ်ရပ်ကို အောင်မျိုးဝင်းက ပြည့်ဖြိုးဇော်ကိုပြောပြတော့ ပြည့်ဖြိုးဇော်က မျက်ရည်ထွက်မတတ် ရယ်နေတာပဲ။

"ကိုကျော်မင်းလှိုင်မိန်းမ မငွေးက ကိုသက်ဝယ်လာတဲ့ပစ္စည်းတွေကိုပြန်ယူထား"





"ယူတာပေါ့ကွ သူကပြန်ရောင်းမှာကို"

အောင်မျိုးဝင်းကရယ်ပြန်သည်။

"မငွေးကလည်းကွာ ယူသာယူတာသိပ်မသက်ာဘူး၊ အင်တာဗျူးကဖြေရသေးတယ်၊ ဟော့ကောင် ကိုဖြိုးရေ သုံးထောင့်ရှစ်ရာဖိုးဝယ်လာတဲ့ဟာကို နှစ်ထောင့်ငါးရာပဲ ပေးတယ်"

"ဟာနှိမ်လှချည်လား"

ကျွန်တော်က ဝင်ပြောရသည်။

"နှိမ်တာ မနှိမ်တာ ဘေးဖယ်ထား၊ သူကပြန်ယူတာပဲ ကျေးဇူးတင်နေရတာ"

"အင်း ဟုတ်တော့ဟုတ်တယ်၊ ဒါနဲ့ ကိုသက် ဒီနေ့ အိမ်ရှေ့ကစောင့်ပြီး စကားလိုက်မပြောဘူးလား"

ပြောပါတယ်ကွာ ဟုအောင်မျိုးဝင်းကဝင်ပြောပြီး ရယ်ပြန်သည်။

ဒါကို ပြည့်ဖြိုးဇော်က ဘုမသိဘမသိလိုက်ရယ်ပြီး။

"ရယ်သာရယ်ရတာ၊ အကြောင်းမသိသေးဘူး၊ လုပ်ပါဦးကွ၊ ကိုသက်အဖြစ်က"

"ဒီလိုကွာ လိုက်ပြောမယ်ဆိုပြီး ကိုသက်က မောင်းကင်ပြီး စောင့်နေတာ၊ လာတဲ့သူက စမ်းရည်မဟုတ်ပဲနှင်းရည် ဖြစ်သွားလို့"

ဖြစ်မှဖြစ်ရလေဆိုပြီး ပြည့်ဖြိုးဇော်က ပြောပြီးရယ်ပြန်သည်။

ဒီနေ့ကတော့ ကျွန်တော့အတွက် ဝမ်းသာရမှာလား ဝမ်းနည်းရမှာလား ဖြစ်နေတဲ့နေ့ပဲ။

"ဒါဆိုကိုသက် သူတို့ညီအစ်မက တလှည့်စီ အိမ်ပြန်တာလား"

"တွက်လို့တော့မရဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ တွက်လို့မရဘူးတွေ ဘာတွေလုပ်မနေနဲ့၊ သူသူ လက်ဖက်ရည်ဆိုင်မှာစောင့်နေတယ်။ သွားရအောင် ကိုသက်"

"သွားမယ်လေ ဟော့ကောင်ဖြိုး မင်းလိုက်ဦးမှာလား"

"ကျွန်တော် မလိုက်သေးဘူး ကိုသက်၊ ဝပ်ရှော့မှာ ကားပြင်စရာရှိလို့ သွားလိုက်ဦးမယ်"

"ကိုဖြိုးမနက်ဖြန်မနက် မင်းအလှည့်နော်"

"Ok ရတယ်"

ကျွန်တော်နဲ့အောင်မျိုးဝင်း လက်ဖက်ရည်ဆိုင်ကို ဗိန်းမောင်းပေါ့။

အကြိမ် ဝယ်လာတဲ့ပစ္စည်းတွေကို မငွေး ဆိုင်သွားပြီး ပြန်သွင်းတော့ ကျွန်တော့်ကိုမငွေးက သင်္ကာမကင်း စိတ်ကပိုလာ သလားမသိ။

"ကိုသက် နင်တို့ဘာအရှုံးထနေတာလဲ"

"ဘာမှ အရှုံးမထပါဘူး မငွေးရ"

ကိုကျော်မင်းလှိုင်ကို မငွေးက လှမ်းကြည့်ပြီး

"ကိုကိုရေ ဒီလူပျိုကြီးတော့ တစ်ခုခုကြံနေပြီး ကုန်ပစ္စည်းတွေ ပြန်သွင်းနေတယ်။ မနေ့က အောင်မျိုးဝင်းနဲ့ဒီနေ့ ပြည့်ဖြိုးဇော်နဲ့"

မငွေးစကားဆုံးတော့ ကိုကျော်မင်းလှိုင်က

"ငွေး ဈေးသွားရသက်သာတာပေါ့"

အဲ့ဒီအခါ ပြည့်ဖြိုးဇော်က မငွေးကို ဝင်နောက်သည်။

"ကိုကျော်မင်းလှိုင်ကလည်း ဈေးဝယ်ရသက်သာတာတင် ဘယ်ဟုတ်မလဲ၊ဈေးနှုန်းကလည်း အထူးချိုသာပါတယ် ဖောက်သည် ဈေးနဲ့ လက္ကားရတာ"

"သေနာကျ ငါကပြန်ယူတာပဲ ကျေးဇူးတင်အုံး"

မငွေးပြောတာလဲ ဟုတ်တယ်။ ကျွန်တော်တို့ ဝယ်လာတဲ့ ပစ္စည်းတွေ သူကမဝယ်ဘူးဆိုသေရော။ မျက်နှာချို သွေးရတာ ပေါ့။

"မငွေးကလည်း ကိုဖြိုးကစတာပါ"

www.burmeseclassic.com



"စမှန်းတော့သိပါတယ်၊ ငါ့ကိုအချောင်နှိုက်တယ်လို့ထင်မှာစိုးလို့ပါ"

"ဟာ မထင်ဘူး၊ လုံးဝမထင်ဘူး၊ မငွေးပြန်ဝယ်တာကိုပဲ ကျေးဇူးတင်နေတာ"

ပြည့်ဖြိုးဇော် အလိုက်သိစွာနဲ့ မျက်နှာချိုသွေးရတော့တယ်။

"ဒါနဲ့နေပါဦး၊ ကိုသက် နင်ဘယ်ကောင်မလေး ကြောင်နေတာလဲ"

"အချိန်တန်ရင်သိရမှာပေ့ါ မငွေးရာ"

"အချိန်တန်တွေ အချိန်မတန်တာတွေ အပထား၊ လူပျိုကြီးနော်၊ ကိုဖြိုးတို့အောင်မျိုးဝင်းတို့ မြှောက်ပေးတာ လျှောက်မလုပ်နဲ့ ဒီနှစ်ကောင်လွယ်တာမဟုတ်ဘူး"

"မြှောက်ပေးတိုင်း လျှောက်လုပ်တာမဟုတ်ပါဘူး မငွေးရာ ကျွန်တော့်နှလုံးသားစေခိုင်းမှုနဲ့ ကျွန်တော်အချစ်ကို စတင်တွေ့ရှိခဲ့တာပါ"

"တယ်လာတဲ့စာပါလား ဒီကောင်တွေက ရာဇဝင်နဲ့နော်"

"လုပ်စမ်းပါဦး ကျွန်တော်သိရအောင်"

"ဒီလိုဟော့ သက်ကိုလေ. . ."

ပြည့်ဖြိုးဇော်က 'ဟာ မငွေးကလည်း သက်ကိုကိစ္စက ကျွန်တော်တို့နဲ့ မဆိုင်ဘူး၊ သူ့ဟာနဲ့သူပါ' လို့ဝင်ပြောတယ်။

သက်ကိုဆိုတော့ ကျွန်တော်သိပ်မသိဘူးဖြစ်သွားတယ်။

"သက်ကိုဆိုတာ ဘယ်သက်ကိုတုံးမငွေးရ"

"ဒီ ကြာနီကန်က သက်ကိုလေ"

"ဩော် အင်းသိပြီ ဘာဖြစ်လို့လဲ လုပ်စမ်းပါဦး၊ သိရတာပေ့ါ"





ပြည့်ဖြိုးဇော်နဲ့ အောင်မျိုးဝင်းကလည်း ဟုတ်တော့ဟုတ်တယ်။ တွန်းအားပေးရမလား။ ဂျိုးတော်နွားရဲ့တို့ ဒွေးလေးရဲ့ဆိတ်တို့ အလကားကျောင်းဖို့ ဝန်လေးသူတွေမဟုတ်။ လူငယ်ဆိုတော့ ပျော်တတ်တယ်။

"ဒီလိုဟာ သူတို့မြှောက်ပေးလို့ ဈေးထဲကငါးခြောက်ရောင်းတဲ့ ကောင်မလေးနဲ့ကြိုက်တယ်၊ တစ်ရက် ကောင်မလေးကို ချိန်းထားပြီး ကောင်မလေးဆီသွားမယ်လုပ်တော့ ဒီကောင်တွေက သက်ကို မင်းကြောက်နေလို့မဖြစ်ဘူး၊ အခုထဲက ဖိအားပေးထားမှ သူကြိုက်တဲ့အရက်သောက်ပြီးသွား ဆိုပြီး အောင်မျိုးဝင်းရော ကိုဖြိုးရောက ပိုက်ဆံကုန်ခံပြီး အရက်တိုက်လွှတ်တယ်၊ ပြတ်သွားပါရောလား သက်ကိုက မူးပြီး ကောင်မလေးကိုဖြတ်စာပေးတော့ ဘယ်လိုရေးတယ်မှတ်လဲ၊ အဲဒါလည်း ဒီကောင်တွေပဲမြှောက်ပေးတာ ကျန်တာတော့ ထားပါတော့ ၊ ကောင်မလေးကို သက်ကိုက မင်းကို ဘယ်လောက်မုန်းသလဲဆိုရင် ငါးခြောက်ဟင်းတောင် မစားဘူး၊ ငါးခြောက်ဟင်းစားတိုင်း အန်ချင်တယ်ဆိုပြီး ရေးလိုက်တယ်၊ ဒါကို သက်ကိုအိမ်က နားစွန်နားဖျားကြားပြီး ညတုန်းကလည်း ထဲကွဲကွဲနဲ့ အရက်သောက်တာများသွားတော့ အန်တာပေ့ါ။ အဲ့ဒီတာလည်း ငါးခြောက်ဟင်းချက်မိတာကို သူ့သား ငါးခြောက်ဟင်းစားလို့ အန်တာဆိုပြီး ငါးခြောက်ဟင်းမကျွေးတော့ဘူး၊ သက်ကိုကလည်း ငါးခြောက်ဟင်းဆို အကြိုက်၊ ဘယ်လိုမှ ရှင်းမရတော့တာပဲ"

မငွေးစကားဆုံးတော့ ကျွန်တော်ရယ်မိတယ်။

ပြည့်ဖြိုးဇော်က သူမသိတဲ့သလို သူပါဝင်ရယ်လို့။ တကယ့်ကောင်တွေ။ ရည်းစားထားတော့လည်း သူငယ်ချင်း ညီအစ်မဝမ်းကွဲ သောက်ကို ပြိုင်တူကြိုက်တာ။ နှစ်ကောင်စလုံးကလည်း ဆွမျိုး



www.burmeseclassic.com

www.burmeseclassic.com



တွေ။

တော်သေးတယ်။

ဖြူဖြူနဲ့ သူသူက နှစ်ကောင်စလုံးကို နှိမ်ထားနိုင်လို့။

ဒီနေ့တော့ အိပ်မက်ချစ်သူ အိပ်မက်မေအလာကို စောင့်ရ ဦးမည်။ ညကအိပ်မက်အတိုင်းဆို ဒီကနေ့ သူမဝတ်ထားတဲ့ အဝတ်အစားက မရမ်းစေ့ရောင်။ ဈေးထဲမှာလည်း တွေ့ခဲ့ပြီးပြီ။

ထို့ကြောင့် ကျွန်တော်သူမကို အိမ်ရှေ့က ဟိုလုပ်ဒီလုပ် စောင့်နေတယ်။ ဒီနေ့တော့ ကျွန်တော်တစ်ယောက်တည်း။ ကျွန် တော့်အိမ်ရှေ့ကသပြေပင်ကြီးကလည်း ကျွန်တော်လို မတ်တပ်ရပ် လို့။ ဒီကနေ့ ချစ်သူကိုစောင့်တဲ့ ကျွန်တော့်အတွက်အဖော် ဒီသပြေပင်ကြီးပေါ့။

ချစ်သူခြေသံတွေကို ရင်ထဲမှာကြားနေတယ်။

အရင်လောက် ကြောက်မနေတော့တာတော့ ကျွန်တော် ကိုယ်ကျွန်တော်နည်းနည်းတော့ အံ့ဩသွားတယ်။

ဒါပေမဲ့ ရင်တုန်ခြင်းကတော့ရှိနေတုန်းပဲ။

ချစ်သူအရိပ်လေး ကျွန်တော့်ဆီကိုစီးလာတယ်။ ခပ်လှမ်း လှမ်းကနေ ကျွန်တော်ကိုတချက် လှမ်းခိုးကြည့်တာတွေ့ လိုက် တယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ။ သူမအကြည့်နဲ့ ကျွန်တော် လှမ်း ဆုံလိုက်တယ်။

သူမခြေလှမ်းတွေဟာ သတိအန္တရာယ်ရှိသည်ဆိုတဲ့ မြေကိုဖြတ်နင်းနေတဲ့ကားဘီးတွေလိုပဲ။ သူမကလည်း အဲ့ဒီကား မောင်းတဲ့ ဒရိုင်ဘာလို သတိကြီးစွာလမ်းလျှောက်လို့။

သပြေပင်ကြီးက ကျွန်တော့်ကိုသတိပေးတဲ့အနေနဲ့ ရွက်တချို့ ကြွေပြတယ်။ ချစ်သူနဲ့ ကျွန်တော်တော်တော် နီး သူမကို ဘယ်ကနေဘယ်လိုစကားစရမလဲဆိုပြီး ကိုယ်လျှော





ဆိတ်ဆွဲပြီးရှာလိုက်တယ်။ ခေါင်းထဲကလည်း ထွေရာလေးပါးတွေ ကို ဆီလိုအပေါက်ရှာပြီး တွေးနေမိတယ်။

သူမကျွန်တော်နဲ့တော်တော်ကို နီးနေပြီ။

ကျွန်တော်က သူမကိုကြည့်လိုက်တော့ သူမက ကျွန်တော့် ကို ပြုံးပြတယ်။

ကျွန်တော်ထခုန်ချင်လောက်အောင်ပျော်သွားတာ။ ဒါပေမဲ့ ခုန်အားဘူး။ သူမကိုတစ်ခုခုပြောဖို့စဉ်းစားတယ်။ ပါးစပ်ထဲရှိတာ သွေအစီအစဉ်မကျထွက်သွားတယ်။

"ပြန်ပြီလား"

"ဟုတ်ကဲ့"

"ဘာတွေဝယ်လာလဲ"

"ငါး"

ဟိုကောင်ပွကြီးအနားရှိရင်တော့ တစ်လုံးဆိုရပြီ အပိုတွေ ပြောမနေပါနဲ့ လုပ်ဦးမှာ။ ကျွန်တော် ဘာတွေ တွေးနေ တာပါလိမ့်။

"အိမ်ကဝေးလား"

"ဟိုဘက်ကွက်- ဒီကသုံးလမ်းတင်ပါ"

"ဟိုရက်က စက်ဘီးနဲ့တိုက်မိသလိုဖြစ်သွားတာ၊ ခြေမ ကွဲ သွားတာ ဘယ်လိုနေသေးလဲ"

ကျွန်တော်သွေးစမ်းလိုက်တာ။

"ကောင်းသွားပါပြီ၊ အငယ်မဖြစ်ရင် ကျွန်မလည်း လိုက်ဖြစ် တာ"

ကျွန်တော်တစ်ခုစဉ်းစားမိသွားတယ်။ ဘယ်လိုကနေ ဘယ် ဘာ့ကြောင့်အသံထွက်သွားသလဲမသိ။

"ဒုက္ခပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"မဟုတ်ဘူး၊ ကျွန်တော့်ဟာကျွန်တော်ပြောတာပါ"

"သွားဦးမယ်နော်"

"ခဏ နေဦး. ."

သူမရပ်သွားတယ်။ ပြီးတော့ ကျွန်တော်က သူမခြေမတို့ လက်ညှိုးထိုး၍

"သူ့ ခြေမကရောနာနေသေးလား"

"အငယ်မပျောက်သွားရင် ကျွန်မ ဘာမှမဖြစ်တော့ပါဘူး ဒါပဲမို့လား သွားမယ်နော်"

သူမ မျက်စိအောက်က ပျောက်တဲ့အထိ ရပ်ကြည့်နေမိတယ်။

အငယ်ဖြစ်ရင်လိုက်ဖြစ်တယ်ဆိုတဲ့ စကားကို ကျွန်တော် သိပ်ပြီးမကြိုက်ဘူး။ မဖြစ်ဘူး သူမနဲ့ကျွန်တော် မြန်မြန်နီးစပ်မှ ဖြစ်မယ်။ တော်ကြာအငယ်မဟာ အရင် အိမ်ထောင်ကျသွားရင် ဟာ ဆက်မတွေးရဲတော့။

"ကို

သက်

စဉ်းစား

တာမှန်တယ်ဗျ"

အောင်မျိုးဝင်းက ခေါင်းကုတ်ကာ ပွဲကြီးပြောသော စကားကို ခေါင်းငြိမ့်ပြီး

"ကိုသက် ဟုတ်တယ်၊ မြန်မြန်လက်ဦးမှ ရယူမှဖြစ်မယ်"

"အဲဒါတော့ ဟုတ်တာပေါ့၊ ဒီနေ့ပုံစံအတိုင်းဆို ငါ လိုက်ပြောရမှာကွ"

"လိုက်ပြောတာကဟုတ်တယ်၊ တော်ကြာလိုက်ပြီး အရှက်ခွဲတယ်ဆိုပြီး မုန်းသွားရင်ဘယ်လိုလုပ်မလဲ"

-ပွဲကြီးက ရေနွေးငုံ့နေရင်း ကျွန်တော့်ကိုပြောတယ်။

"ဒီအခြေအနေရောက်မှတော့ ကိုသက် ချဉ်ချဉ်တူးတူး နဲ့ရင်ပြီးရော စာပေးရမဲ့အရွယ်လည်းမဟုတ်တော့ဘူး လိုက်သာပြောတော့။ တော်ကြာအစဉ်ပြေနေတဲ့ ဟိုကျောင်းဆရာ မြင့်မိုးလတ် အငယ်မယူသွားမှ နားကားနေဦးမယ်"

"ငါကလည်း ဟိုကျောင်းဆရာထက် အရင်ယူချင်တာပေါ့၊ ဒါပေမဲ့ အခုထိရည်းစားစကားမပြောရသေးတာ ခက်နေတာ"

"ဒါကတော့ ကိုသက့်အရည်အချင်းကို ထုတ်ပြရမဲ့ အချိန်ပဲ"

အောင်မျိုးဝင်းပြောတာမှန်တယ်။

ဒီအချိန်မှာ ဘယ်သူ့ကိုမှ အားကိုးလို့မရ။ ကိုယ့်အားကိုယ် ကိုးရမဲ့အချိန်ပဲ။ ပွဲကြီးက တစ်ခုခုကိုစဉ်းစားပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကိုသက်"

"ဘာလဲကွ၊ မင်းကလည်းအရေးထဲ၊ ဒီမှာ ဦးနှောက်ခြောက်နေရပါလား"

"ကိုသက် သူငယ်ချင်း ဟိုဗေဒင်ဆရာဆီမှာ ယတြာသွားတောင်းပါလား"

"ဘယ်ဗေဒင်ဆရာတုန်းကွ"

အောင်မျိုးဝင်းနဲ့ပြည့်ဖြိုးဇော်က ပြိုင်တူဝင်မေးတယ်။

ပွကြီးက အောင်မျိုးဝင်းနဲ့ပြည့်ဖြိုးဇော်ကို ဒါတောင်မသိဘူးလားဆိုတဲ့အကြည့်နဲ့။

"ခင်ဗျားတို့ကလည်း ဒါတောင်မသိဘူးလား"

"မသိလို့မေးတာ ဈေးကကိုင်နေတယ်"

"ကိုသက် သူငယ်ချင်းဗေဒင်ဆရာ ခန့်ကျော်စွာဆီ ပြောတာ"

အောင်မျိုးဝင်းနဲ့ပြည့်ဖြိုးဇော် ပွကြီးကိုလက်ညှိုးထိုးပြီး ရယ်တယ်။ ကျွန်တော်ပါ လိုက်ရယ်မိတယ်။

ပွကြီးဆိုတဲ့ကောင်က အဲ့ဒီလို။

"ပွကြီး ဒီပြင်ယတြာ မှန်ကောင်းမှန်လိမ့်မယ်၊ စွမ်းကောင်းစွမ်းလိမ့်မယ်။ ငါ့အချစ်ရေးမှာတော့ စွမ်းမယ်မထင်ဘူးကွ"

"ဟာကိုသက်ကလည်း ဘာလို့လဲ"

"သူတောင် အသဲခဏခဏကွဲပြီး ဗေဒင်ဆရာလူပျိုကြီးဖြစ်သွားတာကွ၊ မင်းပြောသလို ဒီကောင်စွမ်းရင်တောင် သူယတြာကို ငါတို့ရမှာ မဟုတ်ဘူး၊ ဒီကောင်အရင်သုံးမှာ"

ပွကြီးကရှက်သွားပြီး

"သိဘူးလေဗျာ"

"ကဲကဲ ငါခြံထဲသွားမှာ မနက်ကဒီကောင်နဲ့အတူ သွားနိုး





နေတောင်မြင့်နေပြီ၊ မင်းတို့လိုက်ခဲ့ပါလား"

"မလိုက်တော့ဘူး"

"ငါ ညနေစောစောပြန်မှာပါကွ"

"မလိုက်တော့ပါဘူးဗျာ ကိုသက်၊ ခင်ဗျားမန်ယူနဲ့ ဆန်းဒါးလန်းပွဲ ကြည့်ဦးမှာလား"

"ကြည့်မှာလေ"

ပွကြီးက ရှုံ့မဲ့ပြီးဒီနေ့လည်း မန်ယူ ဆန်းဒါးကိုလည်း ရှုံးဦးမှာပါလို့ ဝင်ပြောတယ်။ မန်ယူခရေစီ ပြည့်ဖြိုးဇော်က

"မင်းချဲဆီးက ပွဲကျန်များလား၊ ငါမန်ယူက ပွဲကျန်များလား၊ အန်ဆလော့တီက အေဝရယ်မိုဝစ်ကို အိပ်မက်ပေးလို့ပဲရမယ်၊ ကိုသက်ရဲ့ အိပ်မက်ထဲကကောင်မလေး တွေ့ဖို့မလွယ်ဘူးကွ"

ရယ်သံတွေ တချင်ချင်မြည်သွားတော့ ငှက်ကလေးတောင် ဟိုငေးနဲ့ဒီငေးနဲ့ လန့်ပျံသွားတယ်။

အိပ်မက်အပိုင်း

www.burmeseclassic.com

www.burmeseclassic.com

## အိပ်မက်အပိုင်းခွဲ (၈)

နိုင်

ဂါ

ရာ

ရေတံခွန်ကြီးပဲ။ သူဘာ့ကြောင့် နိုင်ဂါရာ ရေတံခွန်ကြီးကိုထပ်ပြီးမြင်မက်တာလဲ။ ပထမတစ်ခါကလည်း ဒီနိုင်ဂါရာ ရေတံခွန်ကြီးကို သူနဲ့သူ့ချစ်သူရောက်ခဲ့ဖူးသည်။

ယခု သူတစ်ယောက်တည်း။ သူ့ချစ်သူမပါတော့ဘူး။ သူ မပျော်။

သူ့ချစ်သူကို သူရှာနေမိတယ်။ သူ့ဆီကိုချစ်သူက ဘယ်က နေပေါ်လာမလဲ။ သူ့စိတ်အင်နားရှားတွေ ဘယ်လိုဖြစ်နေတယ်မသိ။ အချစ်သည်သူ့ကိုလက်သံပြောင်ပြောင် ဖက်ထားပြီလား။

နိုင်ဂါရာရေတံခွန်ကြီးကို ခပ်လှမ်းလှမ်းအန္တရာယ်ကင်းတဲ့ နေရာကနေကြည့်နေသည်။ သူ့အသက်တွေ ရှင်နေသလား၊ သေသွားသလားဟုပင် သူ စဉ်းစားမရသလိုဖြစ်နေ၏။

အဲ့ဒီအချိန်မှာလူတစ်ယောက်က သူ့ကိုသေတ္တာ အနက်လေး တစ်လုံး လာပေးသည်။ သေတ္တာအနက်လို့ သူထင်တာ တကယ်တော့ အညိုရောင်သေတ္တာလေး။ ထိုသေတ္တာလေးကိုဖွင့်ကြည့်ဖို့ သူ့ရင်ထဲ ဘာကြောင့်မှန်းမသိ ခက်နေသည်။ ခက်နေသည်ဆိုတာထက် ဖွင့်ကြည့်ဖို့ မရဲတရဲဖြစ်နေသည်ဟု ဆိုလျှင်ရ၏။

သူသတိထားပြီး သေတ္တာလေးကိုဖွင့်လိုက်သည်။ ဖင်သိုဝီ၏ တေးသွားတစ်ခုထွက်လာ၏။ ပြီးတော့ အထဲမှာသေတ္တာတစ်လုံး။ ထိုသေတ္တာအား သူထပ်၍ဖွင့်လိုက်သောအခါ နောက်ထပ်သေတ္တာ တစ်လုံးကိုထပ်တွေ့ရသည်။





ယခုအချိန်မှာတော့ သူစိတ်ဝင်စားသွားသည်။

ထိုသေတ္တာထဲကတော့ ချစ်သူထွက်မလာနိုင်။ သို့သော်လည်း အချစ်ဖြင့် ပတ်သက်သော၊ အချစ်ဖြင့်ဆက်စပ်သော အရာ တစ်ခုတော့ရှိမည်။

နောက်ဆုံး ဗူးလေးတစ်ဗူးကို တွေ့ရသည်။

ထိုဗူးလေးထဲတွင် ဘာရှိမလဲ။ သူထိုသို့စဉ်းစားနေချိန်မှာပဲ သူဟာ ကရင်းကင်ညွန်ဆိုတဲ့ အာရီဇိုးနားပြည်နယ်က ရောမချိုင့် ခပေါက်ကြီးရဲ့ ဒေသတစိတ်တစ်ပိုင်းကိုရောက်နေပြီ။

သူဗူးလေးကို ဖွင့်လိုက်၏။

ဗူးထဲတွင် လက်စွပ်လေးတစ်ကွင်း။ ထိုလက်စွပ်လေးက ချစ်သူ သူ့ကိုပေးလိုက်တာဖြစ်လိမ့်မည်။

သူထိုကဲ့သို့စဉ်းစားနေချိန်မှာပဲ ချစ်သူက သူ့ရှေ့ရောက်နေပြီ၊ ချစ်သူက သူ့ကို ရွှင်လန်းစွာကြည့်နေသည်။ သူက ချစ်သူ လက်လေးကိုအသာအယာကိုင်လိုက်၏။

သူမလက်ထဲတွင်လည်း ဗူးထဲကလက်စွပ်လေးလို လက်စွပ် လေးတစ်ကွင်း ဝတ်လျှက်တွေ့ရသည်။ ထိုလက်စွပ် လေးကိုကြည့်၍ ဗူးထဲကလက်စွပ်လေးဖြင့် ယှဉ်ကြည့်သောအခါ ပုံစံတူလေး ဖြစ်နေတာကို တွေ့ရသည်။

"ကိုကို ချစ်ကိုဗူးထဲက လက်စွပ်လေးပေး ကိုကို့ကို ချစ်ဝတ်ပေးမယ်"

သူက ဗူးလေးကိုချစ်သူ့လက်ထဲ ထည့်ပေးလိုက်သည်။ ချစ်သူက သူမရဲ့လှပကြော့ရှင်းသောဖြူရွရွ လက်ကလေးဖြင့် လက်စွပ်လေးကိုယူကာ သူ့လက်ကိုစွတ်ပေး၏။ သူ့လက်ကိုစွတ်ပေးပြီး ချစ်သူကသူ့အားကျေနပ်စွာ ရွှမ်းရွှမ်းစားစားကြည့်သည်။

"စောစောက ချစ်ဘယ်ရောက်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီဗူးလေးထဲမှာ ပုန်းနေတာ"

သူပြုံးရုံပဲပြုံးလိုက်မိသည်။ ဒါကိုသူမက ဘာပြုံးတာလဲလို့မေး၏။

"ချစ်ကနောက်တတ်သားပဲ"

"အို ကိုကိုကမယုံဘူးလား တကယ်ပြောတာ၊ ချစ်က တခါတလေ ကိုကိုနှလုံးသားထဲမှာတောင် ပုန်းချင်ပုန်းနေတာ"

သူက တကယ် အံ့ဩသလိုလုပ်ပြီး

"တကယ်"

ချစ်သူက သူ့ကိုမျက်စောင်းထိုးကာ

"ဟွန်း ဒီကတကယ်ပြောတာကိုလှောင်တယ်ပေါ့ ဟုတ်လား စိတ်ဆိုးပစ်လိုက်မှာ"

"လှောင်လဲမလှောင်ပါဘူး၊ ချုပ်လည်းမချုပ်ပါဘူး၊ အချစ်ရာ စိတ်တော့မကောက်လိုက်ပါနဲ့နော် အာဂျူးမား"

သူကချစ်သူကို ကိုရီးယားလိုအဒေါ်ကြီးလို့ ပြောလိုက်သည်။

"ဘာ အာဂျူးမားလည်း လူကိုအဒေါ်ကြီးလို့မခေါ်နဲ့"

သူက ချစ်သူပခုံးကို သိုင်းဖက်ပြီးရယ်မောလိုက်မိသည်။ ချစ်သူကလည်း သူ့ကိုလွတ်လပ်ပေ့ါပါးစွာ ရယ်မောနေ၏။ သူတို့နှစ်ယောက် နီဆွေးနေသော တောအုပ်တစ်ခုကို ရောက်နေသည်။ တောအုပ်လေးတစ်ခုလုံး အနီရောင်သစ်ရွက်များလွှမ်းခြုံထား၏။

ဒါ ဘယ်နေရာပါလိမ့်ဟု သူက ချစ်သူကိုမေးသောအခါ ချစ်သူက

"ကိုကိုမသိဘူးလား၊ ဒါဂျူမုံတို့ရဲ့ရှေးကျိုးဆောင် နယ်မြေလေ"

သူက မယုံသလိုနဲ့ချစ်သူကိုကြည့်သည်။





"ဘာလဲ မယုံဘူးလား"

သူဘာမှမပြော။

"လူကိုမယုံတဲ့ပုံနဲ့"

ကျွန်တော်ရယ်မိသည်။

"ကိုကို ဂျူမုံကားမကြည့်ဖူးဖူးလား"

"ချစ်က သိလွန်းလို့ပါ"

သူနဲ့ချစ်သူလက်ချင်းချိတ်ပြီး ကျောက်ခင်းလမ်းလေးအတိုင်း လျှောက်လာခဲ့သည်။ အေးစက်သောအငွေ့အသက်ကို ခံစားရသည်။

"တော်ကြာ နှင်းတွေကျလိမ့်မယ်၊ ကိုရီးယားတွေက သူတို့ဆီမှာ ကျတဲ့နှင်းကို နွှန်လို့ခေါ်တယ်လား"

"အဲဒါဆို သိပ်အေးလာမှာပေ့ါ"

"ဟုတ်တာပေ့ါ ကိုကိုရဲ့"

သူတို့ နှစ်ယောက်လျှောက်လာသော လမ်းလေးဆုံးသည်နှင့် မြစ်ပြင်ကျယ်ကြီးတစ်ခုကို တွေ့ရတတ်သည်။ မြစ်ကမ်းနားတွင် နှစ်ယောက်ထိုင်ခုံလေး တစ်ခုရှိသည်။ သူနဲ့ချစ်သူ ထိုင်ခုံလေးတွင် ထိုင်လိုက်၏။

မြစ်ပြင်ကျယ်ကြီးက တော်တော်ကျယ်သည်။

ဘာမြစ်မှန်းတော့မသိ။

လှတော့တော်တော်လှသည်။

"ချစ်ဒါဘာမြစ်လဲ"

"အချစ်မြစ်လေ၊ ဟိုကဟာက အချစ်ပင်လယ်အော်"

"အဲဒါဆို ကိုယ်တို့ဖြတ်ခဲ့တဲ့တောအုပ်လေးက အချစ် တောအုပ်လေးလား"

"ဟုတ်တယ်ကိုကို၊ အခုကိုကိုနဲ့ချစ်ထိုင်နေတဲ့ထိုင်ခုံလေး



www.burmeseclassic.com

www.burmeseclassic.com



က အချစ်ထိုင်ခုံလို့ခေါ်တယ်"

သူ့ချစ်သူက သူတို့ထိုင်နေတဲ့ ထိုင်ခုံလေးအကြောင်း ပြောပြနေသည်။ ပြီးတော့ ချစ်သူက သူ့လက်တွင်သူမ စွပ်ပေးသော လက်စွပ်လေးကို အသာအယာပွတ်သပ် ကိုင်ကြည့်နေ၏။

"ကိုကို ဒီလက်စွပ်လေးကို တစ်သက်လုံးစွပ်ထားနော်"

"စွပ်ထားမှာပေါ့"

"ဒီမှာတွေ့လား၊ ချစ်မှာလည်း ကိုကိုနဲ့ဆင်တူ လက်စွပ်လေး ချစ်လည်းသေတောင်မချွတ်ပဲ ဝတ်ထားမယ် သိလား၊ ကိုကို"

"ကိုယ်လည်း ချစ်လိုပဲ မချွတ်စတမ်းဝတ်ထားပါ့မယ်"

"ကိုကိုကို ချစ်တို့ထိုင်နေတဲ့ ထိုင်ခုံလေးအကြောင်း ပြောပြမယ်၊ နားထောင်မလား"

"နားထောင်မှာပေါ့နော်"

သူက ချစ်သူကို ထိုသို့ပြောလိုက်ပြီး ချစ်သူပခုံးကို သိုင်းဖက်လိုက်သည်။

သူ့အခုမှ သတိထားမိသည်။ ချစ်သူဝတ်ထားတဲ့ အဝတ်အစားက အဝါရောင်လေး၊ အင်္ကျီကရင်စေ့နဲ့၊ အဝါရောင်နဲ့ချစ်သူ အသားအရေကလိုက်ဖက်သည်။ ချစ်သူရဲ့ပါးမှာ အဖြူရောင်အမွှေး လေးနှစ်ချောင်းကို သူထပ်တွေ့လိုက်ရ၏။

သူတခါက အဲ့ဒီအမွှေးလေးနှစ်ချောင်းကို အမှတ်ရနေ သည်။

သူတို့ထိုင်နေသော ထိုင်ခုံကလေးမှာ အပြာရောင် ထိုင်ခုံ လေးဖြစ်သည်။ သူက ကချင်ပုဆိုးနှင့်နုံ့သာရောင် ရှပ်အင်္ကျီကို ဝတ် ထားသည်။ သူ့တွင် ထိုကဲ့သို့အင်္ကျီမျိုးမရှိခဲ့ ဘူး။

မြစ်ပြင်ကိုကြည့်လိုက်သောအခါ မြစ်ရေသည် ရွှေအိုရောင် တောက်နေပြီး သူဖြတ်ခဲ့သောတောတန်းလေးမှာ ပန်းနုရောင် တောတန်းလေး ဖြစ်နေသည်။





လမ်းကလေးကလည်း ဖက်ဖူးရောင်လေးလို စိမ်းစိုရွှမြ လို့။

ကောင်းကင်ကြီးကပြာအိနေသည်။

သူကချစ်သူမျက်ဝန်းကို သေချာကြည့်လိုက်၏။ ချစ်သူ မျက်ဝန်းသည် အညိုရောင်မျက်ဝန်းဖြစ်သည်။ သူမရဲ့ အညိုရောင် မျက်ဝန်းက သူ့ကိုအတော်ကိုစွဲဆောင်ညှို့ယူသည်။

"ကိုကို ဘာကြည့်နေတာလဲ"

"ချစ်ကလှတာကို"

"ဟွန်း အထူးအဆန်းလုပ်လို့ ကိုကိုသေချာ နားထောင်နော် ချစ် ပြောပြမယ်"

"ကဲ သေချာနားထောင်ပါပြီဗျာ"

သူကချစ်သူကိုမှီ၍ ချစ်ခေါင်းလေးနဲ့သူ့ခေါင်း ထိထား လိုက်သည်။

ချစ်သူကိုယ်သင်းရနံ့က သင်းပျံ့မွှေးကြိုင်နေ၏။ စံပယ်ရနံ့ လိုလို ကံ့ကော်ရနံ့လိုလို စကားဝါရနံ့လိုလို သင်းနေသည်။

"ဟိုးတုန်းက ချစ်သူနှစ်ယောက် ဒီထိုင်ခုံလေးမှာ ထိုင်ဖူး တယ်၊ သူတို့နှစ်ယောက်ကြောင့် ဒီနေရာလေးမှာ အချစ်ထိုင်ခုံလေး ဖြစ်သွားတာ သူတို့နှစ်ယောက်ကိုသိတဲ့လူတွေက လိုက်ဖက်တဲ့စုံတွဲလို့ ပြောကြတယ်။ ပြီးတော့ သူတို့ နှစ်ယောက်ကိုလည်း လက်ထပ်စေ ချင်ကြတယ်။ ဒါပေမဲ့ သူတို့နှစ်ယောက် လက်မထပ်ဖြစ်ကြဘူး"

"ဘာလို့လဲ"

"ကောင်မလေးမှာ သွေးကင်ဆာရှိတယ်လေ၊ ဒီခုံလေးမှာပဲ အသက်ထွက်သွားတာ၊ ကောင်လေးကလည်း အဖိုးကြီးဖြစ်တဲ့အထိ ခုံလေးမှာ ကောင်မလေးကိုလွမ်းပြီး နောက်ဆုံး လွမ်းလို့သေသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"လွမ်းလို့သေသွားတာ"

"ဟုတ်တယ်လေ"

သူ့ကို သူ့ချစ်သူပြောပြတဲ့ ဇာတ်လမ်းလေးက ရင်နင့်ဖွယ် ရာ. . .။

တော်ပါသေးရဲ့ သူထိုသို့ ရင်နင့်ဖွယ်ဇာတ်လမ်းထဲမှာဝင်ပြီး သရုပ်မဆောင်လို့။ အဲ့ဒီလိုသာ ကြုံသိမယ်ဆိုရင် သူအရင် သေမှာပဲ။

"ကိုယ့်ကိုဘာ့ကြောင့် အဲ့ဒီအကြောင်းတွေ ပြောတာလဲ"

"ကိုကိုသိစေချင်လို့ပေါ့ ကိုကိုရဲ့"

"စိတ်မကောင်းစရာပဲ"

"ဟုတ်တယ်ကိုကိုရဲ့ အဲ့ဒါကြောင့် ဒီခုံလေးက အချစ်ခုံ၊ ဒီမြစ်ကြီးက အချစ်မြစ်၊ ဟိုကအချစ်ပင်လယ်၊ တောအုပ်ကလေးက အချစ်တောအုပ်လေ၊ ဒီခုံလေးကို ရောက်ဖူးထိုင်ဖူးတဲ့သူတိုင်း စုံတွဲပေါင်းဖက်ရတယ်တဲ့၊ အဲ့ဒါကြောင့် ကိုကို့ကို ချစ်ဟာ ဒီကိုခေါ်လာတာ"

"ချစ်စိတ်ကူးလေးကောင်းတယ်" ဟုပြောပြီး သူ ခုံလေးက နေ မတ်တပ်ရပ်လိုက်၏။ "ကဲသွားရအောင်" ဟု ချစ်သူ ကိုခေါ်တော့ ချစ်သူကထိုင်ပါဦး ကိုကိုရဲ့ဟုသူ့ကိုပြောသည်။

"သွားမယ်ချစ်ရ"

သူကသာချစ်သူကိုခေါ်နေတာ ချစ်သူက သူ့နားတွင် မရှိတော့။ တဖြည်းဖြည်းသူသည် အိုမင်းရင့်ရော်သွားသည်။

လွမ်းလို့သေသွားတဲ့ ကောင်လေးဟာ သူများဖြစ်နေခဲ့လား။

သူ အထိတ်တလန့် ဖြစ်သွားသည်။

၉၉၈_စာပေ



ချစ်သူက ဘာ့ကြောင့် သူ့အနားက ပျောက်သွားတာလဲ။ အညာဆရာလို့တောင် သူ့ကို ပြောမသွားခဲ့ဘူး။ တကယ်ဆို ချစ်သူက သူ့ကိုနှုတ်ဆက်စကားတော့ ပြောသင့်သည်။

အခုတော့သူသည် ခုံတန်းလေးပေါ်မှာ အလွမ်းကိုင်လျက်မျှော်လင့်ခြင်းကိုသာ အလန့်တကြားအော်ခေါ်နေမိတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ချစ်မိတော့လည်း ကျမဲ့သိက္ခာကို သိသိနဲ့ ချနင်းရတာပဲ။
လမ်းထဲမှာရည်းစားစကားလိုက်ပြောလို့တော့မဖြစ်။
စာလိုက်ပေးရင်ကော။
မလွယ်လှ။
မထူးပါဘူး.......

ကျွန်
တော်
အိပ်ရာ
ကနိုးတော့ လန်းဆန်းနေတယ်။

အိပ်မက်ထဲကအတိုင်းဆို လုံးဝအိုကေပဲဆိုတာ ဗေဒင်မေးရာမလိုဘူး။ အိပ်ရာကနိုးနိုးချင်းလက်မှာ လက်စွပ်ကလေးရှိနေသားလို့ အူကြောင်ကြောင်နဲ့ ကြည့်မိသေးတယ်။

ကျွန်တော်အိပ်မက်ကိုပြန်စဉ်းစားတော့ နည်းနည်းတောင်ရယ်ချင်လာတယ်။ အိပ်မက်ထဲမှာတော့ ဘာကြောင့်မှန်းမသိ။ ကိုရီးယားစကားအချို့နဲ့ ကိုရီးယားပိုတောင်လွှမ်းလို့။ အိပ်မက်ကအတော်မှိုနေတာ။

ညက ကိုရီးယားစာတမ်းထိုးကားကြည့်ပြီး မေလွင်စိုးနဲ့ သီရိအောင်ကို ကိုရီးယားဘာသာစကားအကြောင်း ပြောမိကြလို့ စိတ်စွဲသွားတာလဲဖြစ်လိမ့်မယ်။

ကျွန်တော့်ညီမမေလွင်စိုးက ကိုရီးယားဆိုရင် ခရေစီ။ ကိုရီးယားကားတွေကြည့်ပြီး ဂျူမုံတို့ ရှေ့ကျိုးဆောင်နယ်မြေကို စိတ်ကူးယဉ်နေတာ။ ဆရာမနုနုရည်အင်းဝရဲ့ သူစိမ်းတွေကြားမှာ ဆောင်းကို ခန်းဆက်ဖတ်ပြီး ရူးသွပ်နေတာ။ သူနဲ့ ကိုရီးယားအကြောင်းပြောင် မပြီးတော့ဘူး။

ဘယ်လောက် ကိုရီးယားခရေစီလည်းဆိုရင် သူ့ အခန်းထဲကပိုစတာတွေထုတ်ပြီး ကြမ်းပြင်ပေါ်မှာ ကိုရီးယားစတိုင်နဲ့အိပ်တာ။ ကျွန်တော့်ညီမ ရူးသွပ်ပုံကဆန်းတယ်။

ကျွန်တော်ရေမိုးချိုးပြီး အိမ်အောက်ထပ်ဆင်းလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မနက်စာ စားရတုန်းရှိသေးတယ်၊ ဟိုကောင်ဇော် ရောက်လာရော။

"ဟေ့ကောင် လာကော်ဖီသောက်၊ ဒါမှမဟုတ် ပေါင်မုန့်ကြက်ဥကြော်စား၊ မေမေကြော်ထားတာ ကောင်းတယ်"

"စားတော့ဘူးကွာ၊ လက်ဖက်ရည်ဆိုင်သွားကြမယ်"

မေမေက ဈေးသွားဖို့ နောက်ဖေးထွက်လာတယ်။

ဇော်စကားကိုလည်း ကြားသွားပုံရတယ်။

"သားရေ. . . မစားလည်းနေပလေ့စေ၊ အကုန်သက်သာတယ်"

မေမေက ရွဲ့ပြီးဇော်ကိုထုတော့တာပေါ့။

ဇော်က အူယားဖားရား တောင်းတောင်းပန်ပန် ပြောရတယ်။

"မစားချင်လို့မဟုတ်ပါဘူး အန်တီမြရယ်၊ အန်တီမြ ကြော်ထားတယ်ဆိုထဲက ကောင်းမယ်ဆိုတာသိပြီးသားပါ၊ အိမ်မှာ ထမင်းကြော်စားလာလို့ပါ၊ ပြီးတော့လက်ဖက်ရည်ဆိုင်သွားမှာမို့ပါ"

မေမေက ပြီးရော၊ ပြီးရောဆိုပြီး ဈေးဆွဲခြင်းကိုင်ထားတဲ့ ကောင်မလေးတစ်ယောက်ကို လာသွားမယ်ဆိုပြီး ဈေး ထွက်သွားတယ်။

"ဟေ့ကောင် လက်ဖက်ရည်ဆိုင်သွားမယ်ကွ"

"မင်းခဏတော့ စောင့်ရမယ်၊ ငါ့ကိစ္စဝိစ္စတွေက ရှိသေးတယ်ကွ"

"မင်းကလည်းကွာ၊ ဘာတွေအလုပ်ရှုပ်ဦးမှာလဲ"

ကျောင်းသွားဖို့ပြင်ဆင်နေတဲ့ သီရိအောင်က

"လေးလေးဇော် ခေတ်နောက်ကျသွားပြီ"

"ဟေ"





"မဟေနဲ့လေးလေးဇော်၊ လေးကိုသက်က ဘွားလေးဖို့ ခမဲရှာနေတာ"

ကျွန်တော်က သီရိအောင်ကိုလှမ်းကြည့်ပြီး

"ဒီကောင်မလေးကလေးကလေးလိုနေစမ်း"

"ဟဲ့ သီရိအောင်. . . ဘာလဲဟ၊ လုပ်စမ်းပါဦး ငါမသိသေးဘူး"

"သီရိအောင်တော်တော့"

တော်တော့သာပြောတာ ကျွန်တော်မျက်နှာက ရှက်ကိုးရှက်ကန်းဆိုတော့ သီရိအောင်ကျွန်တော့်အတွင်းစိတ် အခြေအနေကို ခန့်မှန်းပြီး

"မနက်တိုင်း လေးကိုသက်မှာ ခမဲစစ်ဆင်ရေးရှိတယ် လေးလေးရ ပြီးတော့ သွင်းကုန်ထုတ်ကုန်လုပ်ငန်းလည်းလုပ်နေတယ်"

လို့ပြောပြီး ဆိုင်ကယ်မောင်းထွက်သွားတယ်။

တော်သေးတယ်၊ မေလွင်စိုးမရှိလို့ နင်မို့ဆိုရင်မလွယ်။ ဒီညီမကလည်း သိတယ်မို့လား၊ ကိုရီးယားစတိုင်နဲ့ တဖွဲ့တနွဲ့ပြောနေတော့။

"ဟေ့ကောင်ဘာခမဲလဲ"

"မင်းသိချင် ငါနဲ့လိုက်ခဲ့လေ"

ကျွန်တော် စားသောက်နေတာကိုလက်စသတ်ပြီး ဈေးထဲသွားဖို့လုပ်လိုက်တယ်။

အဲဒီအချိန်မှာပဲ သီရိအောင်ပြန်လာတယ်။

"ဟဲ့ကောင်မလေး ဘာမေ့ကျန်ခဲ့လို့လည်း"

"မေ့ကျန်တာမဟုတ်ဘူးလေးလေး၊ ဘွားလေးက လေးလေးဇော် သူနဲ့မတွေ့မှာစိုးလို့ ဒီနေ့ခမ္ဘောဒယကို ဘွားလေးကသွားမှာ၊ သမီးကိုဒါလေး လေးလေးပေးခိုင်းခဲ့တာ မေ့နေလို့"



www.burmeseclassic.com

www.burmeseclassic.com



သီရိအောင် ကျွန်တော့်ကိုဗူးသေးတစ်ဗူးပေးပြီး ကျောင်းပြန်ထွက်သွားတယ်။ ဗူးလေးကိုမြင်ထဲက ကျွန်တော်အမှတ်ရပြီးသား။ အိပ်မက်ထဲကဗူးလေး၊ ဗူးလေးထဲမှာ အိပ်မက်ထဲက လက်စွပ်လေး ရှိတယ်ဆိုတာ ကျွန်တော်သိတယ်။ ကြိုသိနေတယ်။

ဗူးလေးကိုဖွင့်ပြီး လက်စွပ်လေးကိုစွတ်ကြည့်တယ်။

ကွတ်တိပဲ။

ဘာ့ကြောင့် ကျွန်တော်ကိုတိုက်ဆိုင်မှုတွေက မိုးလိုရွာနေတာလဲ။

"ဟေ့ကောင် မင်းအမေက ဘာရည်ရွယ်ချက်နဲ့ လက်စွပ်လုံးပေးတာလဲ၊ ထူးထူးဆန်းဆန်း"

"ဘာမှလျှောက်တွေးမနေနဲ့၊ ယတြာနေမှာပေါ့"

"ဪ ဟုတ်ပြီ မဟုတ်မှာလွဲရော၊ ခန့်ကျော်စွာ အစီအရင်ဖြစ်ရမယ်"

"မင်း တောင်တော်လာပြီ၊ ဆရာခန့်ကျော်စွာကလွဲပြီး ဘယ်သူဖြစ်နိုင်မှာလဲ"

"ဆရာလေးခန့်ကျော်စွာဆီသွားပြီး မေမေဘာတွေ မေးသလဲဆိုတာ မေးကြည့်ရဦးမယ်"

"ကိုသက် အဲ့ဒီကောင်နဲ့တွေ့ဖို့ လွယ်တယ်မှတ်လား -- ပရိသတ်တွေကို ဟောပြောအားကြီးလို့ တစ်ခါတလေ ထမင်းတောင် လွတ်တယ်လို့ကြားတယ်"

"သွားကြရအောင်- လာ"

"ဘယ်ကိုလဲကွ"

"ဈေးထဲကို"

"ဘာလုပ်မှာလဲကွ"

"သီချင်လိုက်ခဲ့ သီရိအောင်ပြောတဲ့ ခမဲလေကွာ"





သူမဆိုင်ရှေ့ကိုရောက်တော့ သူမက ဈေးခြင်းတောင်းဆွဲပြီး ဈေးဝယ်လား၊ ပြန်ဖို့လားလုပ်နေပြီ။ ကျွန်တော့်ကိုမြင်မှ ပြုံးပြပြီး

"ဒီနေ့ဈေးလာဝယ်တာ နောက်ကျနေပါလား"

"ဟုတ်တယ် ကျွန်တော်သူငယ်ချင်းတစ်ယောက် ရောက်လာလို့ နောက်ကျသွားတာ"

"ဪ"

သူမက ဪဆိုပြီး ဇော်ဇော့်ကိုကြည့်တယ်။ ကျွန်တော့်အတွေးထဲမှာတော့ ကျွန်တော်နဲ့စကားပြောတာ အကြီးလား၊ အငယ်လားဆိုတာ စဉ်းစားမရဘူး။ ဘာလို့လဲဆိုတော့ နှစ်ယောက်စလုံး အဝါရောင်ဝမ်းဆက် ဆင်တူဝတ်ထားတာ။

ဒါပေမဲ့ ကျွန်တော်ဘာလုပ်ရမှန်းမသိဖြစ်နေပြီး ဆိုင်ပေါ်က တစ်ယောက်ကိုလည်း လှမ်းကြည့်လိုက်တယ်။

နှစ်ယောက်စလုံးက ခွဲမရအောင်ကိုတူလည်းတူတဲ့ အမွှာတွေပဲ။

ဈေးဝယ်မဲ့တစ်ယောက်က ဇော်ဇော်ကိုပြုံးပြပြီး

"ဒီကအစ်ကိုနဲ့ ကိုဇော်နဲ့က သူငယ်ချင်းတွေလား"

ဇော်ဇော်ကအလျှင်အမြန်ခေါင်းငြိမ့်လိုက်ပြီး

"ဟုတ်တယ်ဟ၊ ဒါနဲ့ဟိုကောင်ကြီး မြင့်မိုးလတ်နဲ့တွေ့သေးသား"

"နှင်းရည်နဲ့တွေ့ပါတယ်"

ဟုတ်ပြီ ဇော်ဇော်နဲ့စကားပြောနေတာ အငယ်မဖြစ်လောက်မည်။ ဘာလို့လဲဆိုတော့ အငယ်မရည်းစားမြင့်မိုးလတ်က ဇော်ဇော်



www.burmeseclassic.com

www.burmeseclassic.com

နဲ့ သူငယ်ချင်းဖြစ်ပုံရတယ်။ ဒါကြောင့် ဆိုင်ပေါ်မှာရှိနေတာ ကျွန်တော့်ရဲ့စမ်းရည်။

သေချာသွားပြီဆိုမှ ကျွန်တော်သူမကိုရဲရဲကြည့်ရဲတယ်။

သူမက ကျွန်တော့်ကိုပြုံးပြတယ်။

အဝါရောင်ဝတ်စုံတူပေမဲ့ သူမတို့ညီအစ်မ မတူတဲ့ ဟာတွေကိုကြည့်ပြီး ကျွန်တော်မှတ်သားလိုက်တယ်။

နှာရီနဲ့ခေါင်းစည်းကြိုး။

အရင်ရက်တွေလိုပဲ ကျွန်တော် လျှောက်ဝယ်နေတယ်။

ပြီးတော့ သူမကိုအပြုံးနဲ့နှုတ်ဆက်ပြီး ပြန်လာတယ်။ ထုံးစံအတိုင်း မဒွေးဆိုင်ဝယ်လာတာတွေပြန်သွင်းပြီး အိမ်ပြန်လာတာပေါ့။

ဖော်ဖော်က-

“ဟော့ကောင်ကိုသက် အဲ့ဒီအမွှာထဲကတစ်ယောက်ကို မင်းကြောင်နေတာမဟုတ်လား၊ သီရိအောင်ပြောတာ သဘောပေါက်သွားပြီး၊ အမွှာထဲက တစ်ယောက်က မင်းခမဲမဟုတ်လား”

ကျွန်တော်ခေါင်းငြိမ့်လိုက်တယ်။

“အငယ်မ ပန်းဒြာနှင်းရည်ဆိုတာ ငါ့သူငယ်ချင်း ကျောင်းဆရာတစ်ယောက်နဲ့ကြိုက်နေတာ မှားမယ်နော်”

“ငါ သိပါတယ်ကွ၊ ငါကအကြီးကိုကြိုက်တာပါ၊ ငါ ကြိုက်နေတဲ့သူ ပန်းဒြာစမ်းရည်ကွ”

“အေးပါ ဒါဆိုလည်းပြီးရော၊ လက်ဖက်ရည်ဆိုင်သွားမယ်”

“မပြီးသေးဘူးကွ၊ နေပါဦး၊ ငါဒီနေ့ လိုက်ပြောမလို့ကွ”

“ဘာ”

“မဘာနဲ့၊ အိမ်ထဲကစောင့်နေ ငါဒီနေ့တော့ ဖွင့်ပြောမှဖြစ်မယ်ကွ”





“အေးပါပြီးရော စောင့်နေမယ်၊ ဒီနေ့တော့ ငါ လက်ဖက်ရည်သောက်ရချည်ရဲ့”

“သောက်ရမှာပါကွာ၊ မင်းကလည်း သတင်းကြည့်မှာလား ငါ CNN ဖမ်းပေးမယ်”

“အေးကောင်းသားပဲ”

မေမေဈေးကပြန်ရောက်နေပြီ။

“သား မင်းလက်စွပ်ပေးသွားလား”

“ပေးသွားတယ်”

“အဲဒါဆိုဟုတ်ပြီ၊ အဲ နဝင်း နင့်အစ်ကိုကြီးကို လက်စွပ်တစ်ဘူးပေးလိုက်”

ဖော်ဖော်ပါ ကြောင်သွားတယ်။

“ဟာမေမေက စောစောက ပေးပြီးပြီပဲ”

“မဟုတ်ဘူးသား၊ မေမေကျန်းမာရေးကောင်းဖို့ လက်စွပ်နစ်ကွင်းကို သောကြာသားသမီးအရင်ပေးပြီးရင် စနေသားသမီးကိုပေးလို့ ခန့်ကျော်စွာကမှာထားတယ်၊ ဖွင့်ပြီးဝတ်ထားလိုက်၊ ပုံစံတူပဲ”

“မေမေကခက်ပြီ”

“ဟားဟား ကိုသက်တော့ ခန့်ကျော်စွာက ကောင်းကောင်းထုနေပြီ”

ဖော်ဖော်က TV ရှေ့မှာ CNN ကြည့်ရင်းပြောတယ်။ မေမေကတော့

“ဟဲ့ သိသိ၊ ငါနဲ့ခမ္မောဒယလိုက်ခဲ့ဦး၊ ခမ္မောဒယဘုရားမှာ ပန်းကပ်ရမှာ၊ ဩော် တော်သေးလို့ မေ့တော့မလို့၊ စားပွဲပေါ်မှာ နှင်းသာရောင်ရှပ်အင်္ကျီနဲ့ ကချင်လုံချည်၊ ဒီနေ့ဖို့တော့ မဟုတ်ဘူး၊ သား မွေးနေ့ကြမှဝတ်ပြီး ဘုရားသွားရမှာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်ဆရာလေးခန့်ကျော်စွာ ယတြာပဲမို့လား"

"အေးလေ မင်းသူငယ်ချင်းအစီအမံပဲ"

ဖော်ဖော်ကတော့ တဟားဟားနဲ့ရယ်တယ်။

မေမေက ပြောပြောဆိုဆိုနဲ့ သီသီကိုခေါ်ပြီး ဧည့်ခန်းထဲကို ထွက်သွားပါတော့တယ်။

ကျွန်တော်က ချစ်သူကိုစောင့်လို့ အိမ်ရှေ့ထွက်လိုက်တယ်။

အိပ်မက်ထဲကအတိုင်းပါလားလို့တော့ စဉ်းစားမိပါရဲ့။

ကျွန်

တော်

အိမ်ရှေ့

ဘက်ကိုထွက်လာခဲ့တယ်။

ဖော်ဖော်ကတော့ TV ရှေ့မှာ CNN သတင်းနားထောင်ရင်းငြိမ်နေပြီ။ ဒီနေ့အိမ်ရှေ့ကထွက်စောင့်လို့တော့ မကောင်းဘူး။ အကြီးလား အငယ်လားဆိုတာလည်း သေချာအောင်ကြည့်ရဦးမယ်။

နာရီနဲ့ခေါင်းစည်းကြိုးက သူမတို့အမွှာညီအစ်မရဲ့ ကွဲလွဲမှုမို့လား။ ကျွန်တော်ခြံအပြင်ကို မထွက်သေးပဲလမ်းကို ကြည့်နေတယ်။ သူမအလာကို လှမ်းမြင်ရအောင်။

ကျွန်တော်သိပ်မစောင့်လိုက်ရ။

သူမအရိပ်ကို ကျွန်တော်လှမ်းမြင်ရတယ်။

တလမ်းလုံး အဝါရောင်မင်းသမီးလေးရဲ့ ကိုယ်ရှိန်ကိုယ်ဝါတွေ လင်းနေသလိုပဲ။

သူမအရိပ်တွေက ကျွန်တော့်ကိုဖမ်းစားညှို့ယူသွားတယ်။

ကျွန်တော် သတ္တိကို မွေးမြူလိုက်တယ်။ သတ္တိမွေးမြူရေးအောင်မြင်သွားတယ်လားမသိဘူး၊ ကျွန်တော်သူမနဲ့ စကားပြောဖို့ ခြံပြင်ရောက်နေပြီ။ တကယ်ဆို ကျွန်တော်မပြောရဲဘူး။ ဒါပေမဲ့ အချစ်ကို လက်လွှတ်မဆုံးရှုံးချင်တဲ့စိတ်ကြောင့် ငုံနေတဲ့အင်အားတွေ ကျွန်တော့်ကို တိုက်စစ်ဖြည့်ပေးတယ်။

ကျွန်တော်နဲ့သူမမျက်လုံးချင်းဆုံသွားတယ်။

မျက်လုံးချင်းဆုံတာကို အခွင့်ကောင်းယူပြီး ကျွန်တော်ပြုံးပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ သူမကလည်း ကျွန်တော့်ကို ပြုံးတုံ့လှယ်လို့။

ကျွန်တော့်နှုတ်က မရဲတရဲဘာဝယ်မလဲလို့တော့ မဟုတ်၊ ဈေးကပြန်လာပြီလားဆိုတဲ့ ချိုသာသောစကားကိုဆိုဖို့ အားယူလိုက်တယ်။ သူမခြေလှမ်းတွေက ပုံမှန်အတိုင်းပဲ။ ကျွန်တော်ကသာ ပုံမှန်မဟုတ်ဘဲ ဖြစ်နေတာ။

ကျွန်တော့်ရင်ထဲမှာ ကမ်းတွေဘယ်လောက် ပြိုနေပြီလဲ၊ မှုတော့ပျက်နေသည်။

“ဈေး. . . ဈေးကပြန်လာတာလား”

သူမ ကျွန်တော့ကို မရဲတရဲလှမ်းကြည့်ပြီး ခေါင်းငြိမ့်ပြတယ်။

“သူက. . .

ကျွန်တော်နာရီနဲ့ခေါင်းစည်းကြိုးကိုကြည့်ပြီး

“ဟို- သူက ပန်ဒြာစမ်းရည်နော်”

ကျွန်တော်ကိုခေါင်းငြိမ့်ပြတယ်။ ကျွန်တော် သူမ နောက်ကရှိုရှို့လေးလိုက်သွားတယ်။

“အိမ်က တော်တော်ဝေးလား”

တတိယအကြိမ် ခေါင်းငြိမ့်ပြပြန်ပြီ။ လမ်းချိုးလေးကိုကွေ့တော့ ကျွန်တော်စိတ်ထဲမှာ သိတဲ့သူတွေနဲ့ မတွေ့ပါစေနဲ့လို့ဆုတောင်းမိတယ်။

“ဟို ကျွန်တော်စကားနည်းနည်းလောက်ပြောလို့ရမလား”

သူမ ကျွန်တော့်စကားကိုနားထောင်ရင်း ရပ်နေတယ်။ ကျွန်တော်ပါလိုက်ရပ်နေရတာပေါ့။ ကျွန်တော်တို့နှစ်ယောက် ရပ်နေတဲ့နေရာမှာ စက္ကူပန်းပင်ကြီးရှိတယ်။ ကစ္စီးပင်ကို နွယ်တက်နေတာ။ တစ်ပင်လုံး မရမ်းစေ့ရောင်စက္ကူပွင့် တွေဝေနေသလို ကျွန်တော်တို့နှစ်ယောက်ရပ်နေတဲ့ မြေပြင်မှာလည်း စက္ကူပန်း





တွေကြွေထားတာ၊ မရမ်းစေ့ရောင် ကော်ဇောတစ်ချပ် ခင်းထားသလိုပဲ။

ချစ်သူဆီမှာ အိပ်မက်ထဲကကိုယ်သင်းရနံ့တွေ ကျွန်တော်ရနေတယ်။

“ကျွန်တော် မပန်ဒြာစမ်းရည်ကိုချစ်တယ်”

ကျွန်တော့်စကားကို သူမကကြားတော့ တုန်လှုပ်မသွားဘူး၊ ကြိုတင်ပြီး ဒီလိုအခြေအနေမျိုးအထိဖြစ်လာမယ်လို့ မျှော်လင့်ထားပုံရတယ်။

“ကျွန်တော့်ကို ဘာစကားမှမပြောတော့ဘူးလား၊ ဒီစကားတွေက ကျွန်တော်ရင်ထဲအသဲနှလုံးထဲကလာတဲ့ စကားတွေပါ”

သူမပြုံးတယ်။

“မပန်ဒြာစမ်းရည် ဘာကိုပြုံးတာလဲ၊ ကျွန်တော့်ကို မယုံဘူးလား၊ ကျွန်တော်ဖွဲ့ဖွဲ့နွဲ့နွဲ့တော့ မပြောတတ်ဘူး၊ ကျွန်တော်အချစ်ကိုလက်ခံလား၊ လက်မခံလားဆိုတာသိချင်ပါတယ်၊ အကယ်၍များ လက်ခံခဲ့ရင် ကျွန်တော့်ကို လက်ထပ်ခွင့်ပြုပါ၊ ခင်ဗျားရဲ့အချစ်ကိုမရရင် ကျွန်တော်သေမှာပဲ”

သူမက ထပ်ပြုံးပြန်တယ်။ ကျွန်တော်မနေတတ်တော့

“ကျွန်တော့်ကိုစကားတစ်ခွန်းလောက်တောင် ပြန်မပြောတော့ဘူးလား”

“ကျွန်မက ကို. . .”

“ကျွန်တော့်နာမည် သက်နိုင်ထွန်းပါ၊ အားလုံးကတော့ ကိုသက်လို့ ခေါ်ပါတယ်”

“ကိုသက်နိုင်ထွန်း”

“ကိုသက်လို့ခေါ်ပါရပါတယ်”

“ကိုသက် နာမည်တောင် ကျွန်မကအခုမှသိတာ၊ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်အကြောင်းဘာမှမသိပဲနဲ့ ဘယ်လိုတုံ့ပြန် ရမှာလဲ၊ ကျွန်မက မိန်းကလေးပါ"

သူမပြောမှ ဟုတ်တော့ဟုတ်တယ်။ ကျွန်တော်ကလည်း ဖြစ်ချင်တာတွေကို လွှတ်လုပ်နေတာ။

"ဒါဆိုကျွန်တော့်ကို စဉ်းစားပေးမယ်ပေါ့"

သူမခေါင်းငြိမ့်ပြပြန်တယ်။

"ဟိုလေ"

ဘာလဲဆိုတဲ့အကြည့်နဲ့ ကျွန်တော့်ကိုကြည့်တယ်။

"ဘယ်လိုမှတော့မထင်ပါနဲ့၊ ကျွန်တော့်ကို မြန်မြန်လေးတော့ စဉ်းစားပေးပါ။ ဟိုသူ့ကိုစိုးရိမ်လို့"

"ရှင်"

"ဟုတ်တယ်လေ၊ သူတို့ညီအစ်မက အငယ်ဖြစ်ရင် အကြီးပါ လိုက်ဖြစ်တယ်ဆိုတော့ အငယ်က အိမ်ထောင်ကျသွားရင် ကျွန်တော် စိုးရိမ်လို့ပါ"

ကျွန်တော့်စကားကို သဘောပေါက်သွားပြီး ဂွက်ဝင်ဆန် ဆန်ပြုံးတယ်။

"ကိုသက်က နောက်တတ်သားပဲ"

"နောက်တာမဟုတ်ပါဘူး၊ ရင်ထဲကစိုးရိမ်တဲ့ သဘောကပါ"

"ကျွန်မကို့ညီအစ်မ႒ာ မတူတာတွေ အများကြီးရှိသလို ဆက်နွယ်မှုအရ ဖြစ်တဲ့ကိစ္စတွေက အကြောင်းအရာတိုင်း မဟုတ် ပါဘူး။ ရှာရှာဖွေဖွေစဉ်းစားပြီး စိုးရိမ်ပေးတဲ့အတွက် ကျေးဇူးတင် ပါတယ်"

သူမက ကျွန်တော့်ကို ခပ်သာသာလေးပို့သွားတယ်။

"ကျွန်ုတော်. . ."

"မလောပါနဲ့ရှင်၊ ကျွန်မသွားတော့မယ်၊ တော်ကြာ သိတဲ့သူ





တွေမြင်ရင် မကြိုးမငယ်နဲ့လို့ အပြောခံရဦးမယ်"

သူမ ထွက်သွားတာကိုငေးကြည့်ပြီး ကျွန်တော် ရပ်နေမိ တယ်။ စက္ကူပွင့်တွေကကြွေလို့။

သူမ ခြေလှမ်းသုံးလေးလှမ်းလောက် လှမ်းပြီးသောအခါ သူမက ကျွန်တော့်ဘက်ကိုလှည့်၍

"ကိုသက် ကျွန်မတို့ဆိုင်ကို ဈေးလာဝယ်တာတော့ ဘာမှ မပြောချင်ပါဘူး၊ အရှုံးခံပြီး မငွေးဆိုင်ကိုပြန်သွင်းတာတော့ ကိုသက် အတွက်နစ်နာပါတယ်"

သူမထိုကဲ့သို့ပြောပြီးထွက်သွားတယ်။

သေဟဲ့လို့ ကျွန်တော့်ကိုယ်ကျွန်တော် နဖူးတောင် ရိုက်မိ တယ်။

ကျွန်တော်က ပိရိလှတယ်ထင်တာ သူမက တော်တော်လေး ကြိုသိပြီးသား။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နဲ့စကားပြောတာအကြီးလား၊ အငယ်လားဆိုတာ
စဉ်းစားမရဘူး။ ဘာလို့လဲဆိုတော့နှစ်ယောက်စလုံး
အဝါရောင်ဝမ်းဆက်ဆင်တူဝတ်ထားတာ။

ဘာ

အိပ်

မက်

မှမမက်ပဲ အိပ်မောကျပြီး မနက်မိုးလင်းမှ ဘာရေးနိုးလာတော့ ကျွန်တော့်အတွက်ထူးဆန်းတယ်။

ဒီနေ့နဲ့ဆို အိပ်မက်မမက်ပဲ မိုးလင်းမှနိုးတာ တစ်လပင်ပြည့်သွားပြီ။ ဈေးဝယ်လဲမသွားရဲ၊ လိုက်ပြောဖို့ကြတော့ ကျွန်တော်က နှိုးနေတယ်။ သူကကျွန်တော်လှုပ်ရှားမှုတွေကိုသိနေတာ။ ဘယ်လိုလုပ်သိနေလဲဆိုတာ စုံစမ်းစရာမလိုဘူး မေလွင်စိုးကို မေးကြည့်တော့မှ ဒါရိုက်တာမေလွင်စိုးရဲ့ ဇာတ်ပို့တွေလေ။

ရှေ့ရက်တွေကမျက်နှာပူနေလို့ မနက်စောစောထဲက ခြံထဲသွားနေတာ၊ ညနေကြမှ မြို့သစ်အိမ်ပြန်ရောက်တယ်။

ခြံထဲမှာလည်းအလုပ်ကနည်းနည်းပူလာပြီ။

ကွမ်းသီးပင်တွေ စိုက်နေသည်။ သရက်နဲ့ဇီးလည်း ချနေတယ်။ မိုးရွာရင် ကွက်တိဖြစ်အောင်လုပ်နေရတာ။ ချစ်သူကိုတော့ ခက်ရတာပေါ့။ ကျွန်တော်က ရှက်လည်းရှက်သွားတယ်။ ခိုးစားတာ မိသလိုဖြစ်သွားတာကို။

ဒီနေ့တော့ သူမကိုဈေးထဲသွားပြီး ရှုံးဖို့မနက်တည်းက စီစဉ်ထားတာ၊ ခြံထဲဖို့ဒီနေ့ဈေးဝယ်ရမှာ။ ခိုင်သစ်မိန်းမ မိုးမိုးက မနေ့ညနေ်းက ဝယ်ဖို့အတွက်လိုတာတွေကို စာရင်းရေးပြီးပေးထားတယ်၊

အိမ်အောက်ထပ်ကိုရောက်တော့ မေမေက

"သားရေ မေမေ မညွှန့်နဲ့ဟိုဘက်ကမ်းကိုသွားမလို့"



www.burmeseclassic.com

www.burmeseclassic.com

“ဘယ်တော့လဲ”

“အခုပဲ”

“ဟင် ချက်ချင်းကြီးပါလား ဘာကိစ္စလဲ မေမေ’

“လပြည့်နေ့အလှူလုပ်ဖို့ ဘုန်းကြီးသွားလျှောက်မှာ”

ထိုစဉ်မှာပဲမေမေကို ခေါင်းရင်းအိမ်က လှမ်းခေါ်သော ကြောင့် သွားမယ်ဆိုပြီး ထွက်သွားတယ်။

မေလွင်စိုးနဲ့သီရိအောင် ကျောင်းပိတ်ရက်မို့ အိမ်မှာရှိနေ တယ်။

မေလွင်စိုးက

“ကိုကြီး ဒီနေ့ခြံထဲမသွားဘူးလား”

“သွားမှာ ဈေးမှာလိုက်လို့ ငါ့ကိုဝယ်ပေးဦး”

သီရိအောင်က

“လေးလေး ဟာလေးလေးသွားဝယ်ပေါ့”

“ငါမျက်နှာပူလို့ဟ”

ကျွန်တော်မျက်နှာပူတဲ့ကိစ္စ သူတို့နှစ်ယောက်စလုံး သိ တယ်။

“သမီးကို မနေ့ကတောင်မေးသေးတယ်”

“ဟေ့ ဘယ်လိုမေးလဲ”

“ညည်းတို့ ဦးလေးခြံထဲပြန်သွားပလားတဲ့”

“အေး ဟော. . ပြီးတော့ ဘာထပ်ပြောသေးလဲ”

“လေးလေး ကွန်ပြူတာနဲ့အင်တာနက်ချိတ်ဖို့”

“လုပ်ပေးမယ်ဟာ၊ ငါ့ကိုဘာတွေမေးသေးလဲ”

“လေးလေးကို အဲ့ဒီအန်တီလေးက သမီးထင်တာ [illegible] ရရင်. . .”

သီရိအောင်က စကားကိုဆက်မပြောဘဲ ရပ်ထားတယ်။





“သမီး ဆက်ပြောပါဟ”

“မမြင်တာကြာလို့သတိရနေသလိုပဲ”

“ဟုတ်တယ် ကိုကြီး”

“ဘာ ဟုတ်တယ် ကိုကြီးလဲ၊ နင်မွှေထားတာလေ၊ ငါ့ မျက်နှာပူသလို ဘယ်လောက် ရှက်ဖို့ကောင်းသလဲ”

သီရိအောင်နဲ့မေလွင်စိုးက တဟဲဟဲနဲ့ရယ်တယ်။

“ကိုသက်ရေ. . .”

“ဟာ. . အောက်စီဂျင်တွေလာပြီ၊ လေးလေးဈေးကိုသာ အဲ့ဒီအောက်စီဂျင် နတ်တွေပင့်သွားတော့”

အောင်မျိုးဝင်းနဲ့ပြည့်ဖြိုးဇော်။

“တောပုန်းလုပ်နေတာလား”

“စတေးရှောင်နေတာပါကွာ”

နှစ်ကောင်သား ကျွန်တော်ကိုနောက်နေတယ်။ ပြည့်ဖြိုး ဇော်က

“ကိုသက်၊ စစ်ဆင်ရေးက ကျည်မကုန်ပဲဘာလို့ ရပ်သွား တာလဲ၊ အခြေအနေကကောင်းနေပြီ၊ မနေ့ညက ဘောလုံးပွဲကြည့် ရင်း မြင့်မိုးလတ်နဲ့တွေ့တယ်၊ ကိုသက် အကြောင်းမေးတယ်”

“ဘာမေးတာလဲကွ”

“သူ့ခယ်မကို ကိုသက် ‘ပရပိုစ်’ လုပ်ထားတာ သူ့ Lady ပြောလို့သိတာတဲ့။ အဲ့ဒါကြောင့် မေးကြည့်တာလို့ပြောတယ်။ သူက ကိုသက်ကိုသိတယ်။ သူက ကိုသက်တို့သူငယ်ချင်း ကိုမင်းမင်းထွန်း ရဲ့ ညီအစ်ကိုတော်တယ်လို့ ပြောတယ်”

“ဟေ. . . ဟုတ်လား”

“ကိုဖြိုး ပြောပုံအတိုင်းဆို အခြေအနေကောင်းနေပြီ”

ကျွန်တော်ရင်ထဲ ကြားရတဲ့စကားတွေက ပန်းတစ်ခင်းလုံး


www.burmeseclassic.com

www.burmeseclassic.com



ပြိုင်တူပွင့်ပြီး စပျစ်ခြံတစ်ဥယျာဉ်လုံးညွတ်နေအောင် သီးနေသလိုပဲ လာကွာဆိုပြီး ဟိုနှစ်ကောင်နဲ့ဈေးထဲကိုထွက်ခဲ့တယ်။

သူမဆိုင်ကိုပေါ့။

ဆိုင်မှာနှစ်ယောက်စလုံးရှိနေတယ်။ ဘယ်သူအကြီး ဘယ်သူအငယ်လဲလို့ ခွဲမရ။ ပိတောက်ခြောက်ရောင် ပါတိတ်ဝမ်းဆက်တွေနဲ့။ ခေါင်းခရမ်းကြိုးကအစ အတူတူ။ နာရီကို ကြည့်တော့လည်း ဒီနေ့ဘယ်သူမှ နာရီမပတ်။

ကျွန်တော့်ကို ရောင်းသူဝယ်သူအသံတူဆိုသလို ပြုံးပြကြတယ်။ ကျွန်တော်ကလည်း ပြန်ပြုံးပြပြီး ခိုင်သစ်မိန်းမ မိုးမိုးရေးပေးတဲ့ စာရွက်လေးကိုပေးလိုက်တယ်။ စာရွက်ကို ကြည့်ပြီး အကုန်လုံး မကျန်အောင်ထည့်ပေးတယ်။ သူတို့ဆိုင်မှာမရှိတာကို တခြားဆိုင်က ယူပေးတယ်။

ကျွန်တော်ပိုက်ဆံရှင်းတော့ နှစ်ယောက်ထဲက တစ်ယောက်က. . . .

“အလှူလုပ်မလို့လား”

ဘယ်လိုသဘောနဲ့ ပြောတာလဲတော့မသိဘူး။

“ခြံထဲအတွက်ဝယ်တာပါ၊ ပြန်ရောင်းဖို့မဟုတ်ပါဘူး”

ကျွန်တော့်စိတ်ထဲဘယ်လိုဖြစ်သွားလဲမသိဘူး။ ပြောချင် စိတ်ရှိတာနဲ့ ပြောလိုက်တာ။ အလှူလုပ်မလို့လားလို့ မယုံမကြည် ပြောတယ်လို့ စိတ်ထဲထင်သွားတာလည်းပါလိမ့်မယ်။ ပြောပြီး ရှေ ခြင်းယူပြီးပြန်လာခဲ့တယ်။ အောင်မျိုးဝင်းနဲ့ ပြည့်ဖြိုးဇော် ကျွန်တော် ဘာဖြစ်သွားလဲဆိုတာ မသိလိုက်ဘူး။ သေချာ ကျွန်တော့်ကိုရွဲ့မေးတာလို့ ကျွန်တော်ထင်လို့ပြောခဲ့တာပဲ။

အိမ်ပြန်ရောက်တော့ စိတ်ထဲခုနေတယ်။

ဟိုနှစ်ကောင်က ခြံထဲလိုက်မလို့တဲ့။ ကျွန်တော်ဝယ်





တာတွေကို ဒီကောင်တွေနဲ့ခြံထဲကို အရင်လွှတ်ပြီး ပို့ခိုင်းလိုက်တယ်။

ဒီကောင်တွေထွက်သွားပြီး သိပ်မကြာဘူး၊ သူမ လာပါပြီ. . .

ကျွန်တော် သူမကို နှုတ်ဆက်လိုက်တယ်။ သူမကလည်း ကျွန်တော့်ကို ပြုံးပြတယ်။

“ကျွန်တော် စကားနည်းနည်းပြောချင်လို့”

“ရှင်”

“ခင်ဗျား ပန်ဒွာစမ်းရည်မို့လား”

“မဟုတ်ဖူး ကျွန်မကအငယ်”

“ဗျာ”

“ဟို ဘာကိစ္စရှိလို့လဲ”

“ဟို ဘာမှမဟုတ်ဘူး”

ထိုသို့ပြောပြီး ဘာလုပ်ရမှန်းမသိတော့။

သူမက ပြုံးပြပြီး ထွက်သွားတော့တယ်။

ဘာ့ကြောင့်မှန်းမသိ၊ ရှက်ကိုးရှက်ကန်းနဲ့ ကျွန်တော်ရဲ့ စိတ်ထဲက တင်ထားတဲ့ဒေါသတွေ ကားဘီးလေလျှော့သလို ရှုးခနဲ မြည်ပြီး ထွက်သွားလားမသိ။

အမွှာညီအစ်မနှစ်ယောက် တော်တော် တူနေတာကိုပဲ ဒေါသက ချဉ်းကပ်သွားတော့တယ်။

သူ့အဖေနဲ့အမေက ဘာ့ကြောင့် အဲ့ဒီလောက်တူအောင် မွေးရပါလိမ့်လို့ အပြစ်တင်မိတယ်။ အဖြေတောင်းဖို့တောင် မလွယ် ကြောပါလား။

အိပ်မက်၉



www.burmeseclassic.com

www.burmeseclassic.com

သူ့အဖေနဲ့အမေက
ဘာ့ကြောင့်အဲ့ဒီလောက်တူအောင်
မွေးရပါလိမ့်လို့
အပြစ်တင်မိတယ်။
အဖြေတောင်းဖို့တောင်မလွယ်ကြောပါလား။

# အိပ်မက်အပိုင်းခွဲ (၉)

နှင်း

မှုံ

တွေက

ပိတ်ပိတ်မှောင်နေ၏။

သူသစ်ပင်တစ်ပင်အောက်တွင် တစ်ယောက်ထဲထိုင်နေသည်။ သစ်ပင်ကြီးက အလွန်ကြီးမားသော ပိတောက်ပင်ကြီး။ ပိတောက်ရွက်ခြောက်တွေ သူ့ဘေးဝန်းကျင်၌ နှင်းဖြင့်စိုနေ၏။

သူ ဘာ့ကြောင့် ဒီမှာတစ်ယောက်တည်း ထိုင်နေမိတာပါလိမ့်။

တစ်ယောမတီးတတ်ဘဲ တယောတီးချင်စိတ် ပေါက်နေသည်။ အိုင်စတိုင်းဆိုသောလူကြီး တယောတီးကောင်းသည်ဟု ကြားဖူးသည်။ သူဖတ်ဖူးတဲ့ဝတ္ထုတစ်ပုဒ်ထဲကလို သူ့ဆီလာပြီး တီးပြလျှင်ကောင်းမည်။

ဒါပေမဲ့သူက ဝတ္ထုထဲကဇာတ်ကောင်မဟုတ်။

သူဆာနေတာလည်း ဂီတမဟုတ်။ ဂီတမဟုတ်လျှင် သူဆာလောင်နေတာ ဘာလဲ. . .။

အထီးကျန်မှုလား။ ဒါမှမဟုတ် အထီးကျန်မှုရဲ့ ဆန့်ကျင်ဘက်လား။ နှင်းတွေကဘာအငြိုးနဲ့ ပိတ်ပိတ်မှောင်နေတာပါလိမ့်။ နှင်းဟာခရမ်းနုဆီ နည်းနည်းဖက်နေတယ်။ ပန်းချီဆရာတစ်ယောက်ဆို ဒီရှုခင်းကို ကင်းဘတ်ပေါ် ဆွဲတင်ပစ်မှာ။ သူက ပန်းချီဆရာတစ်ယောက်တော့မဟုတ်။

သူငယ်ငယ်က ပန်းချီဆရာဖြစ်ချင်သေးတယ်။ သူ့ အစွမ်းအစကြိုးစားကြည့်သေးတယ်။ လက်ရေးတောင်လှအောင် မရေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



တာ ဘယ်လိုမှပန်းချီဆရာမဖြစ်နိုင်ဆိုတာ သိထဲကစွန့်လွှတ်ခဲ့၏။

ဒါလဲကောင်းပါသည်။

နို့မို့ဆို သူရှုးသွပ်မှုကိုသူထိန်းနိုင်မည်မဟုတ်။

စာတွေကဗျာတွေ ရေးဖို့ကြတော့ သူစိတ်ကူးမယဉ်ရဲ။ ဒါပေမဲ့ သူကအလျှော့မပေးဘဲ အနုပညာကို ခံစားတတ်အောင် ကြိုးစားခဲ့သည်။

ဒါကြောင့် သူအခု စာကောင်းပေကောင်းတွေ ဖတ်ကျင့်ရှိလာသလို ကိုယ်တိုင်မဖန်တီးနိုင်သော်လည်း သူများဖန်တီးထားတာကို ခံစားတတ်လာသည်။

နှင်းတွေ အရင်ထက်ပိုသည်းနေသည်ဟု ထင်ရ၏။

သူသတိတစ်ခုဝင်လာသည်။ သူ သူ့ချစ်သူကိုစောင့်နေတာလား။ ဟုတ်ချင်ဟုတ်မှာ။ သူ့စိတ်ထဲ သူ့မှာချစ်သူရှိနေလားဆိုတာ မဝေခွဲတတ်ခဲ့။ ထိုသို့ ဒွိဟဖြစ်နေစဉ်တွင် ခြေသံ၊ သစ်ရွက်ခြောက်တွေကိုနင်းတဲ့ခြေသံတစ်ခု၊ နှင်းစိုနေသော သစ်ရွက်ခြောက်တွေဆီက အော်သံကအကျယ်ကြီးတော့ မဟုတ်၊ ဖြိုးဖြိုးဖျောက်ဖျောက် နှင်းကျသံလောက်ပင်။ သို့သော် တစ်ဦးတစ်ယောက် လျှောက်နင်းလာတာလို့တော့ သူသိနေသည်။

သူ့စိတ်ထင်ရာကျောဘက်သို့ သူလှည့်ကြည့်လိုက်သည်။

ဝိုးတဝါးမှ ပေါ်ပြင်လာသောခြေဖမိုးဖွေးဖွေး။ နှင်းတွေစိုလို့ သူခြေဖမိုးလေးကိုသာကြည့်နေသည်။

သူနဲ့သူနဲ့ အတော်နီးလာတဲ့အချိန်မှာ ခြေဖမိုးပေါ်က မှဲ့လေးကိုသူသတိထားမိလိုက်သည်။

သို့သော် ထိုမှဲ့လေး။ ခြေဖမိုးပေါ်က မှဲ့လေးမှာပင် သူ့အိပ်မက်လေး ကြယ်လိုကြွေသွားတော့သည်။





၉

မက်

မြစ်

တာကြာပြီဖြစ်တဲ့ အိပ်မက်တစ်ခုက ကျွန်တော့်ဆီ ပြန်ပြီး ခြေဦးလှည့်လာပြန်ပြီ။ အဲဒီအိပ်မက်လည်း စိတ်ကအတော် တိုလာတယ်။ စိတ်မရှည်ချင်တော့။ အိပ်မက်က ဂျူမုံကားထက်ပင် ရှည်နေပြီလား။ အပိုင်းဘယ်လောက်ရှိနေပြီလဲမသိ။

ချစ်သူနဲ့တင္ဓေ့ ငွေ့ကျွမ်းလောင်နေသော ဇာတ်လမ်းတော့ ဒီနေ့ ပြတ်ပြတ်သားသားမေးရတော့မည်။ ဘာကြောင့် မှန်းမသိဘူး၊ ကျွန်တော်သူ့ကို စက္ကူပင်အောက်က စောင့်နေတယ်။ စောင့်နေမိတယ်. . . .။

စက္ကူပန်းပင်နဲ့ကဗွီးပင်ရဲ့ပင်စည်ကိုမှီပြီး သူမ အလာကို စောင့်နေမိတယ်။

သူမလာနေပါပြီ။

ကျွန်တော်သူမကို ပြောမည့်စကားများရင်ထဲတွင် စီထားတာ သူမကို လမ်းရဲ့သယ်ဆောင်ရာအတိုင်း ကျွန်တော် စောင့်နေမိတယ်။

သူမ ကျွန်တော့်ဆီကို ဦးတည်ပြီးလာနေတာ ကျွန်တော် ဘာလို့သိနေရတာလဲ။

"အစ်ကို"

သူမက ကျွန်တော့်ကိုအစ်ကိုလို့ခေါ်တယ်။

"အစ်ကို့ကို မမကစာပေးလိုက်ပါတယ်၊ ရော့. . ."



www.burmeseclassic.com

www.burmeseclassic.com


သူမလို့ ကျွန်တော်ထင်တဲ့သူမက သူမ မဟုတ်တော့ပြန်ဘူး။ ကျွန်တော် လှမ်းပေးသောစာလေးကိုယူပြီး စာလာပေးသောသူမအားပြုံးပြမိတယ်။

"မင်းကအငယ်လား"

"ဟုတ်ကဲ့"

ကျွန်တော်ပြုံးချင်တယ်။ ဒါပေမဲ့ ဘယ်ကစပြုံးရမလဲဆိုတာ မသိဘူး။ ဒါပေမဲ့ ပြုံးဖြစ်အောင်တော့ ပြုံးလိုက်တယ်။

ကျွန်တော်ကို စာလာပေးတဲ့သူမက ပြန်လှည့်ဖို့ခြေလှမ်းတစ်လှမ်းကို လှမ်းရွေ့လိုက်တယ်။

ခြေဖမိုးမှာ မှဲ့ကလေး။ ကျွန်တော်ဒီသီချင်းကို အလွတ်ရပြီးသား။ အိပ်မက်သီချင်းပဲ။

"ပန်ဒြာစမ်းရည်၊ မင်းကိုယ်ကို အကဲခတ်လို့ မပြည့်စုံသေးဘူးလား"

"ရှင်"

ကျွန်တော်သူမလက်ကို လှမ်းဆွဲလိုက်သည်။ သူမက ပထားရုန်းတယ်။ ပါးစပ်ကလည်း

"ဟို ကိုသက် မှားနေပြီ၊ ကျွန်မက အငယ်ပါ"

ကျွန်တော်ရယ်လိုက်တယ်။

"မင်းကိုယ့်ကို မလိမ်ပါနဲ့ကွာ၊ မင်းကိုယ်တိုင်ရေးထားတဲ့စာကို မင်းကအမွှာညီအစ်မထဲက အငယ်ပါလို့ ဘာ့ကြောင့်လိမ်ချင်တာလဲကွာ"

"မဟုတ်ပါဘူး၊ ကျွန်မက တကယ်အငယ်ပါ၊ ကိုသက် မှားနေတာ"

"မမှားဘူး၊ မင်းခြေဖမိုးက မှဲ့လေးက ကိုယ့်ကို သက်သေပြနေတယ်"





"ရှင် ကျွန်မတို့ညီအစ်မပဲသိတဲ့ကိစ္စ ကိုသက် ဘယ်လိုလုပ်သိသလဲ"

"ဒီထက်သိတာ ရှိသေးတယ်"

ကျွန်တော်က အောင်နိုင်သူလိုပြုံးပြုံးကြီးနဲ့ လျှို့ဝှက်ချက်တွေ သိထားတဲ့လူတစ်ယောက် ပြောသလိုမျိုး။

"အဲ့ဒါကိုသိမှာစိုးလို့ မင်းက သဲကြိုးလေးနဲ့ အမြဲဖုံးထားတယ်မို့လား"

"ကိုသက်သိနေတယ်"

"ဟုတ်တယ်၊ ဒီထက်သိတာ တစ်ခုရှိသေးတယ်"

"လက်ကိုလွှတ်ပါ၊ သူများတွေ မြင်ကုန်ပါလိမ့်မယ်၊ နောက်ဘာထပ်သိတာလဲပြော. . . "

ကျွန်တော်က သူမလက်ကလေးကို လွှတ်လိုက်တယ်။ ပြီးတော့သူမမျက်စောင်းနုနုကို ရင်ဘတ်နဲ့ဘောလုံးသမား ဘောလုံးဖမ်းသလို ဆီးဖမ်းပြီး. . . .

"မင်းရဲ့ပါးမှာ ငွေရောင်မျှင်မျှင် အမွှေးလေးနှစ်ချောင်းရှိတယ်။ မွေးထဲက ပါတာဟုတ်ဟန်မတူဘူး၊ ငွေရောင်ချစ် မွှေးလေးနဲ့ မှဲ့နဲ့က မင်းမှာအသက်ကြီးမှ ရှိလာတာ၊ မင်းက အဲ့ဒီကိစ္စကို အမြဲလျှို့ဝှက်ထားတယ်"

"ကိုသက်ကို တောင်းပန်ပါတယ်၊ ကိုသက်အချစ်ကို လက်ခံချင်လို့မဟုတ်ပါဘူး အခြေအနေ. . . "

"နေဦး ကိုသက်အချစ်ကို လက်မခံချင်လို့မဟုတ်ဘူး ဆိုရင် လက်ခံချင်တယ်ပေါ့"

"အို"

ကျွန်တော် သူမလက်ကို ဆွဲကိုင်လိုက်ပြန်တယ်။

"ကိုယ့်ကို အဖြေပေးပြီလားဟင်"



www.burmeseclassic.com

"ဘယ်လိုဖြစ်နေတာလဲ၊ ဟိုမှာလူတွေကြည့်ကုန်လိမ့်မယ်"

"မကြည့်ပါဘူးကွ၊ ဒီလမ်းကိုမင်းလာမယ်သိလို့ ဟိုကောင်တွေ ကင်းချပြီးသား"

"ဘယ်သူတုန်း"

"ကိုယ့်ရဲ့ အိပ်မက်ချစ်သူ စစ်ဆင်ရေးထဲက အင်အားစုတွေပေါ့"

"ဒီစာလေးတွေဖတ်ဦး၊ မကြီးရေးထားတာ"

"ဖတ်စရာမလိုတော့ဘူး၊ အားလုံးကိုကိုယ်က သိပြီးသား နောက်မှဲ့နီလေးနှစ်လုံး ဘယ်နားမှာရှိနေလဲ ဆိုတာကအစ သိတယ်"

"ကိုသက်ကလည်းကွာ၊ ရှက်စရာကြီး ဘာတွေပြောမှန်းမသိဘူး"

သူမက နားနှစ်ဘက်ကိုလက်ဖြင့်အုပ်ထားတယ်။

"နှင်း ကိုယ့်ကိုချစ်လား"

"အံမယ် နေပါဦး ဒီကအငယ်၊ ပန်ဒြာနှင်းရည်ဆိုတာ ဘယ်လိုလုပ်သိလဲ၊ မမရေးတဲ့စာမဖတ်ရသေးပဲနဲ့"

"မင်းတို့အမွှာက သူငယ်ချင်းအရင်းဖြစ်တဲ့ လူရိုးမြင့်မိုးလတ်ကို လိမ်လို့လှည့်လို့ရမယ်၊ ကိုယ့်တော့မရဘူး၊ အစ်မကို ညီမလို့ ဟိုလူရိုးကြီးက သိနေတာ၊ နှင်းကိုချစ်လား မေးဦးလေကွာ"

သူမကျွန်တော့ကိုခေါင်းငြိမ့်ပြတယ်။

"ပါးစပ်ကပြော"

"အိုရှက်တယ်"

"အိပ်မက်ထဲမှာကြတော့ မရှက်ဘူးလား"

"ကိုကိုကလည်းကွာ ဘာတွေပြောမှန်းမသိဘူး၊ ချစ်ရှာတယ်"





ကျွန်တော်သူမကို သိုင်းဖက်လိုက်တယ်။

ဒီလောကထဲမှာ ကျွန်တော်တို့နှစ်ယောက်ပဲ ရှိနေတဲ့အတိုင်း၊ နှင်းတွေက ကန့်လန့်ကာလိုပိတ်ပိတ်မှောင်အောင် ကျလာတယ်၊

ချစ်သူကတော့ ကျွန်တော့်ရင်ခွင်ထဲမှာ နွေးနွေးလေး ကွန်းခိုလို့၊ အိပ်မက်ရဲ့သီချင်းသံကို ကျွန်တော်က မျက်နှာမြင်ရုံနဲ့ မှတ်မိနေတာ မဆန်းပါဘူး။ ချစ်သူကိုယ်သင်းရနံ့က ကျွန်တော့်ကို အဝတ်တစ်ထည်လို လွှမ်းခြုံထားပြီ။ ဒီနေ့ ကျွန်တော်ဝတ်ထားတဲ့ အင်္ကျီက နံ့သာရောင်ရှပ်အင်္ကျီနဲ့ ကချင်ပုဆိုးအပြာကွက်။ ချစ်သူက အဝါရောင်ဝမ်းဆက်နဲ့ တိုက်ဆိုင်မှုတွေလား။ ကျွန်တော်ကိုယ်တိုင် ဒါရိုက်တာလုပ် ဇာတ်ညွှန်းခွဲထားတာကို ကံကြမ္မာက လောကရုပ်ရှင်ထဲမှာ သရုပ်ဆောင်ခိုင်းတာလား။

ကျွန်တော်လက်မှစွပ်ထားတဲ့ လက်စွပ်လေး နှစ်ကွင်းထဲ၊ တစ်ကွင်းကိုချစ်သူလက်မှာ စွပ်ပေးလိုက်တယ်။ ချစ်သူက သူ့လက်ကလေးကိုဖြန့်၍ ကျွန်တော်စွပ်ပေးတဲ့ လက်စွပ်လေးကိုကြည့်ပြီး ကျွန်တော့်မျက်နှာကို မော့ကြည့်တယ်။

"ချစ် ကိုယ်တို့အမြန်ဆုံး လက်ထပ်ကြမယ်နော်"

ချစ်သူက ခေါင်းငြိမ့်ပြပြီး ကျွန်တော်ကိုပြုံးပြတယ်။

ကျွန်တော်ကိုအိပ်မက်က ခေါင်းစားပင်ပန်းစေပေမဲ့ ဒီအပြုံးတွေနဲ့ကျေနပ်ခဲ့တယ်။ အဲဒီလိုပဲ ဖွက်ထားတဲ့ ပဟေဠိကို အဖြေရှာပေးတာ အိပ်မက်ထဲကဆိုတာ ဘယ်သူသိမလဲ။

ကျွန်တော်ကတော့ မေမေကျန်းမာရေးကောင်းဖို့ မေမေအတွက် ခမဲလေးကို ကျွန်တော့်ရင်ခွင်ထဲ လွတ်ထွက်မသွားအောင် ဘုစ်ကျစ်ပါအောင် ဖက်ထားမိပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

မေးခွန်းကိုယ်တိုင်
အဖြေဆီမရောက်တဲ့အခါ
အဲ့ဒီမေးခွန်းဟာအိပ်မက်ထဲကအဖြေပဲ။

ခင်ဗျား

အိပ်မက်ကိုယုံလား။

ကျွန်တော်ကတော့

အခု............

အိပ်မက်ကိုယုံသွားပြီ။

မျက်နှာမြင်ရုံနဲ့အဲ့ဒီသီချင်းကို မှတ်မိဖို့ အလွှာ ကျက်ရုံနဲ့ သိဖို့မလွယ်ဘူး။

**တကယ်တော့ခင်ဗျားနှလုံးသားစစ်စစ်နဲ့ရင်ခုန်ခံစား တတ်မှသိမှာ။**

လေးစားစွာဖြင့်

**တိုးနောင်မိုး**
သျှိုဇွေ့ရာပမြို့

၄၉၈_တပေ

www.burmeseclassic.com